

MobileGuidE
Mobile Guide
Monday 9
Vol 3. Issue 7
17 June 2015
Information Techn
estyle
Journal
Galaxy S6 က
iPhone 6 ထက်
သာသည့်နေရာများ
18
Windows 10 ၏
နောက်ဆုံးသတင်းများ
31
Skype နဲ့
Viber ဘာတွေကွာသလဲ
33
INTERVIEW
Myanmar Payment
Union မှ
CEO ကိုဇော်လင်းထွဋ်နှင့်
တွေ့ဆုံခြင်း N2
Highlight+
Gionee
E8 & M5
MG WEEK Android M :
What's Next?
MODEL : YEE MON KYAW, PHOTO : PETER, MAKE UP : MA TIN TIN MAR, DRESS : ZARNI WIN





40G
Coffeemix
WARM / COLD


Apotop®
Always on the top
Your Memory is-------
Your Secret
Z.E.N
Authorized Sole Distributor
Zillion Earnest Nation Company Limited
No.(99), 37th Street (Lower Block), Kyauktada Township, Yangon, Myanmar.
Contact- Office -01-240745, 09-250551133, 09-73222064


Clear Vision
လုံ ခြုံ စိတ် ချ လူ မှု ဘ ဝ
Clear Vision CCTV Products များအား ဝယ်ယူပြီး (၁) နှစ်အတွင်း
ဘာကြောင့်ပျက်ပျက် အသစ် (၁) လုံး လဲလှယ်ပေးပါမည်။
Digital Video Recorder
DVR with Internet & 3G Phone Viewing
8 Channels / 16 Channels
• Input - 8 Channels / 16 Channels
• Output - VGA, HDMI, TV Out
• Data Storage - 2 x SATA
• Resolution - H.264
• System - PAL / NTSC
• HDMI, VGA, AV Port များနှင့် ချိတ်ဆက်၍ TV, Monitor များနှင့်တွဲဖက်ကြည့်ရှုနိုင်ခြင်း။
• Wired / Wireless Network နှင့်ချိတ်ဆက်၍ Computer, Smart Phones များဖြင့် ကြည့်ရှုနိုင်ခြင်း။
• Internet ရှိသည့် မည်သည့်နေရာမှမဆို Windows Mobile, Andriod, iOS စသည့် Operation System ပါဝင်သည့် Smart Phone (သို့) Computer များနှင့် ကြည့်ရှုနိုင်ခြင်း။
• 3TB Hard Disk (၂)လုံးအထိ Support လုပ်ပေးသဖြင့် Data Record များကို အများဆုံး သိမ်းဆည်းပေးထားနိုင်ခြင်း။
CCTV Camera
နံရံကပ်(သို့)မျက်နှာကျက်တွင် တပ်ဆင်အသုံးပြုနိုင်တဲ့ IR Dome Camera
WD-8528C | WD-12036S
ခန်းညားလှပတဲ့ဒီဇိုင်းနဲ့ မျက်နှာကျက်တွင် တပ်ဆင်အသုံးပြုနိုင်တဲ့ IR Dome Camera
CD-8528C | CD-12028S
ရာသီဥတုဒဏ်အသင့်အတင့်ခံနိုင်ပြီး နံရံကပ်(သို့)မျက်နှာကျက်တွင်တပ်ဆင်အသုံးပြုနိုင်တဲ့ IR Stand Camera
SI-8528C SI-8560C | SI-12080S
• Lens - 2.8 mm | - 3.6 mm | - 2.8 mm | - 2.8 mm | - 2.8/6 mm | - 4 mm
• Resolution - 850 TV Lines | - 1200 TV Lines | - 850 TV Lines | - 1200 TV Lines | - 850 TV Lines | - 1200 TV Lines
• IR Distance - 15m - 25m | - 10m - 15m | - 15m - 25m | - 10m - 15m | - 10m - 15m | - 15m - 25m
ဝယ်ယူရရှိနိုင်သည့်ဆိုင်များ
မြဝတီ
FWD FORWARD Computer & Mobile Sales & Service Center
ဆိုင်ခန်းအမှတ် (၁/၂)၊ တာယာကတိုက်ခန်း ရွှေတံခါးချောင်းလမ်း ရွှေကျရပ်ကွက်၊ မြဝတီမြို့
Tel : 053-24075, 09 4300 6413, 09 5062187
ပြင်ဦးလွင်မြို့
Sun Computer Sales & Service
ဆိုင်ခန်းအမှတ် (၃၂၄)၊ နောက်လယ် (၇) လမ်း၊ ပြင်ဦးလွင်မြို့
Tel : 09-876 2346, 09-4100 6089
UNIQUE IT & Mobile Center
Center 1 (Pansodan) No. 261, Pansodan Road (Upper Block), Kyauktada Township, Yangon. Tel : (09) 7317 1212, 7317 1213, 7317 1214
Center 2 (Seikkanthar) No. 194, Seikkanthar Street (Middle Block), Kyauktada Township, Yangon. Tel : (01) 398 436, 391 789, 391 730
Center 3 (Tamwe) No. 74, West Horse Race Course Road,Tamwe Township, Yangon. Tel : (01) 860 4200, 860 4300
Green Tech
Authorized Sole Distributor
Green Technology Engineering Co., Ltd.
No. 203, Seikkanthar Street (Middle Block), Kyauktada Township, Yangon, 11182, Myanmar.
Tel : (09) 9750 888 11, 9750 888 22, 9750 888 33
E-mail : info@greentech.com.mm
Facebook : www.facebook.com/GreenTechProduct




# P8 ဝယ်ယူသုံးစွဲသူများအတွက် VIP Service

**PREMIER**
VIP Service Counter

**FASTER**
ဖုန်းပြင်ဆင်ချိန်တစ်ရက်သာ

**MORE**
Cleaning, Version Update
Application install,
Testing the handest
စသော ဝန်ဆောင်မှုများကို နှစ်ကြိမ်အခမဲ့

## P8 အတွက် VIP Service ရရှိနိုင်သော Service Center များ

(၁) အမှတ် (၅၁/၅၅)၊ ၄၆ လမ်း (အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၅၀၂၈၃၆၅၅
(၂) တိုက်(A)၊ တားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၅၄၆၀၇၉၉၈
(၃) ၇၄ လမ်း၊ (၃၄ X ၃၅) လမ်းကြား၊ မန္တလေးမြို့ ဖုန်း - ၀၉ ၃၀၂၁၈၈၀၃
(၄) အမှတ် (၇/၁)၊ အခန်း (B) နေပြည်တော် - ပျဉ်းမနားလမ်းမကြီး၊ ရန်အောင် (၁) ရပ်ကွက်၊ ပျဉ်းမနားမြို့ ဖုန်း - ၀၉ ၂၆၀၆၀၆၈၂၆
(၅) အမှတ် (၃၈၉) စီ၊ အောက်လမ်းမကြီး၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့ ဖုန်း - ၀၉ ၂၅၃၃၉၄၃၈၅
(၆) အမှတ် (၅၉) အေ၊ ပြည်ထောင်စုလမ်းမကြီး၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့ ဖုန်း - ၀၉ ၃၆၄၆၁၅၅၈
(၇) အမှတ် (၁၃၁)၊ ဇီဇဝါလမ်း၊ ကန်အောက်ရပ်ကွက်၊ တောင်ကြီးမြို့ ဖုန်း - ၀၉ ၃၂၆၇၃၀၁၃

LIKE/ FOLLOW us
HuaweiDeviceMyanmar

consumer.huawei.com/mm/



# အစိုးရကိုယ်တိုင်ပင် ဆိုက်ဘာမှုခင်းကျူးလွန်သူများ၏ပစ်မှတ်ဖြစ်လာနိုင်ဟု Microsoft မှ ခန့်မှန်း

မြန်မာနိုင်ငံတွင်းမှ လျင်မြန်စွာ ပြောင်းလဲတိုးတက်လာနေသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးကြီးထွားလာနေသော ဘဏ္ဍာရေးလုပ်ငန်းများကြောင့် အစိုးရကိုယ်တိုင်ပင် ဆိုက်ဘာမှုခင်းကျူးလွန်သူများ၏ ပစ်မှတ်ဖြစ်လာနိုင်ကြောင်း Microsoft မှ တာဝန်ရှိသူများက ခန့်မှန်းပါသည်။

ဆိုက်ဘာမှုခင်းများအနေဖြင့် တိုင်းပြည်တစ်ခုတည်းတွင်သာ တစ်သီးတခြားဖြစ်ပေါ်နေခြင်းမဟုတ်ဘဲ ဖွံ့ဖြိုးပြီးနိုင်ငံများရော၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ ဖြစ်ပေါ်နေသော ပြဿနာတစ်ခုဖြစ်သည်။

အထူး သဖြင့်မြန်မာနိုင်ငံ၏ လက်ရှိဖွံ့ဖြိုး တိုးတက်မှုအနေ အထားအရပြည် တွင်းငွေကြေးအဖွဲ့အစည်းများ၊ စားသုံးသူများနှင့် အစိုးရပင်လျှင် ဆိုက်ဘာမှုခင်းကျူးလွန်သူများ၏ ပစ်မှတ်ဖြစ်လာနိုင်ကြောင်း ဆိုကြပါသည်။

အစိုးရနှင့် ဖောက်သည်များအကြား အင်တာနက်ပေါ်မှ လွှဲပြောင်းမှုများနှင့် ဆက်သွယ်ချိတ်ဆက်မှုများ ပိုမိုများပြားလာသည်နှင့်အမျှ ဆိုက်ဘာမှုခင်းဖြစ်ပွားနိုင်ခြေလည်းအမြဲတစေတိုးတက်လာနေခြင်းဖြစ်သည်။

ဆိုက်ဘာလုံခြုံရေး လုပ်ဆောင်သည့် မဟာဗျူဟာများတွင် ပုဂ္ဂလိကနှင့် ပြည်သူများ လက်တွဲပါဝင်မည်ဖြစ်ကြောင်း နေပြည်တော်တွင်ကျင်းပသော လုံခြုံသည့် ICT အခြေခံ အဆောက်အအုံများ နှီးနှောဖလှယ်ပွဲတွင်နည်း ပညာနယ်ပယ်မှ ပညာရှင်များက ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

စီးပွားရေးနယ်ပယ်အတွင်းရှိ မည်သည့် ကဏ္ဍတွင်မဆို computer viruses, worms, spyware များနှင့် အခြားသော malicious programs များကဲ့သို့သော Malware များအသုံးပြုခြင်းဖြင့်အရေးကြီးသော အချက်အလက်များ ခိုးယူခြင်း၊ ကွန်ပျူတာစနစ်များအား ဝင်ရောက်နှောင့်ယှက်ခြင်းများ စသည့်မှုခင်းများဖြစ်ပေါ်နိုင်သည်ဟု ပညာရှင်များက ဆိုသည်။

Microsoft၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ဥပဒေနှင့် ကော်ပိုရိတ်ရေးရာ ဒါရိုက်တာ Dr.Astrid S.Tuminez က "ဆိုက်ဘာလုံခြုံရေးက ကမ္ဘာ့ digital အနာဂတ် အောင်မြင်မှုအတွက် အလွန်အရေးပါတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ ကျွန်မတို့ Online သုံးတာပဲဖြစ်ဖြစ်၊ အသုံးပြုနေတဲ့ ပစ္စည်းတွေပေါ်မှာပဲဖြစ်ဖြစ်ယုံကြည်နိုင်လောက်တဲ့ လုံခြုံမှုတွေရှိနေဖို့ လိုပါတယ်။ Microsoft အနေနဲ့ဆိုရင် ထိရောက်တဲ့ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပေါ်လစီတွေ ထူထောင်မယ့် လုပ်ရှားမှုလုပ်ငန်းအမျိုးမျိုးမှာ ပါဝင်ခဲ့ပါတယ်။ ပေါ်လစီပေါ်မူတည်ပြီး လုပ်ဆောင်ရာမှာလည်း ဘယ်လိုအပြုအမူမျိုးက ကောင်းသော သက်ရောက်မှုဖြစ်စေမလဲဆို တာကို သေချာမှတ်သားထားပါတယ်"ဟု ပြောသည်။

ဆိုက်ဘာမှုခင်းများ ကာကွယ်ရန်ချမှတ်လိုက်သော ပေါ်လစီများသည် နိုင်ငံတွင်း ဆိုက်ဘာအန္တရာယ်များအား အမှန်တကယ် လျှော့ချနိုင်ရန်မှာ ပေါ်လစီချမှတ်သူများအတွက် အလွန်အရေးကြီးသော အရာဖြစ်ကြောင်းသိရသည်။

**ရဲလင်းလင်းသန်း**







AOTO®
SMART PHONE
P9001
Feel the magic
5.0
Quad Core 1.2G
Network: WCDMA/GSM
4GB ROM+512 MB/T-Flash up to 32G
5.0MP Rear Camera with Flash, 2.0MP Front Camera
WAV, MP3, MIDI, AAC, APE, MP2, AMR, FLAC, Oggvorbis
5.0. QHD
WIFI GPS+ AGPS Light Sensor. Gravity Sensor. Proximity Sensor
AOTO
08:38 AM
Thursday 16 january
(၁)နှစ်အာမခံပါသော Model အားလုံး အပိုပစ္စည်းရရှိနိုင်ပါသည်။
မန္တလေးရုံးချုပ် - အမှတ်(၉၉)၊ ၇၅လမ်း၊ ၃၁ × ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
Ph : 09 47082999, 09 250089880, 09 450505050, 09 798299999 / Service Center - 09 257002078, 09 257002087
Service Care - 09 257005988 / Service resolve - 09 257005770, 09 257005771
ရန်ကုန်ရုံးချုပ် - အမှတ်(၇)၊ အခန်း(၂၃)၊ ဥလ္လာ၊ နှင်းဆီလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 450050986, 09 253825899, 09 797288777, 09 978891000, 09 797388777, 09 421166598 / Service - 09 31913333
နေပြည်တော်ရုံးချုပ် - အမှတ်(၁)/၃၁၄၊ ဗိုလ်အောင်ကျော်လမ်း၊ မြို့သစ်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့။ Ph : 09 421084718
AOTO မှ သတ်မှတ်ထားသောကိုယ်စားလှယ်ဆိုင်များ
Mobile & Digital Electronic - ဆိုင်(၁) - အမှတ် ၁၂၄(အေ)၊ မြေညီ၊ ၂၃လမ်း၊ အပေါ်ဘလောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01 - 378785
ဆိုင်(၂) - အမှတ် ၂၂၀/၂၂၁၊ မြေညီ၊ မင်္ဂလာဈေးသစ်၊ ရန်ကုန်မြို့။ Ph : 01-205289
Tele SKY Mobile & Accessories - အမှတ်(A-4)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်မြို့။ Ph : 09 33333974, 01-200747 Ext : (2848)
SKY POWER - အမှတ်(G-9)၊ မေဒီဗီရာ၊ လေးဒေါင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01-706270, 01-8550313, 09 73005955
KMC Computer & Mobile Phone - အမှတ်(၁၁၃)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်မြို့။ 09 402619671, 09 73121669, 01-200747 (Ext:2368)/ 01-297600 (Ext: 2368)

# LINE BRINGS YOU CLOSER

## CHATTING လုပ်ဖို့ LINE ကိုသုံး ပျော်ရွှင်စရာအကောင်းဆုံး

**LINE တွင် စတစ်ကာများနှင့် Home & Timeline အပါအဝင် အမျိုးမျိုးသော လူမှုရေးကဏ္ဍများ ပါဝင်ပြီး ပြည်တွင်း၊ ပြည်ပ အခမဲ့မက်ဆေ့(ချ်)ပို့ခြင်း ဖုန်းခေါ် ဆိုခြင်း နှင့် ဗွီဒီယိုကောခေါ် ဆိုခြင်းများကို ပြုလုပ်နိုင်သော ကမ္ဘာ့ရေ့ဆောင် mobile app တစ်ခုဖြစ်ပါသည်။**




**HOW TO GET FREE STICKER**

1 Main menu bar ပေါ်မှ More ကို နှိပ်ပါ

2 Sticker Shop ကို နှိပ်ပါ

3 Free ကို နှိပ်ပါ

4 သင်ရယူလိုသော Sticker ကိုနှိပ်ပါ

5 Download ကို နှိပ်ပါ

---

### ဖြူဖြူကျော်သိန်း
**အဆိုတော်/သရုပ်ဆောင်**



ကျွန်မက လိုင်းကို နှစ်နှစ်ခြိုက်ခြိုက် အသုံးပြုတဲ့သူတစ်ယောက်ပါ။ စတစ်ကာလေးတွေက ဘယ်စတစ်ကာနဲ့မှမတူပဲ အရမ်းကို ချစ်ဖို့ကောင်းတယ်။ ကျွန်မတို့သူငယ်ချင်းတွေနဲ့ အုပ်စုဖွဲ့ပြီး ကျွန်မတို့စိတ် ဝင်စားတဲ့အကြောင်းတွေကို ပြောလို့ရတယ်။ လိုင်းဟာကျွန်မသူငယ်ချင်းတွေ၊ ချစ်တဲ့သူတွေနဲ့ ပိုပြီးနီးကပ်အောင် ဆုံစည်းပေးတာအမှန်ပါပဲ။

### အစ်(စ်)ဘဲလာ ဆွေတင်
**ရန်ကုန်တီးဗောက်(စ်)ပိုင်ရှင်**



စတစ်ကာလေးတွေရဲ့ သွက်လက်ချက်ချာမှုက သင့်ရဲ့စိတ်ခံစားမှုတွေကို အလွယ်တကူဖော်ပြလို့ရတာပေါ့။ အတိုချုံးပြောချင်တာကတော့ အချိန်ကုန်သက်သာပြီး အတွေးအခေါ်တွေထည့်သွင်းထားလို့ အသုံးပြုသူတွေကိုပိုမိုဆွဲဆောင်မှုရှိစေပါတယ်။ ကျွန်မကတော့ လိုင်းကိုအလွန်နှစ်သက်မိပါတယ်။

### ဖြိုးဖြိုးနိုင်
**အခမ်းအနားမှူး / မင်းသမီး**



လိုင်းဟာ အသုံးဝင်တဲ့ သွင်ပြင်လက္ခဏာတွေအများကြီးပါတယ်။ ကျွန်မက ဗွီဒီယိုကော ခေါ် ဆိုခြင်းကိုအလွန်နှစ်သက်တဲ့ ပရိတ်သတ်တစ်ဦးပါ။ အိမ်နဲ့ဝေးတဲ့အခါ ကျွန်မ ခင်တဲ့သူတွေ၊ ချစ်တဲ့သူတွေနဲ့ အပြင်မှာတွေ့ နေရသလို သူတို့ရဲ့မျက်နှာလေးတွေကို မြင်နေရတာ အရမ်းကိုပျော်ဖို့ကောင်းပါတယ်။

**ဒေါင်းလုတ် ရယူလိုက်ပါ** | အသေးစိတ်စုံစမ်းရန် http://line.me/my/ www.facebook.com/LineMyanmar.Official

BRAVO
for better life

စိတ်ချယုံကြည်သုံး . . .
ဘရာဗို(လ်) မိုဘိုင်းဖုန်း

လိုအပ်ချက်များကို
ရိုးရှင်းစွာ ဖြည့်ဆည်းပေးမဲ့
ဘရာဗို(လ်)
S2 Plus
Available NOW!




4.5 inches
480x800
3 MP,Flash
4.4.2 (Jelly Bean)
WCDMA/GSM
4 GB
512 MB
Dual Core-1.2 GHz

CONTACT
02-30727, 09-2058881

ROMANSON
Premier




PM 4258HM

ROMANSON SHOWROOM : JUNCTION CENTER (MAW TIN), Ground Floor. (09-31249123)
CHERRY OO : (09) 73022249, (01) 381751, (02) 72992.




## New Arrival !

- တောက်ပတဲ့အသွင်နဲ့ ရောင်ပြန်မျက်နှာပြင်
- ခိုင်ခံ့တဲ့ အတွင်းသတ္တုနှစ်လွှာနဲ့ တစ်မူထူးခြားသည့်ပုံရိပ်ဖန်တီးနိုင်ခြင်း
- အသုံးပြုရလွယ်ကူတဲ့ Color OS 2.0

YANGON Service Centre ✆: 01 1223513
MANDALAY Service Centre ✆: 02 71281

oppomyanmar

iLike

Neo 5
Accessories Collection

OPPO ရဲ့ မူပိုင် Accessories
iLike အမှတ်တံဆိပ် ဝင်ရောက်လာပါပြီ...



oppo


Myanmar
Lager Beer
THE EVOLUTION
THE BIGGEST MUSIC SENSATION IN MYANMAR
THE EVOLUTION
What an incredible night!
We are still reverberating with the beats from Myanmar Beer -
The Evolution music festival last Saturday.
We had an out-of-this-world fantastic time of our lives - great music,
great friends, great beer - what about you?

# MG's CHOICE

## first CLASS
### Samsung Galaxy A5

| | |
|---|---|
| Network | - GSM/HSPA/LTE |
| Weight | - 123 g |
| Display size | - 5.0 inches |
| Display Type | - Super AMOLED |
| Camera | - 13 MP |
| Memory | - 16 GB, up to 64 GB |
| CPU | - Quad Core 1.2 GHz |
| OS | - Android OS,v4.4.4 |
| Phone | - 09-73171214 |



**405,000 Ks**

## first CLASS
### HTC Desire 626G +

| | |
|---|---|
| Network | - GSM/HSPA |
| Weight | - 138 g |
| Display Size | - 5.0 inches |
| Display Type | - Capacitive touchscreen |
| Camera | - 13 MP |
| Memory | - 8 GB, up to 32 GB |
| CPU | - Octa Core 1.7 GHz |
| OS | - Android OS,v4.4.4 |
| Phone | - 09-73171213 |



**229,000 Ks**

## first CLASS
### OPPO Mirror 3

| | |
|---|---|
| Network | - GSM/HSPA |
| Display Size | - 4.7 inches |
| Weight | - 126 g |
| Display Type | - IPS capacitive |
| Camera | - 8 MP |
| Memory | - 8 GB, up to 128 GB |
| CPU | - Quad Core 1.2 GHz |
| OS | - Android OS, v4.4 |
| Phone | - 09-73171213 |



**219,000 Ks**

## second CLASS
### Huawei Honor 4X

| | |
|---|---|
| Network | - GSM/HSPA/LTE |
| Weight | - 165 g |
| Display Type | - IPS LCD capacitive |
| Display Size | - 5.5 inches |
| Camera | - 13 MP |
| Memory | - 8 GB, up to 32 GB |
| CPU | - Octa Core 1.2GHz |
| OS | - Android OS,v4.4.2 |
| Phone | - 09-421744111 |



**188,000 Ks**

## second CLASS
### Sony Xperia E4 Dual

| | |
|---|---|
| Network | - GSM/HSPA |
| Weight | - 144 g |
| Display Type | - IPS capacitive |
| Display Size | - 5.0 inches |
| Camera | - 5 MP |
| Memory | - 8 GB, up to 32 GB |
| CPU | - Quad Core 1.3GHz |
| OS | - Android OS, v4.4.4 |
| Phone | - 09-421744111 |



**139,000 Ks**

## second CLASS
### Samsung Galaxy S Duos 2

| | |
|---|---|
| Network | - GSM/HSPA |
| Weight | - 118 g |
| Display Size | - 4.0 inches |
| Display Type | - TFT capacitive |
| Memory | - 4 GB, up to 64 GB |
| Camera | - 5 MP |
| CPU | - Dual Core 1.2 GHz |
| OS | - Android OS,v4.2.2 |
| Phone | - 09-421744111 |



**139,000 Ks**

## third CLASS
### Huawei Y300

| | |
|---|---|
| Network | - GSM/HSPA |
| Weight | - 130 g |
| Display Type | - IPS LCD capacitive |
| Display Size | - 4.0 inches |
| Camera | - 5 MP |
| Memory | - 4 GB, up to 32 GB |
| CPU | - Dual Core 1GHz |
| OS | - Android OS,v4.1 |
| Phone | - 01-371924 |



**88,000 Ks**

## third CLASS
### Acer Liquid Z200

| | |
|---|---|
| Network | - GSM/HSPA |
| Weigh | - 130 g |
| Display Type | - TFT capacitive |
| Display Size | - 4.0 inches |
| Memory | - 4 GB, up to 32 GB |
| Camera | - 2 MP |
| CPU | - Dual Core 1 GHz |
| OS | - Android OS,v4.4.2 |
| Phone | - 01-2301797 |



**68,000 Ks**

## third CLASS
### Lenovo A396

| | |
|---|---|
| Network | - GSM/WCDMA |
| Weight | - 126.2g |
| Display Type | - Capacitive touch |
| Display Size | - 4.0 inches |
| Memory | - 512MB |
| Camera | - 2.0 MP |
| CPU | - Quad Core 1.2 GHz |
| OS | - Android OS,v2.3 |
| Phone | - 01-382868 |



**51,000 Ks**

## Used Phone
### iPhone 6

| | |
|---|---|
| Network | - GSM/WCDMA/LTE |
| Camera | - 8 MP |
| Memory | - 128 GB |
| OS | - iOS 8 |
| Description | - Color : Space Gray |
| | - |
| | - |
| Search Word | - iPhone 6 |



**765,000 KS**

## Used Phone
### Sony Xperia Z Ultra

| | |
|---|---|
| Network | - GSM/WCDMA/LTE |
| Camera | - 8 MP |
| Memory | - 16 GB |
| OS | - Android OS,v4.2 |
| Description | - Color : Purple |
| | - Micro SIM |
| | - |
| Search Word | - Sony Xperia Z Ultra |



**200,000 KS**

## Used Phone
### Samsung Galaxy Note 3

| | |
|---|---|
| Network | - GSM/WCDMA/LTE |
| Camera | - 13 MP |
| Memory | - 32 GB, up to 64 GB |
| OS | - Android OS,v4.3 |
| Description | - Color : White |
| | - Micro SIM |
| | - |
| Search Word | - Samsung Note 3 |



**295,000 KS**

အထက်ပါ search keyword ကိုသုံး၍ www.ads.com.mm တွင် ရှာဖွေဝယ်ယူနိုင်ပါသည်။


Transcend®
good memories start here
www.transcend-info.com
Back To School
10th JUNE ~ 10th JULY 2015
Transcend Promotion
Buy
One 1TB/2TB HDD
3 YEAR WARRANTY
StoreJet 25H3B/25H3P/25M3B/25M3
Free
Fancy Bag
Transcend Master Dealer
Double Y Ph : 057-26957
Kyi Thar Store Ph : 09-5233099
ME (မန္တလေး) Ph : 02-74322
Noyar (မုံရွာ) Ph : 071-22041
Silver Tone (မန္တလေး) Ph : 09-91045751
SUPER LIKE Ph : 01-205395
Soe Electronic Ph : 09-8537999
UNIVEX (ပုသိမ်) Ph : 09-5144112 09-8551829
Wise Power (ပြည်) Ph : 053-26350 09-73097498
Zenith (မြစ်ကြီး) Ph : 066-21220 09-425005697
Authorized Distributor : Shwe Lamin Nagar Co., Ltd. | Ph : 01-2301797/98, 01-227781 | Email : office@sln-myanmar.com | Transcend SLN


www.singtech.asia
SingtechMyanmar
ရိုးရိုးလေးပါ ဒါပေမယ့်ခေတ်မီတယ်
Genesis SGT- G3
25,000 Ks
မြန်မာစာစနစ်ပါဝင်ပြီး
အာမခံ(၁)နှစ်
၂၀,၀၀၀ကျပ်အထိ
Ooredoo
MEDIATEK
3G Internet ကို Computer နှင့် လွယ်ကူလျင်မြန်စွာ ချိတ်ဆက်အသုံးပြုနိုင်သော G3
Distribution
09-25 33 80008
09-25 33 80009
Showroom
09-252857474
09-420094951
HOT LINE
SINGTECH
SINGAPORE BRAND
Show Room & Service Centre Cyber City Co.,Ltd.
Tel: +95 1 564591
Tel: +95 9 420094951
Tel: +95 9 91018621 - 5063916

# TIME CITY

Ko Tun Lin Aung

GSM, CDMA, CDMA 450, WCDMA, CDMA 800

**Mobile Shop**

**Mobile Phone Accessories Whole Sale**

နိုင်ငံတကာထုတ် Handset မျိုးစုံနှင့် အပိုပစ္စည်းမျိုးစုံကို

ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကား ရရှိနိုင်ပါသည်။

ပြင်ပ၌ ကိုယ်စားလှယ်ရွေးချယ်၍ ရောင်းချခြင်းမရှိပါ။

No. W-3 to 11, 1st Floor (Near Car Parking), YUZANA PLAZA.
Ph : 200 747 (Ext:2333), 09 430 66661, 09 730 66661,
09 33333780, 01-8619484

---

တွေ့ + လက်တွေ့

နိုင်မာသော အလုပ်အကိုင်အခွင့်အလမ်းရရှိစေမည့် သင်ကြားမှု...

# EPI

**Software + Hardware ၁ သိန်း**

**ဖုန်းပြုပြင်နည်းသင်တန်း**

အပါတ်စဉ် တန်းခွဲသစ်ရှိသည်

IPhone, hTC, SAMSUNG, Sony, Lenovo, Huawei, Coolpad, OPPO, JavaPhone, ChinaPhone, Tablet & Etc..

- ... Data များရရှိမည်။ Data 2000 GB ပေးမည်။
- Professional Mobile ... SMD Rework Station များဖြင့် သင်ကြားပေးမည်။ ...
- ...
- ...
- ... ၁၁၀၀ ...
- ... (၁) ...

- Understanding & Hacking IOS, Android OS & other Mobile OS
- Error Free Manually Rooting( Not Depend on Rooting Software )
- Restoring Firmware, Advanced Firmware Restoring Technics
- Basic Electronic & Phone Hardware Architecture Study
- IC & parts testing and Replacement
- Phone Diagnosis, Assembling & Disassembling, Error Fixing
- Repairing with the assistance of layout Diagrams and Schematic Diagrams

အမှတ်(၁၃၂)၊ ၃ထပ်(ဝဲ)၊ (၃၇)လမ်း(လယ်)ထိရုံဘေး၊ အောင်ပြည့်ဖြိုးချစ်တီးထမင်းဆိုင်နှင့် နမ့်ခမ်းစားသောက်ဆိုင်ကြားလှေကား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ Ph: 09 25 4040 200, 09 300 47 422

---

# iBox® i-store




**iPhone, iPad** ဝယ်ယူသူတိုင်းကို **jailbreak, Apps, Games** များကို ထည့်သွင်းပေးသည့်အပြင် **Apple ID (U.S.A, Singapore)** များကိုလည်း အခမဲ့ပြုလုပ်ပေးပါသည်။

No(108), 15th St(Middle), Lanmadaw Tsp, Yangon.
Page: www.facebook.com/ibox.istore Ph:09-420061077

---

# A.K Mobile

Ko Myo San
Daily Open
9:30 AM to 7:00 PM

www.akmobile2013.com
www.facebook.com/akmobile2013
akmobile2013@gmail.com

## ရောင်းသည်/ဝယ်သည်/အလဲအထပ်လုပ်ပေးသည်။

- iPhone 6Plus,6, 5S, 5C, 5, iPod 5, iPad Air 2, Air, 4, 3, 2, Mini 3/2/1 WiFi & WiFi + 4G
- Samsung S6Edge,S6,S5,S4,S3,NoteEdge,4/3/2 A7,A5,A3 E7,E5 Mega,Grand,NeoSeries
- Samsung All Tab Series, All Note Series, All Pro Series
- Sony Xperia Z3, Z2, Z1, Z, Z Ultra, T2/T3 Ultra,M4, M2, C, C3 & Sony Tablet
- HTC One M9 Plus,M9, M8,M7,One Max, E9 Plus,E8,Desire Eye, 826 , 820U, 816
- LG G4,G3,G2,G3 Stylus, G3 Beat, G Flex 2,G Flex, AKA
- Oppo N3, R5, Find 7A, N1 Mini, R 1K,R 1,Mirror 3, YoYo, Neo 3 ,Neo 5
- Vivo X5 Max Plus , X5 Max , X Play 3S, X Shot, X 3V, X 3S, Y 28, Y 22, Y15
- Xiaomi Mi Note Pro,Mi Note, Mi 4I,Mi 4,Mi 3, RedMi Note, RedMI 2, RedMI 1S
- HUAWEI Ascend Mate 7, Mate,Honor Series, P8 , P7, P6 ,P1 , G6, G7 , G700, G730
- ASUS Zenfone 2, Zenfone 6, Zenfone 5
- Gionee Elife S 5.5, Elife S 5.1, E 7, E 6
- Lenovo VIBE X2, VIBE X, K 900
- One Plus One 16GB(JBL Edition),1+1 64GB (Bamboo),1+1 16/64GB
- **Macbook Pro**,Macbook Air,New Macbook, iMac,Mac Mini,Sony Vaio,Dell ,HP,Asus
- Lenovo, Acer, Intel Core i3 ,i5 ,i7, B970, B960, B940 နှင့်
- အခြားသော Model အမြင့် Phone နှင့် Laptop များအားအထူးဈေးကောင်းပေးဝယ်လိုသည်။

## Software Service

**iPhone , Samsung , Sony , HTC , Huawei Phone များ Firmware Upgrade , Downgrade Jailbreak , Rooting , Hacking , Installation Application , Games, Ringtones, Wallpaper, Myanmar Font & Keyboard ,Create Apple ID iDevice နှင့် Android Device များအား User Lock & Network Lock များဖြည်ပေးခြင်းနှင့် အခြားသော Software ဝန်ဆောင်မှုများပြုလုပ်ပေးသည်။**

(မှတ်ချက်) – မိမိရောင်းလိုသောပစ္စည်းများအား ဘူးပစ္စည်းအစုံ(သို့) ဘောင်ချာ (သို့) မှတ်ပုံတင်မိတ္တူ ပါမှသာလျှင် ဝယ်ယူပါမည်။



## Good Second Hand IT Products




: 09-4500 39844, 09-25400 4420, 09 312 88077, 09-3100 8866

အမှတ် (၁၂၄)၊ ၃၁ လမ်း(အလယ်)၊ ၃ လွှာ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ARTICLE KNOWLEDGE

# Android စမတ်ဖုန်းသုံးသူတွေ သိထားသင့်တဲ့ အချက် ၆ ချက်




Android ဆိုတာ အခုအချိန်မှာ ကျွန်တော်တို့ လူနေထိုင်မှု စနစ်ထဲကိုအရှိန်အဟုန်နဲ့ တိုးဝှေ့ဝင်ရောက်လာခဲ့တဲ့ နည်းပညာတစ်ခု ဖြစ်လာခဲ့ပါပြီ။ စမတ်ဖုန်း၊ Tablet မှသည် အခြားအသုံးအဆောင် ပစ္စည်းများဆီသို့ ရွေ့လျားဦးတည်ကာ အသုံးဝင်မှုနယ်ပယ်ကို ပိုမို ချဲ့ထွင်လာခဲ့ရာ အောင်မြင်မှုမြောက်များစွာ ရရှိခဲ့ပြီးဖြစ်ပါတယ်။ အလား တူ ပြည်တွင်းဈေးကွက်မှာလည်း Android OS အသုံးပြုတဲ့ စမတ်ဖုန်း တွေ၊ Tablet တွေဟာ လူကြီး၊ လူငယ်တွေကြားထဲမှာ ခေတ်မီ အသုံး အဆောင်ပစ္စည်းတစ်ခုအဖြစ် အချိန်အနည်းငယ်အတွင်းမှာ ဝင်ရောက် နေရာယူလာနိုင်ခဲ့ပါတယ်။

ခေတ်မီ အသုံးအဆောင်ပစ္စည်းလို့ ဆိုတဲ့အတိုင်း ဖုန်းပြောဆိုဖို့ အပြင် သီချင်းနားထောင်မယ်၊ အသံဖမ်းမယ်၊ ဓာတ်ပုံရိုက်မယ်၊ လူမှု ကွန်ရက်သုံးမယ် အစရှိသည်ဖြင့် နည်းလမ်းမျိုးစုံ အသုံးချလာနိုင်တဲ့အခါ Android ဖုန်းတွေဟာ all-in-one device သဖွယ် အသုံးဝင်လာ ခဲ့ပါတယ်။ Android device တွေအတွက် အသုံးပြုမောင်းနှင်တဲ့ OS ဟာလည်း လူသုံးများတဲ့ 2.3 လောက်ကနေ 4.0, 4.1, 4.2, 4.3,5.0 ထိ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး user တွေအတွက် ပိုမိုလွယ်ကူလာစေခဲ့ ပါတယ်။ ဒါကြောင့် စမတ်ဖုန်းသုံးတဲ့သူတွေအတွက် သတိထားသင့်တဲ့ အချက်လေးတွေကို ဖော်ပြပေးလိုက်ပါတယ်။

## နောက်ကွယ်က အသုံးပြုနေတဲ့ Apps တွေ

Android စမတ်ဖုန်းတွေအတွက် ထုတ်လုပ်သူတွေအနေနဲ့ ကိုယ်ပိုင် ထည့်သွင်းပေးလိုက်တဲ့ Apps တွေကပဲ ဒီပြဿနာကို အဓိကဖြစ်ပေါ်စေ တဲ့ အကြောင်းအရင်းတစ်ရပ်လို ဖြစ်လာစေပါတယ်။ ဒီအတွက် mobile data အသုံးပြုမှုပမာဏဟာ သိသိသာသာ တိုးမြင့်လာသလို Wi-Fi နဲ့ အသုံးပြုတဲ့အခါမှာလည်း အမြန်နှုန်း သိသိသာသာ ကျဆင်းသွားနိုင်ပါ တယ်။ တခြား သီးသန့် ထည့်သွင်းထားတဲ့ Apps တွေနဲ့ ထည့်ပေါင်း လိုက်တဲ့အခါ Mobile Network အတွက် ကုန်ကျစရိတ်(Plan) သာ data ပမာဏအလိုက် ပေးဆောင်ရတယ်ဆိုရင် အတော်လေးကို ကုန်ကျစေ လာမှာဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ရင်လည်း Social Apps အသုံးပြုတဲ့အခါ စမတ်ဖုန်းအမြင့် ဖြစ်သော်ငြားလည်း စွမ်းဆောင်ရည် အလွန်ကျဆင်းလာတာတွေ့ရမှာဖြစ်ပါတယ်။ ဒီအတွက် နောက်ကွယ်က အသုံးပြုနေတဲ့ Apps တွေကို တားဆီးနိုင်မယ့် နည်းလမ်းများစွာ ရှိ ပါတယ်။ ဒီနည်းလမ်းတွေကို အသုံးမပြုခင်မှာတော့ သိထားရမယ့် မေးခွန်းက "ဒီလိုတားဆီးဖို့ တကယ်လိုအပ်ရဲ့လား"ဆိုတဲ့ မေးခွန်းပါပဲ။ ကိုယ့်ရဲ့ စမတ်ဖုန်းမှာ လက်ရှိအတိုင်း mobile data အသုံးပြုမှုဟာ အဆင်ပြေနေတယ်ဆိုရင်တော့ အထွေအထူး တားဆီးစရာ လိုမှာမဟုတ် ပါဘူး။ ဒီလိုတားဆီးလိုက်ခြင်းအားဖြင့် ဖုန်းရဲ့ အင်တာနက် အသုံးပြုမှု အမြန်နှုန်း တိုးတက်လာသလို၊ ဘက်ထရီအစားလည်း သက်သာစေမှာ ဖြစ်ပါတယ်။ မိုဘိုင်းဒေတာကို ပမာဏအလိုက်ပေးဆောင်ရတယ် ဆိုရင် လည်း ကုန်ကျစရိတ်သက်သာစေမှာဖြစ်ပါတယ်။ လက်ရှိ အလုပ်လုပ် နေတဲ့ Apps တွေနဲ့ service တွေကို ကြည့်ချင်တဲ့အခါ Settings>Apps ထဲကိုဝင်ပြီး Running ဆိုတဲ့အောက်ကို သွားကြည့်နိုင်ပါတယ်။ အဲဒီကနေ resource တွေအများအပြား အသုံးပြုနေတဲ့ Apps တွေကို ပြန်ပြီး ထုတ်ပစ်နိုင်သလို Mobile Data အသုံးပြုမှုကို ကန့်သတ်ဖို့ Settings> Wireless & Networks>Usage ထဲကိုဝင်ပြီး Restrict background data ကို ဖွင့်ကာ နောက်ကွယ်က မလိုအပ်တဲ့ data ယူသုံးမှုကို ကန့်သတ်ထားနိုင်ပါတယ်။

## ကိုယ့်ရဲ့စမတ်ဖုန်းဟာ တခြားဖုန်းတွေနဲ့ မတူညီခဲ့ရင်

သင့်အနီးအနားမှာရှိတဲ့ သူငယ်ချင်းတစ်ယောက်ယောက်ရဲ့ စမတ်ဖုန်းဟာ သင့်ဖုန်းနဲ့ အမျိုးအစားခြင်း၊ မော်ဒယ်နံပါတ်ခြင်း တူညီ နေရင်တောင်မှ ဖုန်းမှာ အသုံးပြုနေတဲ့Apps တွေ၊ အပြင်အဆင်တွေ တူညီနိုင်မှာမဟုတ်ပါဘူး။ ဒီအတွက် တအံ့တသြ ဖြစ်စရာမလိုပါဘူး။ အကြောင်းက သင်ဟာ HTC Sense အသုံးပြုထားတဲ့ HTC One ဖုန်းကိုင်ဆောင်ထားပေမယ့် Galaxy S6 ရဲ့ Themes ကို စမ်းသပ် အသုံးပြုကြည့်ချင်တဲ့အခါ Go Launcher EX လို Apps မျိုး ထည့်သွင်း လိုက်တာနဲ့ အနီးစပ်ဆုံး ပြောင်းလဲသွားနိုင်သလို Samsung ရဲ့ ပရိသတ်တစ်ယောက်ကလည်း HTC Sense ကို စမ်းသပ်ကြည့်ဖို့အတွက် အလားတူ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ အခြားအမှတ်တံဆိပ် စမတ်ဖုန်း တွေအတွက်လည်း အလားတူ Themes အမျိုးမျိုးကို Go Launcher EX ကိုအသုံးပြုပြီး ပြောင်းလဲနိုင်မှာဖြစ်ပါတယ်။

## Maps က အကန့်အသတ်တွေ ပိုများလာတဲ့အခါ

Google Maps ကို မကြာခဏ အသုံးပြုပါသလား။ အရင်တုန်းက ကိုယ် သွားရောက်ချင်တဲ့ ဒေသတစ်ခုလုံးကို မသွားခင် offline maps အဖြစ် download ပြုလုပ် ရယူထားနိုင်ပါတယ်။ Google Maps ရဲ့ နောက်ဆုံးထုတ် version အသစ်မှာတော့ အရင်လို offline maps အဖြစ် သီးသန့်ရယူထားနိုင်မှာ မဟုတ်တော့ဘဲ ကိုယ်သွားချင်တဲ့ နေရာ အတိအကျတစ်ခုကိုသာ ကြိုတင်သတ်မှတ်လေ့လာထားပြီး အလို အလျောက် download ပြုလုပ်မှတ်သားတဲ့စနစ်အဖြစ် ပြောင်းလဲခဲ့ပြီ ဖြစ်ပါတယ်။ ဒေသတစ်ခုလုံး မရရှိပေမယ့် သွားလိုတဲ့နေရာကိုတော့ ကြိုတင် ရှာဖွေထားတဲ့အတိုင်း offline maps မှာ ကြည့်ရှုနိုင်မှာဖြစ် ပါတယ်။

## Notification တွေ ထိန်းချုပ်ချင်တဲ့အခါ

Android ရဲ့ အဆင့်မြင့်လာတဲ့ notification စနစ်ဟာ အချိန်နဲ့ တစ်ပြေးညီ သတိပေးဖော်ပြပေးနိုင်တာ အရမ်းကို အသုံးဝင်တဲ့အချက် ဖြစ်ပါတယ်။ ဒါပေမယ့် online games တွေ၊ apps တွေကနေ event တွေ၊ alarm တွေ၊ သတိပေးချက်တွေ အဆက်မပြတ်ဖော်ပြတဲ့အခါ စိတ်အနှောင့်အယှက်ဖြစ်စရာ ဖြစ်သွားတတ်ပါတယ်။ ဒ့ါအပြင် Android ရဲ့ notification စနစ်ကို အပိတ်အဖွင့်ကလွဲပြီး ကိုယ့်စိတ်ကြိုက် ဝင်ရောက်ပြင်ဆင်ခွင့် ပေးမထားပါဘူး။ ဒါဟာ တစ်ခါတစ်ရံ ကိုယ်တစ် ယောက်တည်း သိစေအပ်တဲ့ message မျိုး ရုတ်တရက်ဝင်လာတဲ့အခါ status bar, lock screen အစရှိတဲ့ နေရာတွေမှာ ဖော်ပြပေးတာကြောင့် တခြားသူတွေ အလွယ်တကူ သိရှိသွားစေမှာဖြစ်ပါတယ်။ Notify Pro လို သီးသန့် Apps တစ်ခု ထည့်သွင်းထားကာ ဖုန်းရဲ့ notification စနစ်ကို စိတ်ကြိုက် ပြင်ဆင်ထားနိုင်ပါတယ်။

## Apps တွေ Force Close ခဏခဏပေါ်နေခဲ့ရင်

ဒီပြဿနာကို ဖြေရှင်းဖို့အတွက် အထက်မှာဖော်ပြခဲ့တဲ့ Apps ရဲ့ cache တွေ၊ data တွေ ရှင်းပစ်လိုက်ရုံနဲ့ အလွယ်တကူဖြေရှင်းနိုင်ပါတယ်။ ဒီလိုမှ ဖြေရှင်းလို့မရဘဲ force close သတိပေးချက် ဆက်တိုက်ပေါ် နေခဲ့ရင်တော့ ကိုယ့်ရဲ့ Android OS version နဲ့ Apps ရေးဆွဲစဉ်က developer တွေ သတ်မှတ်ပေးထားတဲ့ OS version မကိုက်ညီတဲ့ အတွက်ကြောင့်ပဲဖြစ်ပါတယ်။ ဒီအခါ developer တွေရဲ့ website ကို သွားရောက်ကာ OS version နဲ့ ကိုက်ညီတဲ့ update ပေးထားသလား ဆိုတာ ကြည့်ရှုရမှာဖြစ်ပါတယ်။ တကယ်လို့ Google Play က ရယူ ထားတဲ့ Apps တွေဖြစ်ခဲ့မယ်ဆိုရင် update version ထွက်တာနဲ့ ကိုယ့်ရဲ့ ဖုန်းမှာ update ရယူဖို့ သတိပေးမှာဖြစ်ပါတယ်။

## အချိန်ကြာလာတာနဲ့အမျှ ဖုန်းကနှေးလာခဲ့ရင်

Android ဖုန်းအများစုဟာ အချိန်ကြာလာတာနဲ့အမျှ တဖြည်းဖြည်း နှေးလာတတ်ကြပါတယ်။ ဒီလိုအခါမျိုးမှာ အရင်တုန်းကလို သွက်သွက် လက်လက် အနေအထားမျိုးဖြစ်အောင် ပြန်ပြီးပြုလုပ်ယူနိုင်ပါတယ်။ အောက်ပါ အချက်တွေကို ပြုလုပ်ကြည့်လိုက်ပါ။ အနည်းနဲ့အများ ပြန်ပြီး သွက်လက်လာပါလိမ့်မယ်။ဖုန်းကို restart မပြုလုပ်ဘဲ ရက်၊ လ အတော် ကြာကြာ အသုံးပြုခြင်းက ဖုန်းရဲ့ စွမ်းဆောင်ရည်ကို သိသိသာသာ ကျဆင်း စေပါတယ်။ ဒါကြောင့် ဖုန်းကို restart ပြုလုပ်ကာ လတ်တလော အသုံး မပြုတဲ့ apps တွေကို task-killer လို apps တစ်ခုခုသုံးပြီး ပိတ်ပစ်ပါ။ ဖုန်းရဲ့နောက်ကွယ်ကနေ မလိုအပ်ဘဲ မိုဘိုင်းနက်ဝဝ် အသုံးပြုနိုင်တဲ့ Apps တွေကို ပိတ်ပစ်ပါ။Settings>Apps ထဲကိုဝင်ပြီး Apps တစ်ခု ချင်းစီရဲ့ cache တွေကို clear နှိပ်ပြီး ရှင်းလင်းပေးပါ။ လိုအပ်ရင် clear data ပါ ပြုလုပ်ပေးရပါမယ်။ ဒီလိုအလုပ်မျိုးကို ပုံမှန်ပြုလုပ်ပေး နိုင်တဲ့ cleaner apps တစ်ခုခုကို အသုံးပြုရင်လည်း ရပါတယ်။ဖုန်းရဲ့ resource တွေကို အချိန်နဲ့အမျှ ဖော်ပြပေးနိုင်တဲ့ System Monitor Apps တစ်ခုခုကို အသုံးပြုကာ ဘယ် Apps တွေက ဘယ်အချိန်မှာ ဘယ်လောက်အသုံးပြုသွားတယ်ဆိုတာ စောင့်ကြည့်ပါ။ email နဲ့ social network တွေကို ဖော်ပြပေးတဲ့ widgets တွေဟာ အချိန်နဲ့အမျှ ဖော်ပြပေးနေတဲ့အတွက် ဖုန်းရဲ့စွမ်းဆောင်ရည်နှေးသွားရတဲ့ အကြောင်း ရင်းထဲ ထည့်သွင်းစဉ်းစားကာ ခဏတာဖျောက်ထားကြည့်ပါ။

## Root လုပ်ပြီးတဲ့အခါ Apps တွေ Stopped Working ဖြစ်နေခဲ့ရင်

Android စမတ်ဖုန်းဟာ root ပြုလုပ်လိုက်ပြီးတဲ့အခါ အသုံးဝင်တဲ့ utilities တွေများစွာ ထည့်သွင်းလာနိုင်သလို စိတ်ကြိုက်ပြင်ဆင် ထည့်သွင်းနိုင်မယ့်အခွင့်အလမ်းလည်း ပိုမိုရရှိလာခဲ့ပါတယ်။ ထို့အတူပဲ root မပြုလုပ်ခင်က အဆင်ပြေနေတဲ့ apps တချို့ဟာလည်း root ပြု လုပ်လိုက်တဲ့အခါ stopped working ဆိုတဲ့ message ပေါ်လာကာ အလုပ်ကောင်းကောင်း မလုပ်နိုင်တော့တာ တွေ့ရတတ်ပါတယ်။ ဒ့ါအပြင် OTA update အနေနဲ့ version အသစ်ထွက်တဲ့အခါ update ပြုလုပ် နိုင်မယ့် အခွင့်အရေးလည်း root လုပ်ထားတဲ့အတွက် ဆုံးရှုံးရမှာ ရှိပါတယ်။ ဒီအတွက် unroot ပြုလုပ်စရာမလိုဘဲ အလွယ်တကူ ဖြေရှင်းနိုင်မယ့် နည်းလမ်းရှိပါတယ်။ Play Store မှာရှိတဲ့ OTA root-keeper app လေးက သင့်ရဲ့ဖုန်းဟာ root ပြုလုပ်ထားတယ်ဆိုတဲ့ အချက်ကို ခဏတာ မေ့ပျောက်ပစ်နိုင်ပါလိမ့်မယ်။ un-root button လေးကို နှိပ်လိုက်တာနဲ့ ကိုယ့်ရဲ့ android device ကို root ပြုလုပ် ထားတဲ့ device လို့မထင်ရအောင် ခဏတာ ဖုံးကွယ်ပေးထားမှာ ဖြစ်ပါတယ်။ ဒီ Apps ဟာ root ပြုလုပ်လိုက်လို့ဖြစ်လာတဲ့ ပြဿနာ အတော်များများကို ဖြေရှင်းပေးနိုင်ပြီး Android 4.2.2 အထိသာ အသုံးပြုနိုင်ပါသေးတယ်။

No One Can Live Without ... Mobile Guide
Information Technology & Lifestyle Journal

အမှုဆောင်အယ်ဒီတာချုပ်
ရဲမင်းအောင်

တာဝန်ခံအယ်ဒီတာ
စိုးမိုး

အယ်ဒီတာအဖွဲ့
စိုးစံဖြိုး

အကြီးတန်းသတင်းထောက်
ရဲလင်းလင်းသန်း

သတင်းအဖွဲ့
ရဲလင်းစိုး

ဓာတ်ပုံ ဓာတ်မြို
ဒေါ်ခင်လေးဖြူ

မျက်နှာဖုံးဒီဇိုင်း
ပြည့်မင်းဇော်

ဒီဇိုင်းအဖွဲ့
မင်းသီဟဦး
နေဇာဝင်း၊ ဝိုင်းဝိုင်း
ဆန်းဆန်းရီ

ကြော်ငြာတာဝန်ခံ
ချိုဇင်သက်

ကြော်ငြာအဖွဲ့
အေးငြိမ်းသူ၊
အေးသန္တာကျော်

ဖြန့်ချိရေး
အောင်နိုင်

ပုံနှိပ်
ဦးတိုးဝင်း၊
နေလရောင်ပုံနှိပ်
(၀၀၈၃၀)
အမှတ် ၉၃၊ ၁၁လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ
ဦးရဲမင်းအောင်
(၀၀၉၀၀-ယာယီ)

ဖုန်းနှင့်ဆက်သွယ်ရန်
အမှတ် ၉၃၊ ပထမထပ်၊ ၁၁ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉၇၃၁၈၇၉၄၄
၀၉၄၂၀၀၇၇၇၀

Email
mobileguidemyanmar@gmail.com

ARTICLE KNOWLEDGE




# Galaxy S6 က iPhone 6 ထက် သာသည့် နေရာများ

ဘေဘက်(ဖြိုးမနေဒစ်ဂျစ်တယ်ဓါတ်ပုံ)

iPhone သည် ကမ္ဘာမှာ အကောင်းဆုံးဖုန်းဖြစ်သည်ဟု အစွဲအလမ်းကြီးသူတို့က ဆိုကြသည်။ မှန်သင့်သလောက်မှန်ပါသည်။ အချို့နေရာများတွင် iPhone ၏ ကောင်းခြင်းကို မည်သည့်ဖုန်းကမှ မလိုက်နိုင်ပါ။ ဥပမာ– ဘက်ထရီဆိုကြပါစို့။ အများတကာ ဖုန်းများကဲ့သို့ 5 လက်မအရွယ်ဆိုလျှင် ဘက်ထရီအင်အား 2000mAh ထည့်မပေးသော်လည်း mAh ပိုနည်းသည့် iPhone က ဘက်ထရီပို၍ အသုံးခံသည်ကားအမှန်။ iPhone ဘက်ထရီလို 3 နှစ်လောက်အထိ အားမကျဘဲ သုံးနိုင်သည့် အခြားဖုန်းမျိုးလည်း မတွေ့မိပါ။

သို့သော် Windows Phone, Android ဖုန်းအားလုံးတို့သည် အစွမ်းသတ္တိကို အစဉ်တစိုက်တိုးမြှင့်ပြီး iPhone ထက်သာလွန်အောင် ကြိုးစားနေကြပါတယ်။ Windows ဆိုလျှင် ဖုန်း၊ တက်ဘလက်၊ ကွန်ပျူတာတို့ပေါ်တွင် တစ်မျိုးတည်းသော Windows OS ကို သုံးရန် ကြိုးစားလာသည်။ Android ဖုန်းများက မိမိစိတ်ကြိုက်အစိတ်အပိုင်းများဖြင့် လိုအပ်သောအရည်အသွေးရအောင် ဆင်ယင်နိုင်ရန် ကြိုးစားလျက်ရှိသည်။ iPhone ကကျန်သည့်ဖုန်းများထက် နေရာတိုင်းတွင် သာသယောင်ပြောသွားသောဒါရိုက်တာတစ်ယောက်၏ စကားကိုလည်း ကြားမိပါသည်။ ထို့ကြောင့် Android ဖုန်းတစ်မျိုးဖြစ်သည့် Galaxy S6 က iPhone 6 ထက် သာလွန်သောနေရာများကို ထောက်ပြလိုပါသည်။

Galaxy S6 က iPhone 6 ထက် အားသာမှုကိုထင်ရှားစွာတွေ့ရမည်မှာ Screen resolution အပိုင်းဖြစ်သည်။ Galaxy S6 နှင့် iPhone 6 တို့၏ resolution ကွာခြားပုံကို ပြောရလျှင် နောက်ဆုံးထွက် Nintendo 3Ds ဂိမ်းစက်နှင့် ပထမဆုံးထွက်သော Gameboy ဂိမ်းစက်တို့၏ အရည်အသွေးကွာခြားပုံကို ယှဉ်ပြီးပြောရသလို ရှိပါလိမ့်မည်။ resolution 2560 x 1440 ရှိသော Galaxy S6 ၏ qHD screen သည် pixel density 490 ppi ရှိသည်။ iPhone 6 မှာ screen pixel density 326 ppi သာဖြစ်ပါတယ်။ resolution 1334 x 750 ပေါ်တွင် အခြေခံ၍ ထွက်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် screen ရုပ်ထွက်အသေးစိတ်ပြတ်သားမှုနှင့် အရောင်ရွှန်းစိုမှုတွင် Galaxy S6 က အားသာနေပါလိမ့်မည်။

iPhone သည် Hardware ပိုင်း အလွန်တရာကောင်းမွန်သောကင်မရာပါရှိသည်။ ထို့ကြောင့် iPhone ကိုသုံး၍ ရုပ်ရှင်ရိုက်သူတို့ ရှိကြပါသည်။ မှန်သလောက်မှန်ပါသည်။ သို့သော် ကင်မရာပိုင်းတွင် Galaxy S6 ကလည်း ခပ်ညံ့ညံ့မဟုတ်ပါ။ ဖုန်းတိုင်းတွင် ပါခဲသော OIS (Optical Image Stabilizer) သည် Galaxy S6 တွင် ပါဝင်နေသည်။ ထို့ပြင် အသုံးပြုထားသော မှန်ဘီလူးသည် Aperture အနိမ့်ဆုံး f/1.9 အထိ ပေးနိုင်သည်။ ထို့ကြောင့် အလင်းရောင်အားနည်းသောနေရာတွင် ဓာတ်ပုံရိုက်သည့်တိုင် ဝေဝါးခြင်းကင်းသော ဓာတ်ပုံတို့ကို ရရှိစေနိုင်သည်။ iPhone ၏ အနောက်ဘက်ကင်မရာဖြင့် ရိုက်ကူးနိုင်သော အမြင့်ဆုံးပုံရိပ်သည် 8MP သာရှိပါသည်။ iPhone ၏ f/2.2 aperture ဖြင့် ရိုက်သော ဓာတ်ပုံများသည် f/1.9 aperture ဖြင့် ရိုက်သော ဓာတ်ပုံများလောက် အလင်းဝင်အားမကောင်းမည်မှာ သေချာပါသည်။

ဖုန်းကင်မရာတို့ကို ဓာတ်ပုံရိုက်သည့်နေရာချည်းသက်သက်မသုံးတော့။ ဗီဒီယိုရိုက်သည့်နေရာများတွင်လည်း အသုံးပြုလာကြပါသည်။ ရုပ်ရှင်ဇာတ်ကားပင် ရိုက်လိုက်သေးသည်မဟုတ်ပါလား။ ဘုရားပွဲ၊ အလှူပွဲ၊ မင်္ဂလာဆောင်ပွဲအခါကြီး၊ ရက်ကြီးတို့နှင့် ကြုံကြိုက်ပါစေ ဘဝတွင်အမှတ်တရဖြစ်စရာကောင်းသော အခိုက်အတန့်တို့ကို ဖုန်းကင်မရာဖြင့် မှတ်တမ်းမတင်လိုသူမည်သူရှိအံ့နည်း။ ထိုဗီဒီယိုတို့သည် ကြည်လင်ပြတ်သားမှုအားကောင်းလျှင် ပို၍ပင် သဘောကျပါဦးမည်။ ဖုန်းကင်မရာတို့တွင် 1080p full HD ဟူသော အဆင့်သည် ခေတ်ဟောင်းတွင် ကျန်ခဲ့ပြီ။ ဖုန်းကင်မရာအတော်များများသည် 4K အဆင့်သို့ တက်နေကြပါပြီ။ 4K အဆင့်ဗီဒီယိုကို Galaxy S6 က ကောင်းကောင်းရိုက်နိုင်သည်။ မည်သည့်ဖုန်းက ဗီဒီယိုအရည်အသွေး ပိုမြင့်မည်ကို စဉ်းစားကြည့်ရုံနှင့် သိနိုင်ပါသည်။

အိုင်တီနှင့် မိုဘိုင်းနယ်ပယ်မှ နည်းပညာများ ပေါင်းစည်းလာချိန်တွင် ဖုန်းပေါ်မှ ဓာတ်ပုံများ၊ ဗီဒီယိုများကို ရုပ်မြင်သံကြားစက်ကြီးကြီးပေါ်တင်၍ ကြည့်သည်မှာ အထူးအဆန်းမဟုတ်တော့။ ထို့အတူ မိုဘိုင်းဖုန်းကို သုံး၍ ရုပ်မြင်သံကြားစက်ကို အဝေးမှ ထိန်းချုပ်သည့်ခေတ်တစ်ခေတ်သို့ရောက်လာခဲ့ပါပြီ။ ထို့ကြောင့် ရုပ်မြင်သံကြားအဝေးထိန်းစက်ပျောက်နေလျှင် စိတ်ပူစရာမလို။ မိုဘိုင်းဖုန်းရှိသည်။ ထိုဖုန်းတွင် ရှုပ်ရှုပ်ထွေးထွေး application များ ထပ်သွင်းစရာမလိုဘဲ ရုပ်မြင်သံကြားစက်အား ထိန်းချုပ်နိုင်မည်ဆိုလျှင်သာ၍ပင်ကောင်းပါသေးသည်။ Galaxy S6 တွင် ရုပ်မြင်သံကြားစက်ကို အဝေးမှ အလွယ်တကူ ထိန်းချုပ်နိုင်မည့် IR Blaster နှင့် Peel နည်းပညာများ ပါဝင်လာသည်။ iPhone က အမီလိုက်ရန် ကြိုးစားရပါဦးမည်။

ဖုန်းတို့မည်သည် ဘက်ထရီအားကြီးလာလျှင် အားသွင်းချိန်မြန်ဖို့လိုလာသည်။ အချို့သော Android ဖုန်းတို့မှာ နာရီဝက် အားသွင်းရုံနှင့် ရာခိုင်နှုန်း 60 အား ဝင်သောအဆင့်သို့ ရောက်နေပါပြီ။ သို့ဆိုသဖြင့် iPhone များ ဘက်ထရီအား သွင်းချိန်အလွန်ကြာပါသလား။ မကြာပါ။ သို့သော် အားသွင်းချိန်အလွန်လည်း မမြန်ပါ။ ကြိုးမဲ့နည်းလမ်းဖြင့် iPhone များကို အားသွင်းခွင့်ပေးဖို့ ပို၍ပင် မမြန်ပါ။ iPhone များကို ကြိုးမဲ့နည်းလမ်းဖြင့် အားသွင်းခွင့်ရရေးသည် အထူးနည်းလမ်းတစ်ရပ်ဖြစ်နေပါသေးသည်။ သို့သော် Galaxy S6 တွင် ကြိုးမဲ့နည်းလမ်းဖြင့် အားသွင်းခြင်းကို အသင့်ထည့်သွင်းပြီး ပေးလိုက်ပါသည်။

ဖုန်းအားသွင်းမှု မမြန်ဆန်ဟုဆိုသော်လည်း 2000mAh ဝန်းကျင်ရှိသော iPhone ဘက်ထရီများကို မြန်ဆန်စွာ အားသွင်းပေးနိုင်ဖို့ Apple က ကြိုးစားနေပါသည်။ လောလောဆယ်တွင် iPhone 6 ရှိ ဘက်ထရီကို အားသွင်းရန် ပျမ်းမျှကြာချိန်မှာ 90 မိနစ်ဖြစ်သည်။ Galaxy S6 မှာ ဘက်ထရီလက်ကျန်အင်အား သုညမှ တစ်ရာ ရာခိုင်နှုန်းပြည့်သည်အထိ အားသွင်းချိန် မိနစ် 80 သာကြာပါသည်။ ဖုန်းဘက်ထရီအားလက်ကျန် သုညရာခိုင်နှုန်းသို့ဆင်းသည်အထိ တောင့်ခံနိုင်သော Galaxy S6 ၏ ဘက်ထရီစနစ်ကိုလည်း ချီးကျူးဖို့ကောင်းပါသည်။

မိုဘိုင်းဖုန်းသုံးသည်ဟုဆိုရာတွင် ကိုယ်ရေးကိုယ်တာ လုံခြုံမှုရှိဖို့ကိစ္စကလည်း အရေးပါသည်။ Android သည် လောလောဆယ်တွင် Version 5.0 Lollipop သို့ အဆင့်မြှင့်လာခဲ့ပြီး ယင်းနှင့်အတူ private mode ကိုလည်း ထည့်သွင်းပေးလာခဲ့ပါသည်။ private mode ၏ ကျေးဇူးကြောင့် ဖုန်းသုံးစွဲသူတို့သည် ဖုန်းထဲရှိ မိမိဝှက်လိုသည့် ဖိုင်များကို လုံခြုံစိတ်ချစွာ ဝှက်ထားနိုင်ပါသည်။ ထိုအချိန်တွင် iPhone ၌ အသုံးပြုသော hide option သည် ဝှက်လိုသောဖိုင်များကို အလုံးစုံဝှက်မပေးပါ။ folder အောက်များတွင် ငုပ်လျှိုးနေသောဖိုင်များကို အရိပ်အမြွက်မျှ ပြပေးနေပါသေးသည်။ ဤနယ်ပယ်တွင် မည်သည့်ဖုန်းက ပို၍အားသာသည်ကို တွေးကြည့်ရုံဖြင့် သိနိုင်ပါသည်။

မိုဘိုင်းဖုန်းဖြင့် ငွေပေးချေသောစနစ်သည် နိုင်ငံတကာတွင် တွင်ကျယ်စွာ အသုံးပြုလာပြီး အလုပ်လုပ်ပုံလည်း မြန်ဆန်လာသည်။ မြန်မာ့ငွေပေးချေစနစ်ကဲ့သို့ အဆင့်များပြားရှုပ်ထွေးပြီး အချိန်ကြန့်ကြာခြင်းမျိုးမရှိပါ။ Samsung ၏ ကိုယ်ပိုင်စနစ်ဖြစ်သော Loop Pay မိုဘိုင်းဖုန်းငွေပေးချေစနစ်ကို အမေရိကန်နိုင်ငံရှိ လက်လီဆိုင် 99 ရာခိုင်နှုန်းခန့်က လက်ခံကြပါသည်။ iPhone ၏ ငွေပေးချေစနစ်ဖြစ်သော Apple Pay စနစ်ကို အမေရိကန်ပြည်ထောင်စု၌ပင်လျှင် လက်လီအရောင်းဆိုင် 3 ရာခိုင်နှုန်းခန့်ကသာ လက်ခံပါသေးသည်။ Loop Pay သည် ငွေကြေးကတ်အမျိုးအစားပေါင်းတစ်ထောင်ကျော်နှင့် အလုပ်လုပ်နိုင်ပြီး iPhone မှာမူ ငွေကြေးကတ် 107 မျိုးနှင့်သာ အလုပ်လုပ်နိုင်ပါသည်။

## Galaxy S6 တွင် ရုပ်မြင်သံကြားစက်ကို အဝေးမှ အလွယ်တကူထိန်းချုပ်နိုင်မည့် IR Blaster နှင့် Peel နည်းပညာများပါဝင်လာသည်။ iPhone က အမီလိုက်ရန် ကြိုးစားရပါဦးမည်.....

ဖုန်းတစ်လုံးအား လူကြိုက်များခြင်းမများခြင်းတွင် ထိုဖုန်းအား မိမိစိတ်ကြိုက်လိုအပ်သလို ပြုပြင်ပြောင်းလဲသုံးစွဲနိုင်သော Customization ကလည်း အရေးပါသည်။ မိမိဖုန်းအား ကုမ္ပဏီက ထုတ်ပေးလိုက်သည့်ပုံစံအတိုင်းသာ သုံးစွဲနေရမည်ဟုဆိုလျှင် နေရာမကျ။ Samsung သည် Customization ၌ အလွန်အားကောင်းလာသည်။ ထိုသို့အားကောင်းလာခြင်းမှာ Android Skin ဖြစ်သော Touchwiz ကြောင့်ဟုဆိုလျှင် မမှား။ ထို့အပြင် Touchwiz အကူအညီမပါဘဲ ကိုယ်ပိုင် Theme များထပ်ထည့်နိုင်ခြင်း၊ quick setting လုပ်နိုင်ခြင်းတို့ကလည်း ရှိသေးရာ ဤနယ်ပယ်တွင် ပုံသေကားကျ အလုပ်လုပ်သော iPhone နှင့် ကွာခြားလှပါသည်။

ယနေ့ခေတ် မိုဘိုင်းဖုန်းတို့၏ processor သည် တစ်ခုထက်မကပါဝင်လာပြီဖြစ်၍ တစ်ပြိုင်တည်းတွင် application တစ်ခုထက်မကဖွင့်၍ အလုပ်လုပ်နိုင်သည်။ ယင်း application windows တို့ကို တစ်ချိန်တည်းတွင် တစ်ခုထက်မက ဖွင့်ထားနိုင်အောင် Galaxy S6 တွင် ဆောင်ရွက်ပေးထားသည်။ ထို့ကြောင့် application တစ်ခုနှင့်တစ်ခု ချိတ်ဆက်၍ လုပ်ရသော အလုပ်များကို ပို၍ လွယ်ကူစေသည်။ ပမာအားဖြင့်ဆိုရသော် မိမိ၏ တည်နေရာကို အီးမေးလ် (သို့) IM တစ်ခုခုထဲတွင် တွဲချိတ်၍ ပေးပို့ခြင်းမျိုးဖြစ်သည်။ Multi Windows စနစ်သည် Galaxy S3 မှစ၍ ပါဝင်လာခဲ့ပြီး Galaxy S6 တွင် ပို၍ ကောင်းမွန်လာသည်။ iPhone မှာမူ application Windows တစ်ခုတည်းသာဖွင့်နိုင်သော စနစ်ထဲတွင် တွယ်ကပ်နေဆဲဖြစ်ပါသည်။







# Android M : What's Next?

#io15



ပြောရရင်တော့ ကျွန်တော်တို့ငယ်ငယ်က ကြားနေကြ သီချင်းဖြစ်တဲ့ နားပန်းဆံထဲကလို နောက်တစ်ခါလာပြန်ချည်သေးဟေ့၊ ဆိုသလိုပါပဲ။ Google ရဲ့ I/O 2015 ကြီးပြီးသွားချိန်မှာ အားလုံးရဲ့ အာရုံစိုက်မှုက Android M ပေါ်ကို စုပြုံပြီး ရောက်လာပြန်ပါတယ်။ ဘာတွေ ထူးခြားသလဲ၊ ဘာတွေပြောင်းလဲသွားမလဲဆိုတာပါ။ ဒီမှာလည်း အားနည်းချက်တစ်ခုတော့ရှိနေပါတယ်။ Android M ရဲ့ ထူးခြားချက်က အရင် Android Lollipop 5.0 မှာ အမှားအယွင်းတွေ များခဲ့တာမို့ developer တွေအနေနဲ့ Android M ကို ပိုကောင်းတဲ့ version ဖြစ်လာလေမလားလို့ မျှော်လင့်နေကြပေမယ့်၊ အခုအချိန်အထိ Lollipop ကို သူတို့ဖုန်းတွေထဲထည့်ပေးနိုင်ဖို့မှာ ပြဿနာရှိနေသေးတဲ့ ဖုန်းထုတ်လုပ်သူအများစုနဲ့ အခုအချိန်အထိ Lollipop ကိုတောင် ကိုင်မသုံးရသေးတဲ့ အသုံးပြုသူတွေရဲ့ စိတ်ဝင်စားမှုက အားနည်းနေတာပါ။

ဒီနေရာမှာ ပြဿနာရဲ့ ရင်းမြစ်က Ecosystem ဖြစ်လာပါတယ်။ Google အနေနဲ့ ကိုယ်ပိုင်ထုတ်လုပ်တဲ့၊ ဒါမှမဟုတ် တစ်စိတ်တစ်ပိုင်းအားဖြင့် ကိုယ်ပိုင်ထုတ်လုပ်တဲ့ဖုန်းတွေ၊ tablet တွေက အလုံးရေ နည်းလွန်းနေတာပါ။ Apple အနေနဲ့ကတော့ သူ့ကိုယ်ပိုင်စိတ်တိုင်းကျလုပ်ထားတဲ့ device တွေချည်းပဲရှိတာမို့ update ပေးတဲ့အခါ အလွယ်တကူ ပေးနိုင်တယ်ဆိုပေမယ့်၊ Google ကတော့ အဲဒီလိုလိုက်လုပ်ဖို့ မဖြစ်နိုင်ပါဘူး။ အဓိကကတော့ ဖုန်းထုတ်လုပ်သူတွေရဲ့ အားနည်းချက်ပါပဲ။ ဖုန်းတွေကို နင်းကန်ပြီး ထုတ်ထားပေမယ့်၊ နောက်ကနေ Software update လိုက်ပေးဖို့ကိုတော့ ပျက်ကွက်နေခြင်းပါ။ ဒီအချက်က ရေရှည်မှာ Apple ရဲ့ iPhone, iPad တွေနဲ့ Android device တွေ အကြားအဟပ်ကွာမှုကို ပိုပြီး ထင်ထင်ရှားရှားဖြစ်လာစေမှာဖြစ်ပြီး၊ အသုံးပြုသူတွေအနေနဲ့ Android device တွေအပေါ် အယုံအကြည်လည်း နည်းသွားစေပါလိမ့်မယ်။

Android M ကို အမှန်တကယ်မြင်ရဖို့ဆိုတဲ့ကိစ္စမှာ Google အနေနဲ့ ဒီအချက်တွေကို မစဉ်းစားဘဲ ထားမှာမဟုတ်ပါဘူး။ Android L တုန်းက ဖြစ်ခဲ့ရတဲ့ အမှားအယွင်းတွေကို Google အနေနဲ့ အသေးစိတ်ပြန်လည် ပြင်ဆင်နိုင်ရေး ကြိုးပမ်းသွားမှာပါ။ ဒါကြောင့်လည်း Nexus device တွေကို မျိုးကွဲတွေ စုံစုံလင်လင်ရှိအောင် အတတ်နိုင်ဆုံး Google ဘက်က ချဲ့ထွင်လာနေသလို၊ Android One လိုမျိုး အစီအစဉ်တွေလုပ်ပြီးတော့လည်း Latest အဖြစ်ဆုံး Android ကို device တွေပေါ်မှာ များနိုင်သမျှ များများရောက်အောင် လုပ်ဖို့ စီစဉ်ပေးနေတာလည်းဖြစ်ပါတယ်။

အရင်က Android version အသစ်တစ်ခုထွက်လာပြီဆိုရင် ကျွန်တော်တို့က ဖုန်းတွေ၊ Tablet တွေမှာလောက်ပဲ စိတ်ဝင်တစားရှိခဲ့ တာပါ။ အခုအခါမှာတော့ အဲဒီလိုသီးခြားခွဲပြီး ကြည့်လို့မရတော့ပါဘူး။ အခုဆိုရင် Android ဟာ ဖုန်းတွေ၊ tablet တွေ တင်မကဘဲ၊ အိမ်သုံး ပစ္စည်းတွေဖြစ်တဲ့ TV တွေ၊ ဂိမ်းစက်တွေ၊ နောက်တစ်ခါ Wearable တွေဖြစ်တဲ့ Android Wear စမတ်နာရီတွေ၊ ကားတွေမှာသုံးတဲ့ Android Auto လိုမျိုးတွေအထိ အပြန့်ကျယ်ကျယ်မြင်တတ်ဖို့လိုလာပါတယ်။ Android L နဲ့စခဲ့တဲ့ ဒီလမ်းကြောင်းဟာ အခု Android M မှာ ပိုပြီးခိုင်ခိုင် မာမာရှိလာပြီး အစောပိုင်း စမ်းသပ်သုံးစွဲလိုသူတွေရဲ့ လက်ထဲကို အမှန်တကယ်ရောက်လာတော့မှာပါ။ လက်ရှိမှာကိုပဲ အများစုက Android Wear တွေကို ဝတ်ဆင်နေကြပြီဖြစ်ပေမယ့်၊ တကယ်တမ်းမှာ နောက်မှရောက်တဲ့ Apple Watch က ဖောင်ဦးခေါ်တာကို ခံလိုက်ရပါတယ်။ ဒါကို အမီလိုက်နိုင်ရေး Android M နဲ့ ပြင်ဆင်သွားရမှာပါ။

Google အနေနဲ့ Android ရဲ့ လိုအပ်ချက်တွေကို တဖြည်းဖြည်း ပြင်ဆင်ယူလာခဲ့တာဟာ ဒီနေ့ဒီအချိန်မှာ Apple ရဲ့ iOS Ecosystem ကို အမီလိုက်နိုင်လုနီးပါးဖြစ်နေပါပြီ။ အရင်က iPhone တွေပဲရှိခဲ့ရာက အခု Android စမတ်ဖုန်းတွေက ပိုပြီးနေရာယူနိုင်လာပါတယ်။ ဒီလိုပဲ iPad တွေကသာ tablet လောကကို လွှမ်းမိုးခဲ့ပေမယ့် နောက်ပိုင်းမှာ Android Tablet တွေက အရေအတွက်မှာ သရေတူလွဲယူနိုင်လိုက်ပြန်ပါ တယ်။ လက်ရှိမှာတော့ Apple ရဲ့ App Store ဟာ app တွေ အများ ဆုံးရှိတဲ့နေရာဆိုပေမယ့် Play Store ကလည်း နောက်မှ အများကြီးပြတ်ကျန်မနေပါဘူး။ Apple TV ကို ယှဉ်နိုင်ဖို့ Android TV platform နဲ့ Nexus Player တွေကလည်းရှိနေပါပြီ။ CarPlay ကို ယှဉ်ဖို့လည်း Android Auto ကရှိနေပါတယ်။ လက်ရှိ စစ်တလင်းမှာ အဓိကပြိုင်ဆိုင် ရမှာကတော့ Wearable တွေပါပဲ။ Android M ဟာ အဲဒီနယ်ပယ်ကို အဓိကထိုးဖောက်နိုင်ဖို့ ပြင်ဆင်မှုတွေရှိထားမယ်လို့လည်း မျှော်လင့်ရတာပါ။ကျွန်တော်တို့ Android M ဟာ ဘယ်လိုရှိမယ်ဆိုတာကို အရင်ကြိုပြီး မှန်းဆကြည့်ရအောင်ပါ။ မကြာခင်မှာ Nexus 6 တွေမှာ Preview အနေနဲ့ရနိုင်တော့မယ်ဆိုပေမယ့် အခုအချိန်မှာတော့ I/O 2015 မှာ Google က ပြောခဲ့တာတွေ အပေါ်ပဲ အဓိကအခြေခံပြီး ကြည့်ကြရပါမယ်။








## Android M

ပြီးခဲ့တဲ့နှစ်က Google အနေနဲ့ တကယ့်ကို ရှပ်ထွေးပြီး လှပသေသပ်မှုရှိတဲ့ operating system တစ်ရပ်အဖြစ် Android Lollipop ကို ထုတ်လုပ်ခဲ့ပြီး ဖုန်းတွေ၊ TV တွေ၊ ကားတွေ၊ နာရီတွေအထိအားလုံးနဲ့ လိုက်ဖက်မယ့် ဒီဇိုင်းအသစ်ကိုလည်း တီထွင်ပေးခဲ့ပါတယ်။ ဒီနှစ်မှာတော့ Android M ဟာ ဒါတွေကို ပိုကောင်းအောင် refine လုပ်ပေးမယ့် အစီအစဉ်အဖြစ်လာမှာပါ။

အခုလို တစ်နှစ်ချင်းစီအလိုက် တီထွင်ဆန်းသစ်မှုလုပ်လိုက်၊ နောက်တစ်နှစ်မှာဒါကို ပိုကောင်းအောင် refine လုပ်လိုက်ဆိုတဲ့ ပုံစံနဲ့ လည်ပတ်နေတဲ့ စက်ဝိုင်းသံသရာမျိုးကို နည်းပညာနယ်ပယ်ကလူတွေ ကောင်းကောင်းရင်းနှီးပြီးသားဖြစ်နေမှာပါ။ ဒါပေမယ့် အခုဟာက Google အနေနဲ့ ရှေ့ဘာဆက်လုပ်မယ်ဆိုတာကို မှန်းဆရခက်လာပါတယ်။ အရင်လုပ်ဖူးနေကြ၊ ဘက်ထရီသက်တမ်းပိုကြာကြာခံဖို့တို့ Setting တွေမှာ ရှပ်ထွေးနေရင် ရှင်းထုတ်လိုက်တာတို့၊ နည်းနည်းမသေမသပ်ဖြစ်နေတဲ့ နေရာကို အချောသပ်ပေးတာတို့တစ်တွေကတော့ ဆက်ရှိနေဦးမှာပါ။ အသစ်ကျပ်ချွတ်ဝန်ဆောင်မှုတွေနဲ့ feature တွေကတော့ mobile payment system အသစ်တစ်ခုကို ပြန်လည်ပြင်ဆင်ထည့်ပေးလာမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ အနေနဲ့ ဒီနှစ်ပတ်လည် upgrade တွေမှာ မြင်နေကြတွေကိုပဲဆက်ပြီးမြင်ရဦးမှာပါပဲ။ ဒီနှစ်ထွက်လာတဲ့ Android M update ဟာဆိုရင် ကြည့်ရတာငယ်တယ်ဆိုပေမယ့် တကယ်တမ်းအရွယ်အစားက အတော်လေးကြီးပါတယ်။ စမတ်ဖုန်းတွေကို အသုံးပြုရာမှာ ပိုမိုအဆင့်မီလာစေဖို့အတွက် Google ရဲ့ ဒီနှစ်အတွင်း ဘာတွေလုပ်သွားမယ်ဆိုတာကို ကြည့်ရအောင်ပါ။

## Now on Tap

Android M ဟာ တကယ်တော့ Google ရဲ့ mobile OS ကို ပိုပြီး smart ဖြစ်အောင် လုပ်ယူခဲ့တာပါ။

Android M အတွက် အကြီးမားဆုံးနဲ့ အရေးအကြီးဆုံး တိုးတက်မှုကတော့ Google အနေနဲ့ Now on Tap ဆိုတဲ့ စနစ်သစ်တစ်ရပ်ကို မိတ်ဆက်ပေးခဲ့တာပါပဲ။ ဒါက Google Now ရဲ့ evolution တစ်ခုပါ။ Google ရဲ့ Search ဝန်ဆောင်မှုကို ကိုယ်တစ်ခုခု သိချင်လာပြီဆိုတာနဲ့ ဘာကိုသိချင်နေတယ်ဆိုတာကို အလိုအလျောက်ခန့်မှန်းပေးတဲ့ ဝန်ဆောင်မှုနဲ့ ပေါင်းစပ်ပေးထားတဲ့ စနစ်ပါပဲ။ Home button ကို အပေါ်ဘက် Swipe လုပ်လိုက်ပြီဆိုတာနဲ့ ကိုယ့်အတွက် အဆင်ပြေမယ်လို့ ခန့်မှန်းထားတဲ့ information တွေကို card ကလေးတွေနဲ့ စီကာစဉ်ကာ ပြပေးမယ့်စနစ်ပါ။ အခုတော့ Android M အနေနဲ့ ဒီစနစ်ကို app တစ်ခုတည်းအနေနဲ့မဟုတ်ဘဲ၊ ရှိသမျှ app အားလုံးနဲ့ တွဲဖက်ဆောင်ရွက်နိုင်စေဖို့ ရည်ရွယ်တည်ဆောက်လာနေပြီဖြစ်ပါတယ်။

Now ကို စပြီးမိတ်ဆက်ခဲ့တာဟာ အခုဆိုရင် ၃နှစ်ကျော်သွားပါပြီ။ Google အနေနဲ့ သူတို့ရဲ့ data source တွေကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ရယူနိုင်ဖို့ လုပ်နေရပါတယ်။ ဒါကြောင့် အခုအခါ Now ဟာပိုပြီး smart ဖြစ်လာရင်း ကိုယ့် location တွေ၊ calendar တွေ၊ inbox တွေ၊ လတ်တလောရှာထားတဲ့ search တွေအစရှိတဲ့ ရနိုင်သမျှ ဒေတာတွေကို စုစည်းပြီး ကိုယ်ဘာသိချင်နေတယ်ဆိုတာကို ကိုယ်တောင်မသိသေးခင် မှန်းဆနိုင်တဲ့စနစ်တစ်ရပ်အဖြစ် ဖန်တီးလာတာပါ။

အခုဆိုရင် Android M ဟာ app တစ်ခုကို ဖွင့်ထားပြီး home button ကို ဖိထားလိုက်ရုံနဲ့ Android က screen ကို ဖတ်ပြီး အဲဒါနဲ့ သက်ဆိုင်တဲ့ Now card တွေကို ဖန်တီးပြီးတော့ information တွေကို ပေးနိုင်လာပါမယ်။ Google ရဲ့ product engineering ဌာနက ဒါရိုက်တာဖြစ်သူ Aparna Chennapragada ကတော့ "ဒါက smart copy/paste လို့မြင်ကြည့်လိုက်ပါ" လို့ ပြောပါတယ်။ ကိုယ်သိချင်တာကို copy အရင်လုပ်၊ နောက်ထပ် app တစ်ခုကို ဖွင့်ပြီး paste ပြန်လုပ်ရမယ့်အစား home button ကို ဖိထားလိုက်ရုံနဲ့ Now ဟာ ကိုယ်လိုချင်တဲ့ အချက်အလက်တွေကို အလွယ်တကူရှာပေးနိုင်စေပါမယ်။

Google ရဲ့ Sundar Pichai ကတော့ Google Now ကို app တွေထဲတိုးချဲ့ယူခြင်းဟာ Google ရဲ့ အသုံးပြုသူတွေရဲ့ information တွေကို စနစ်တကျစုစည်းပေးဖို့ဆိုတဲ့ core mission ကို ဖော်ဆောင်ခြင်းရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ Mobile လောကမှာ အလုပ်နည်းနည်းလုပ်ပြီး အဖြေကို မြန်မြန်ရဖို့က အရေးကြီးတယ်လို့ သူကထောက်ပြခဲ့ပြီး Google အနေနဲ့ machine learning စနစ်ကို အသုံးပြုပြီးတော့ context တွေကို နားလည်ဖို့ သင်ယူပြီး နေရာတိုင်းမှာ ပြန်လည်အသုံးချပေးတဲ့စနစ်ကို ဖော်ဆောင်ထားတယ်လို့ ဆိုပါတယ်။ "Mobile ပေါ်မှာ တစ်ကမ္ဘာလုံးက အချက်အလက်တွေကို စုစည်းနိုင်ဖို့ စဉ်းစားရာမှာ လူတွေအနေနဲ့ အလုပ်တွေပြီးဖို့ လွယ်ကူဖို့ကိုပဲ စဉ်းစားကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တတ်နိုင်သမျှ ခပ်ဝေးဝေးလှမ်းဖို့လိုပြီး အသုံးပြုသူတွေ လိုအပ်တဲ့နေရာတိုင်းမှာ ကူညီပေးနိုင်မယ့် နည်းလမ်းမျိုးကို စဉ်းစားရတာပါ"လို့ Pichai ကဆိုပါတယ်။ Now on Tap ဟာ အဲဒီလို အကူအညီဖြစ်စေမယ့် နည်းလမ်းပါပဲ။

Chennapragada ပြတဲ့ demo ဟာဆိုရင် အတော်လေးကို နိုးရှင်းကောင်းမွန်ပါတယ်။ WhatsApp chat ထဲမှာ အခြောက်လျှော်ရမယ့် အဝတ်တွေ၊ စားသောက်ဆိုင်သွားဖို့တွေပါတဲ့ Chat conversation တစ်ခုကို home button ကို ဖိပြီး scan လုပ်လိုက်တာနဲ့ Google Now က အလိုလိုပေါ်လာပြီး အဝတ်လျှော်ဆိုင်သွားဖို့ reminder တစ်ခု၊ စားသောက်ဆိုင်နဲ့ ပတ်သက်တဲ့ info card တစ်ခု၊ ဆိုင်ရဲ့ review တွေနဲ့ map တစ်ခုကိုပါ ထည့်ပေးထားပါတယ်။

လက်ရှိမှာတော့ စာသားတွေ ပါနေသေးတဲ့ screen ကိုပဲ ဖတ်နိုင်သေးပေမယ့် အနာဂတ်မှာတော့ နေရာတွေ၊ ပုံတွေကိုပါ ဖတ်နိုင်တော့မှာပါ။ home button ကို ဖိထားတာပဲဖြစ်ဖြစ်၊ Ok Google လို့ပြောလိုက်ရင်ပဲဖြစ်ဖြစ်၊ ဒီ program ကို စတင်နိုင်ပြီး အဲဒီ screen နဲ့ ဆက်နွယ်တဲ့ မေးခွန်းတွေကို မေးနိုင်ပါတယ်။ ဥပမာအားဖြင့် ကိုယ်က သီချင်းနားထောင်နေရင်းနဲ့ အဲဒီ band မှ ခေါင်းဆောင်အဆိုတော်က ဘယ်သူလဲဆိုတာကို Google ကို လှမ်းမေးနိုင်ပါတယ်။

- Web Camera, Card Reader

Price : US$ 166
Contact Phone : 09 73171213



## Huawei Y541 U02
- 4.5" IPS capacitive Touch Screen
- 1.2 GHz Quad Core
- Storage 8GB (up to 32GB)
- RAM 1GB
- 8MP & 2MP Front Camera
- Android 4.4.2 OS ( Kitkat)
- Li-po 1730 mAh Battery

Price : 98,000 Kyats
Contact Phone : 09 73171213



## Huawei Honor 3C
- 5.0" IPS Capacitive Touch Screen
- 1.3GHz Quad Core
- Storage 16GB (Up to 3GB)
- RAM 1GB
- 8MP 1.9MP Front Camera
- Android 4.2.2 OS (Jelly Bean)
- Li-Po 2000 mAh Battery

Price : 139,000 Kyats
Contact Phone : 09 73171213

# How to buy?



## Vehicle Blackbox DVR K-6000
**Price - 27,800 Kyats , Ph: 01 252627**

ကားဖြင့်မိမိသွားရာခရီးစဉ်တစ်လျှောက်လုံးကို မှတ်တမ်းတင်ပြုစုထားနိုင်ဖို့အတွက်ကားအသုံးပြုသူ User တိုင်းအတွက်အသုံးဝင်စေနိုင်တဲ့ Camera ငယ်လေးတစ်ခုပါ။ Recoding Video, Photo နှစ်မျိုးလုံးအသုံးပြုနိုင်ပြီး HD Resolution 640×480, 848×480, 1280×720 ဖြင့်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ LCD Screen 2.4" TFT ဖြင့်တိုက်ရိုက်ကြည့်ရှုနိုင်ပါတယ်။ memory အနေဖြင့် USB Micro SD Card ကို 2GB မှ 32GB ထိထည့်သွင်းအသုံးပြုနိုင်မှာမို့ အသုံးပြုရအဆင်ပြေစေနိုင်မှာဖြစ်ပါတယ်။ Built in Battery ပါဝင်ပေးထားပြီး Power ကို AC/DC နှစ်မျိုးဖြင့်အသုံးပြုနိုင်ပါတယ်။



## Samsung GalaxyTab S SM-T705
- Storage 16GB SSD
- 8.4" Super AMOLED Capacitive
- Processor 1.9GHz Quad Core
- RAM 3GB
- Android 4.4.2 OS (Kitkat)
- Battery Life 4900mAh
- 8MP Camera & 2.1MP Front Camera

Price : 529,000 Kyats
Contact Phone : 09 73171212



## Samsung Galaxy Tab S SM-T805
- Storage 16GB SSD
- 10.5" Super AMOLED Capacitive
- Processor 1.9GHz QuadCore
- RAM 3GB
- Android 4.4.2 OS (Kitkat)
- Battery Life 7900mAh
- 8MP Camera & 2.1 MP Front Camera

Price : 645,000 Kyats
Contact Phone : 09 73171212



## Samsung Galaxy Tab A P-555
- Storage 16GB SSD
- 9.7" TFT Capacitive Touch Screen
- Processor 1.2GHz Quad Core
- RAM 2G DDR3
- Android 5.0.2 OS
- Battery Life 6000 mAh
- 5MP Camera & 2 MP Front Camera
- Bluetooth 4.0, Web Camera

Price : 459,000 Kyats
Contact Phone : 09 73171212



## Samsung Galaxy Tab 4 SM-T231
- Storage 8GB SSD
- 7.0" WXGA LCD Capacitive Touch Screen
- Processor 1.2 GHz Quad Core
- RAM 1.5GB
- Android 4.4.2 OS
- Battery Life 4000 mAh
- 3.0MP & 1.3 MP Front Camera
- Bluetooth 4.0, Web camera

Price : 222,000 Kyats
Contact Phone : 09 73171212



## Huawei GX1
- 6.0" IPS Capacitive Touch Screen
- 1.2GHz Quad Core
- Storage 8GB (Up to 32GB)
- RAM 1GB
- 8MP & 2MP Front Camera
- Android 4.4.4 OS (Kitkat)
- Li-Po 3500 mAh Battery

Price : 219,000 Kyats
Contact Phone : 09 73171214

# BUDGET Phones

## Huawei Y 520


88,000/-

01-245281

| | |
|---|---|
| Network | : GSM/WCDMA |
| Screen | : 4.5 inches |
| CPU | : Dual Core |
| RAM | : 1 GB |
| Camera | : 5 MP |
| Storage | : 4 GB |
| OS | : Android 4.4.2 |
| SIM Card | Dual Sim |

## Huawei Y 330


70,000/-

01-245281

| | |
|---|---|
| Network | : GSM/WCDMA |
| Screen | : 4 inches |
| CPU | : Dual Core |
| RAM | : 1 GB |
| Camera | : 5 MP |
| Storage | : 4 GB |
| OS | : Android 4.3 |
| SIM Card | Dual Sim |

## M 100


82,000/-

01-245281

| | |
|---|---|
| Network | : GSM/WCDMA |
| Screen | : 5 inches |
| CPU | : Quad Core1.2GHz |
| RAM | : 512 MB |
| Camera | : 5 MP |
| Storage | : 4 GB |
| OS | : Android 4.4.2 |
| SIM Card | Dual Sim |

## Gionee P 3


90,000/-

01-245281

| | |
|---|---|
| Network | : GSM/WCDMA |
| Screen | : 4 inches |
| CPU | : QuadCore 1.3GHz |
| RAM | : 512 MB |
| Camera | : 5 MP |
| Storage | : 4 GB |
| OS | : Android 4.2 |
| SIM Card | Dual Sim |

## OPPO Joy


99,000/-

01-245281

| | |
|---|---|
| Network | : GSM/WCDMA |
| Screen | : 4 inches |
| CPU | : DualCore 1.3GHz |
| RAM | : 512 MB |
| Camera | : 3 MP |
| Storage | : 4 GB |
| OS | : Android 4.2.2 |
| SIM Card | Dual Sim |

## Gionee P 2S


91,000/-

01-245281

| | |
|---|---|
| Network | : GSM/WCDMA |
| Screen | : 4 inches |
| CPU | : Dual Core 1.3GHz |
| RAM | : 512 MB |
| Camera | : 5 MP |
| Storage | : 4 GB |
| OS | : Android 4.2.2 |
| SIM Card | Dual Sim |

## Huawei 8813


90,000/-

09-250033115

| | |
|---|---|
| Network | : 2G |
| Screen | : 4.5 inches |
| CPU | : Quad Core |
| RAM | : 1GB |
| Camera | : 5 MP |
| Storage | : 4 GB |
| OS | : Android 4.4.2 |
| SIM Card | Dual Sim |

## Hisense U 936


85,000/-

09-250033115

| | |
|---|---|
| Network | : 3G |
| Screen | : 4.5 inches |
| CPU | : Quad Core 1.2GHz |
| RAM | : 512 MB |
| Camera | : 3 MP |
| Storage | : 4 GB |
| OS | : Android 4.3 |
| SIM Card | Dual Sim |

## Coolpad 7268


90,000/-

09-250033115

| | |
|---|---|
| Network | : 3 G |
| Screen | : 4.5 inches |
| CPU | : Quad Core 1 GHz |
| RAM | : 512 MG |
| Camera | : 8 MP |
| Storage | : 4 GB |
| OS | : Android 4.2.2 |
| SIM Card | Dual Sim |

# KEYPAD Phones

## DGVO C 500e


42,000/-

09-73032800

| | |
|---|---|
| Network | : GSM |
| Screen | : 1.5 inches |
| Camera | : 0.3 MP |
| Storage | : 2 GB |
| Bluetooth | : No |
| OS | : Java |
| SIM Card | Dual Sim |

## DGVO C 830e


40,000/-

09-73032800

| | |
|---|---|
| Network | : GSM |
| Screen | : 1.5 inches |
| Camera | : 0.3 MP |
| Storage | : 2 GB |
| Bluetooth | : No |
| OS | : Java |
| SIM Card | Dual Sim |

## DGVO C 800e


36,000/-

09-73032800

| | |
|---|---|
| Network | : GSM |
| Screen | : 1.5 inches |
| Camera | : 3.2 MP |
| Storage | : Cardslot |
| Bluetooth | : No |
| OS | : Java |
| SIM Card | Dual Sim |

## Boss Style U 201


35,000/-

09-250033115

| | |
|---|---|
| Network | : 3 G |
| Screen | : 2 inches |
| Camera | : 2 MP |
| Storage | : Cardslot |
| Bluetooth | : No |
| OS | : Java |
| SIM Card | Dual Sim |

## Newings C 820


37,000/-

09-250033115

| | |
|---|---|
| Network | : CDMA |
| Screen | : 2 inches |
| Camera | : 2 MP |
| Storage | : Cardslot |
| Bluetooth | : Yes |
| OS | : Java |
| SIM Card | Single Sim |

## Boss Style 5S


23,000/-

09-250033115

| | |
|---|---|
| Network | : 2 G |
| Screen | : 1.5 inches |
| Camera | : 2 MP |
| Storage | : Cardslot |
| Bluetooth | : Yes |
| OS | : Java |
| SIM Card | Dual Sim |

## Huawei C 5900


50,000/-

09-250033115

| | |
|---|---|
| Network | : CDMA |
| Screen | : 2 inches |
| Camera | : 2 MP |
| Storage | : Cardslot |
| Bluetooth | : Yes |
| OS | : Java |
| SIM Card | Single Sim |

## Cherry Mobile M 1


26,000/-

09-250033115

| | |
|---|---|
| Network | : CDMA |
| Screen | : 1.5 inches |
| Camera | : 2 MP |
| Storage | : Cardslot |
| Bluetooth | : No |
| OS | : Java |
| SIM Card | Single Sim |

ဖုန်းဈေးနှုန်းများကို Best One Mobile, Hot-1 Mobile နှင့် ROYAL TECH ဆိုင်များမှကောက်ယူထားပါသည်။ 15-6-2015 နေ့အထိ ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။

ARTICLE KNOWLEDGE

# Windows 10

## Windows 10 ၏ နောက်ဆုံးသတင်းများ



နေခင်စိုး (ထားဝယ်)

Windows 10 ကို 2015 ခုနှစ်၊ ဇူလိုင်လအကုန်မှာ ထုတ်မယ်လို့ Microsoft က တရားဝင်ပြောသွားပြီ။ ကျွန်တော်တို့မှာ Windows 8.1 လေးမြည်းကြည့်လို့မှ အရသာသိမယ် မကြိုသေးဘူး။ Windows 10 ရောက်လာတော့မယ်ဆိုတော့ 32GB Memory Stick တစ်ချောင်း အဆင်သင့်ဆောင်ထားရပါတယ်။ ကျွန်တော့ကွန်ပျူတာတွေက စမ်းသပ်ရင်း စမ်းသပ်ရင်းနဲ့ Multiple boot ဖြစ်ကုန်တာများလို့ ဒီတစ်ခါတော့ USB Boot တက်ရင်း Windows 10 ကို ရှင်းရှင်းလင်းလင်းသုံးမယ် စိတ်ကူးတယ်။ စိတ်ကြိုက်တွေ့မှ Partition ခွဲပြီးအပြီးတင်မယ်ပေါ့။

Windows ကို တရားဝင်ဝယ်သုံးတဲ့လူနည်းပေ့ဆိုတဲ့ မြန်မာပြည်မှာ Windows 10 ကို စိတ်ဝင်စားသလို ကမ္ဘာကလည်း စိတ်ဝင်စားပါတယ်။ ဘာကြောင့် စိတ်ဝင်စားတာလဲ။ အခမဲ့ဆိုတဲ့ စကားပါလာလို့ခင်ဗျ။ Microsoft ဆိုတဲ့ ကုမ္ပဏီက သူ့ OS အသစ်မပြောနဲ့ OS အဟောင်းတွေတောင် တစ်ခါမှ အလကားရမယ် မပြောဖူးဘူး။ Windows 8 ထွက်တုန်းကလည်း Windows 7 သမားတွေ upgrade လုပ်ရင် အလကားမရဘူး။ ဈေးအနည်းအပါး သက်သက်သာသာနဲ့ upgrade လုပ်ရတာပဲရှိတယ်။ အခုတော့ဗျာ။ Windows 10 ထွက်ပြီး ပထမဆယ့်နှစ်လအတွင်းမှာဆိုရင် Windows 7 သမားနဲ့ 8 သမားတွေက အခမဲ့ upgrade တဲ့။ Windows XP နဲ့ Vista သမားတွေကတော့ ပိုက်ဆံပေးရမယ်။ ဒါပေမယ့် ဈေးသက်သက်သာသာနဲ့ upgrade လုပ်ရမှာပါ။

Upgrade လုပ်တဲ့အခါမှာ သက်ဆိုင်ရာ Level အလိုက်ပဲ upgrade လုပ်ခွင့်ပေးမှာပါ။ ဥပမာပြောရရင် Windows 8 Pro သုံးတဲ့လူက Windows 10 Pro ကို အဆင့်မြှင့်ခွင့်ရတာမျိုးပါ။ 9 လက်မအောက် တက်ဘလက်တွေလည်း Windows 10 က အခမဲ့၊ Windows Phone တွေအတွက်လည်း Windows 10 က အခမဲ့။ တစ်ခါမှ အလကားမပေးဘူးတော့ ကျန်တဲ့လူတွေက တွေးကြပါတယ်။ Microsoft တော့ ဆင်ကြကြနေပြီလားမသိ။ Windows 10 ကို Service တစ်ခုအနေနဲ့ သဘောထားပြီး နှစ်စဉ်ကြေးများတောင်းနေဦးမလားဆိုပြီး သို့လောသို့လော။ Windows as a service ဖြစ်လာရင် ကျွန်တော်တို့တော့ Windows ကြီးနဲ့ အပြီးတိုင်လမ်းခွဲရပါပြီတို့ ဘာတို့ ညာတို့ ပြောသူကလည်း ရှိသေး။ မသိတာမှတ်လို့။

ကျွန်တော်တို့ တစ်ပြည်လုံး Pirated Windows ပဲ သုံးတယ်ဆိုတာ မျိုးဟာကြီးများ။ Microsoft က Windows ကို Service တစ်ခုအနေနဲ့ စီရင်လိုက်ပြီပဲထား။ ဟက်ကာဆရာများ စီရင်အပ်တဲ့ Offline Windows တွေက ဆက်ကာဆက်ကာထွက်မှာ အသေအချာ။ Photoshop CS6 ထွက်ပြီးတဲ့အချိန်မှာ Adobe က နောက်ထွက်တဲ့ Photoshop CC ကို DVD နဲ့ ထုတ်ရောင်းလို့လား။ မရောင်းရေးချမရောင်း။ လစဉ်ကြေး နှစ်စဉ်ကြေးနဲ့ အွန်လိုင်းမှာ သုံးဖို့လုပ်ထားတယ်။ ဒါဖြင့် Photoshop CC ကို မြန်မာနိုင်ငံသားတွေ မသုံးရတော့ဘူးပေါ့။ အဖျင်းတန်ပြီး 2G အဆင့်လောက်ပြည့်အောင်မှမရတဲ့ မိုဘိုင်းအင်တာနက်၊ သီးခြားလိုင်း အင်တာနက် (ဖိုင်ဘာလိုင်းမပါ)တွေနဲ့ အွန်လိုင်း Photoshop CC ကို ဘယ်လိုသုံးကြမှာတုန်း။ မပူပါနဲ့။ ဆော့ဖ်ဝဲစီဒီဆိုင်မှာ Photoshop CC တွေပုံလို့။ update မလုပ်နိုင်တာက လွဲရင် Photoshop CC ကို အဆင့်တစ်ခုထိ ပြည့်မီအောင် သုံးနိုင်ပါသဗျာ။

Windows လည်း ဒီအတိုင်းလာမှာပဲ။ သူများသံယောင်လိုက်တိုင်း သိပ်ပြီး စိတ်မညစ်ကြပါနဲ့။ အသံကြောင့် ဖားသေတယ်ဆိုတဲ့စကားကြားဖူးတယ်မဟုတ်လား။ Pirated Windows သုံးလို့သက်ဆိုင်ရာ လူကြီးမင်းများကလာပြီး ကွပ်ညှပ်မံလားလို့ စဉ်းစားတဲ့လူလည်းရှိနိုင်တယ်။ ကျွန်တော်တို့ရဲ့ လူကြီးမင်းပြောတဲ့ စကားရှိပါတယ်။ Windows ကို FOC ရရင် သုံးမတဲ့။ ပြတ်ကရော၊ သူ့ဌာနဆိုင်ရာတွေတောင် Windows ကို တရားဝင် ဝယ်သုံးနိုင်းရင် အကြေပြတ်သွားမယ်။ အဲဒီတော့ Windows နဲ့ ကျွန်တော်တို့ဟာ မိတ်ဝတ်မပျက်ဆက်ဆံရေးရှိနေဦးမှာ သေချာပါတယ်။

Windows 10 ဟာ Microsoft တရားဝင်ပြောတဲ့အတိုင်းဆိုရင် version ခုနစ်မျိုးရှိပါမယ်။ အများပြည်သူသုံးနိုင်ဖို့ ဈေးအသက်သာဆုံးက Windows 10 Home ပါ။ အရင်လို Basic တွေ Premium တွေ မရှိတော့ပါဘူး။ အခမဲ့ပေးမယ်ဆိုတာလည်း ဒီ version ပဲဖြစ်မယ်ထင်ပါရဲ့။ Windows ကို ထိထိမိမိသုံးချင်သူတွေနဲ့ စီးပွားရေးလုပ်ငန်းငယ်တွေအတွက် Windows 10 Pro ရှိပါမယ်။ ကုမ္ပဏီကြီးတွေ ကော်ပိုရေးရှင်းကြီးတွေက အပြည့်စုံဆုံးစွမ်းဆောင်ရည်ပါတဲ့ Windows 10 Enterprise ကိုသုံးနိုင်ပါမယ်။ ပညာရေးလောကထဲက ဆရာ၊ ဆရာမနဲ့ ကျောင်းသူ၊ ကျောင်းသားတွေဈေးချိုချိုသုံးနိုင်ပါစေဆိုပြီး ထုတ်ပေးလိုက်တာက Windows 10 Education ပါ။ စမတ်ဖုန်းနဲ့ တက်ဘလက်အငယ်တွေမှာတော့ Windows 10 Mobile ကို သုံးဖို့ရည်ရွယ်ထားပါတယ်။ စီးပွားရေးလုပ်ငန်းကြီးတွေမှာ သုံးမယ့်ဖုန်းတွေ၊ တက်ဘလက်အကြီးစားတွေအတွက် Windows 10 Mobile Enterprise ရှိပါမယ်။ အင်တာနက်နဲ့ အမြဲချိတ်ထားတဲ့ပစ္စည်းတွေ (Internet of things လို့ခေါ်တဲ့ ပစ္စည်းမျိုးတွေ) အတွက် Windows 10 IoT Core ရှိပါမယ်။

Windows 10 ကို အခမဲ့ပေးမယ်ပြောတာချည်းများတော့ Microsoft ဘာနဲ့သွားစားမလဲပြောတဲ့လူလည်းရှိတယ်။ သူပြောတာလည်း မမှားဘူး။ ဒါပေမယ့် Microsoft တာဝန်ရှိသူက ပြောသွားပါတယ်။ ဆော့ဖ်ဝဲတွေနဲ့ ထပ်တိုးဝန်ဆောင်မှုတွေကနေ ပိုက်ဆံရှာမှာပါတဲ့။ ဆိုပါစို့ Office 365 လိုဟာမျိုး။ အွန်လိုင်း MS Office လိုဟာမျိုးတွေပါ။ လော လောဆယ် Windows 10 ကို ဝန်ဆောင်ကြေးနဲ့သုံးတဲ့နယ်ထဲ ဆွဲမထည့်သေးဘူးစိတ်ချ။ သူ့ရည်ရွယ်ချက်က တစ်နှစ်အတွင်း Windows 10 သုံးတဲ့ လူသန်းတစ်ထောင်ပြည့်မီရေးတဲ့၊ အဲဒီတော့ Microsoft ဟာ သူ့လည်ပင်းသူကြိုးကွင်းစွပ်တဲ့ အလုပ်ကို လုပ်မှာမဟုတ်သေးဘူး။ အလကားပေးတန်သလောက်ပေးပေမယ့် အသစ်ထွက်တဲ့ ကွန်ပျူတာမော်ဒယ်တွေကလည်း နှစ်စဉ်ရှိနေတာကိုးဗျ။ အဲဒီပေါ်မှာတင်ပေးမယ့် Windows 10 က အလကားမရဘူး။ လိုင်စင်ကြေးပေးရမယ်။ သက်ဆိုင်ရာ ကွန်ပျူတာထုတ်လုပ်သူတွေက Volume License ဝယ်ပြီးသုံးကြရမှာပါ။ ကွန်ပျူတာ အရောင်းကျသွားတယ်ဆိုပေမယ့် လောလောဆယ်မှာ တစ်နှစ်ကို PC အသစ် (desktop/ Laptop/ All in one အပါအဝင်) သန်းတစ်ရာကျော်လောက်ရောင်းနေပါသေးတယ်။ PC လောကရဲ့ 90 ရာခိုင်နှုန်းလောက်ကို Windows OS တွေက ကြီးစိုးထားတာပါ။

Microsoft က ထူးထူးဆန်းဆန်းပြောတဲ့ စကားတစ်ခွန်းလည်းရှိသေးတယ်။ သူတို့ရဲ့ Windows 10 ဟာ နောက်ဆုံး Windows ဖြစ်ပါသတဲ့။ ဆိုလိုရင်းက Windows 10 ရဲ့ အခြေခံသွင်ပြင်ကို မပြောင်းဘဲ ထပ်တိုးစွမ်းရည်တွေသာ ကွဲလွဲသွားမယ်ဆိုတဲ့ သဘောပါ။ Apple ကို ကြည့်ပါ။ ကျွန်တော်တို့ OSX ကိုပဲ တွေ့ရမယ်။ OSX 1 ဆိုတာတွေ့သလား။ OSX ကို အဆင့်မြှင့်ရင်းမြှင့်ရင်း နာမည်အခေါ်အဝေါ်တွေ ပြောင်းတယ်။ 2001 ကနေ 2012 အထိက ကြောင်ကြီးမျိုး (ကျား၊ ခြင်္သေ့)တွေ နာမည်ကြီးပဲ။ 2013 ရောက်တော့မှ ကယ်လီဖိုးနီးယားနယ်ထဲက အထင်ကရနာမည်တွေနဲ့ တွဲပြီးလာတာပါ။ ပြောရရင် Mavericks တို့ Yosemite တို့လိုပေါ့။ Microsoft ကလည်း Apple ကို အားကျပုံရပါတယ်။ Windows 8.1 ပြီးတဲ့ အချိန်မှာ Windows 9 မလာဘဲ 10 လာတာသာကြည့်တော့။



Microsoft တာဝန်ရှိသူတွေအပြောကတော့ နှစ်စဉ်အသေးစား ထပ်တိုးစွမ်းရည်တွေထည့်ပေးသွားမယ်။ သုံးနှစ်တစ်ကြိမ်လောက်မှာ အကြီးစားမြှင့်တင်မှုတွေလုပ်မယ်၊ Windows 10 ကို ဘာကြောင့် 11 တွေ 12 တွေ မလုပ်ချင်ရသလဲ။ Interface ကြောင့်ပါ။ Interface နဲ့ပတ်သက်ပြီး Microsoft မှာ အထိနာထားတာတွေရှိတယ်။ မျက်စိယဉ်ပြီးသား Windows XP ကနေ Windows Vista ပြောင်းတုန်းက ခံရပြီးပြီ။ Windows 7 ကနေ 8 ပြောင်းတော့လည်း ဒီအတိုင်းပဲ။ Interface နဲ့ စွမ်းဆောင်ရည်ပိုင်း အကြီးအကျယ်ပြောင်းလဲတာက user တွေကို ထိခိုက်စေတယ်။ အသစ်ပြောင်းသွားတဲ့ Windows ကို အသစ်ပြန်ပြီး သင်ယူနေရတာတွေရှိလာတယ်။ မူလရှိပြီးသားအသုံးတည့်တာလေးတွေကို ဖျောက်လိုက်လို့ သုံးစွဲသူတွေအခက်တွေ့ကြပြန်ရော။ ဒါကြောင့် Windows 10 မှာ Start Menu ပြန်ပါလာပါမယ်။ Windows 10 ဟာ Windows 8 ကို အခြေခံပါတယ်။ ဒါကြောင့် Windows 10 ကို အားရပါးရသုံးမယ်ကြံထားသူတွေ Windows 8 နဲ့ မျက်စိယဉ်အောင်လေ့ကျင့်ထားသင့်ပါတယ်။

> Windows ကို တရားဝင်ဝယ်သုံးတဲ့ လူနည်းပေ့ဆိုတဲ့ မြန်မာပြည်မှာ Windows 10 ကို စိတ်ဝင်စားသလို ကမ္ဘာကလည်း စိတ်ဝင်စားပါတယ်။ ဘာကြောင့် စိတ်ဝင်စားတာလဲ။ အခမဲ့ဆိုတဲ့ စကားပါလာလို့ခင်ဗျ…

Microsoft က Windows 10 ကို အခမဲ့ ဒါမှမဟုတ် ဈေးချိုချိုနဲ့ ပေးမှာပါ။ ဒါပေမယ့် နှစ်စဉ်ထပ်ထည့်မယ့် ထပ်တိုးစွမ်းရည်တွေကိုတော့ အခမဲ့ရချင်မှရပါလိမ့်မယ်။ သုံးချင်ရင် ပိုက်ဆံထပ်ပေးပေါ့ဗျာ။ ဒီနည်းနဲ့ သူပိုက်ဆံရှာဖို့ရှိပါတယ်။ နောက်တစ်ခု စိတ်ဝင်စားဖို့ကောင်းတာက Android နဲ့ iOS application တွေ ဂိမ်းတွေကို Windows 10 ပေါ်မှာ တင်ပြီး သုံးနိုင်မယ်ဆိုတဲ့ ကိစ္စ။ ကျွန်တော်တောင် ရင်ခုန်မိပါတယ်။ ဒါပေမယ့် Microsoft အပြောကရှင်းပါတယ်။ Emulator တွေ သုံးပြီး အဲဒီ application တွေ ဂိမ်းတွေကို တင်ပေးမှာမဟုတ်ပါဘူးတဲ့။ Windows နဲ့ ဆက်စပ်လို့ရမယ့် စနစ်တစ်ခုသုံးပြီး တင်ရမှာပါ။ အဲဒီ application နဲ့ ဂိမ်းတွေကိုလည်း Microsoft ရဲ့ ခွင့်ပြုချက်နဲ့တင်ရမယ်လို့ ဆိုထားပါသေးတယ်။ Windows 10 နဲ့ ချိတ်လို့ရအောင် developer တွေက အနည်းအပါးပြင်ရေးပြီး Microsoft နဲ့ ပေါင်းလုပ်စားမှာလား။ ဒါလည်း ဖြစ်နိုင်ခြေရှိပါတယ်။ ဝင်ငွေရှာနည်းတစ်မျိုးပေါ့။ ကျွန်တော်တို့ ဒီနေ့သုံးတဲ့ Wave တို့လို BlueStacks တို့လိုဖြစ်ချင်မှ ဖြစ်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် လူ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေသုံးပြီး လုံခြုံမှုယူမယ့် Biometrics, လူ့အသံကို များများသုံးပြီးခိုင်းနိုင်မယ့် Voice recognition တွေကြောင့် Windows 10 ဟာ စောင့်ရကျိုးနပ်ပါလိမ့်မယ်။

# TUTORIAL Android

စမတ်ဖုန်းတွေရဲ့အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုကတော့ ဖုန်းရဲ့လုံခြုံရေးပါပဲ။ အပျော်တမ်းသဘောမျိုးနဲ့ရိုက်ကူးထားတာဖြစ်စေ၊ တမင်တကာ သိမ်းဆည်းထားချင်လို့ရိုက်ကူးထားခြင်းကြောင့်ဖြစ်စေ၊ စမတ်ဖုန်းအများစုမှာ ပုံတွေနဲ့ဗီဒီယိုဖိုင်တွေရှိနေတတ်ပါတယ်။ စမတ်ဖုန်းကိုင်ဆောင်ထားသူအနေနဲ့ မိမိဖုန်းမှာရိုက်ကူးထားတဲ့ တချို့သောပုံတွေကိုတော့ အခြားသူတွေကိုမြင်တွေ့စေလိုမှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် လူတိုင်းမှာ တစ်ကိုယ်ရေလုံခြုံရေးဆိုတာ အရေးကြီးတာကြောင့်ပါပဲ။ တချို့ app တွေဟာလုံခြုံတယ်ဆိုပေမယ့်လည်း အလုံးစုံလုံခြုံတယ်လို့ မဆိုနိုင်ပါဘူး။ App ထည့်သွင်းထားတာသိတဲ့သူတွေက အလွယ်တကူ uninstall ပြုလုပ်ပြီး ဖုန်းထဲမှာရှိတဲ့ အချက်အလက်တွေကို အလွယ်တကူ ကြည့်ရှုသွားလို့ရနိုင်တာကြောင့်ပါပဲ။ Gallery Vault ဟာဖုန်းထဲမှာ icon ကိုဖျောက်ထားလို့ရနိုင်သလို၊ ပြန်လည်ဖော်မယ်ဆိုရင်လည်း pass code ကိုသိရှိမှသာရနိုင်မှာကြောင့် မိမိရဲ့ပုံနဲ့ဗီဒီယိုဖိုင်တွေကို ဖွက်ထားသူတွေအတွက်အဆင်ပြေစေပါလိမ့်မယ်။ App ရဲ့လုံခြုံရေးအဆင့်မြှင့်တင်ထားမှုတွေကြောင့် အခြား app တွေထက်သုံးစွဲသူတွေရဲ့ထောက်ခံမှုကိုရရှိထားပါတယ်။ သင့်ဖုန်းလုံခြုံရေးအတွက် အဆင်ပြေစေမယ့် ဆော့ဝဲလေးဖြစ်လို့ စမ်းသပ်သုံးစွဲကြည့်သင့်ပါတယ် . . .

## Gallery Vault-hide

ထက်နိုင်

Gallery Vault apk ကို Phone ရဲ့ Storage တစ်ခုခု ထဲကို ထည့်ပြီး တစ်ချက်နှိပ်လိုက်ပါမယ်။ ပြီးရင် install ကို ဆက်နှိပ်ပါ။




အနည်းငယ်ကြာတာနဲ့ application install လုပ်ပြီးကြောင်း box ပေါ်လာပါမယ်။ done ကိုနှိပ်ပါ။ ပြီးရင် all application ထဲက Gallery Vault icon ကိုရှာပြီး ဖွင့်လိုက်ပါ။




ပထမဆုံး app ပွင့်လာတဲ့အခါမှာတော့ application ကိုပြုလုပ်အသုံးချရမယ်ဆိုတဲ့ tutorial တွေကိုပြသထားတာတွေ့ရမှာပါ။ next ကိုနှိပ်ပြီးဆက်သွားမယ်ဆိုရင် passcode ပေးရမယ့်နေရာကို ရောက်သွားပါလိမ့်မယ်။




Passcode ရိုက်ထည့်ရမယ့်နေရာမှာတော့(၂)ကြိမ် ရိုက်ထည့်ပေးရမှာဖြစ်ပါတယ်။ continue နဲ့ဆက်သွားမယ်ဆိုရင်တော့ သုံးစွဲမယ့်သူရဲ့ gmail လိပ်စာကိုထည့်သွင်းပေးရမှာဖြစ်တာကြောင့် ဖုန်းကိုအင်တာနက်ဖွင့်ထားရပါလိမ့်မယ်။




ဒီအဆင့်မှာတော့သုံးစွဲသူအနေနှင့် စမတ်ဖုန်းထဲမှာ ဖွက်ထားချင်တဲ့ ပုံနဲ့ ဗီဒီယိုဖိုင်တွေကိုထည့်သွင်းနိုင်မှာဖြစ်ပါတယ်။ gallery ထဲကနေတိုက်ရိုက်ထည့်သွင်းနိုင်သလို ချက်ချင်းရိုက်ပြီးတော့လည်း add ပြုလုပ်နိုင်မှာဖြစ်ပါတယ်။




video file တွေကိုဖွင့်လှစ်ကြည့်ရှုမယ်ဆိုရင်တော့ ဖုန်းထဲမှာထည့်သွင်းထားတဲ့ media player တွေနဲ့ချိတ်ဆက်ပေးပါလိမ့်မယ်။ ပုံတွေပြန်ကြည့်မှာလား၊ video ကြည့်မှာလားဆိုတာရွေးချယ်ပေးရမှာဖြစ်ပါတယ်။




Setting ထဲကိုဝင်ရောက်လိုက်မယ်ဆိုရင်တော့ app ရဲ့ပြန်လည်ပြင်ဆင်နိုင်မယ့် လုပ်ဆောင်ချက်တွေကိုတွေ့မြင်ရမှာဖြစ်ပြီး shake close ကိုတော့ pro version မှာသာသုံးစွဲနိုင်မှာဖြစ်ပါတယ်။ Backup, restore ပြုလုပ်တာတွေကို လုပ်ဆောင်နိုင်မယ့်အပြင် passcode ကို ချိန်းချင်ရင်လည်းရပါတယ်။




Application icon ကိုဖျောက်ထားလို့လည်းရနိုင်ပါတယ်။ Hide icon ကို on ပြုလုပ်လိုက်မယ်ဆိုရင် dialer မှာသွားပြီးတော့ ##passcode ကိုရိုက်ထည့်ရမှာဖြစ်ပါတယ်။ ဒါဆိုရင် icon ကိုမြင်တွေ့ရတော့မှာမဟုတ်ပါဘူး။ ပြန်လည်မြင်တွေ့ချင်တယ်ဆိုရင်တော့ dialer မှာပဲ ##passcode ကိုရိုက်ထည့်ပြီး ပြန်ဖော်နိုင်မှာပါ။




သူ့မှာပါဝင်တဲ့နောက်ထပ်အားသာချက်ကတော့ ဖိုင်အသစ်တွေပြုလုပ်လို့ရနိုင်တာပါပဲ။ အောက်ဘက်ကခုခုမြောက်မှာ မြင်တွေ့ရတဲ့ plus sign လေးပေါ်ဖိလိုက်တာနဲ့ ဖိုင်အသစ်ပြုလုပ်ဖို့အတွက် ဖြည့်သွင်းစရာ name ကိုပေးလိုက်ရုံပါပဲ။




စမ်းသပ်အသုံးပြုချင်တယ်ဆိုရင်တော့ File size 1.17 MB ရှိပြီး Android OS Version 2.3 နဲ့ အထက်မှာ အဆင်ပြေစွာ အသုံးပြုနိုင်ပါတယ်။ http://goo.gl/n7IUia မှာ ရယူနိုင်ပါတယ်။





# Skype နဲ့ Viber ဘာတွေ ကွာသလဲ

ငြိမ်း ချမ်း (BE-IT)

ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် ဖုန်းပြောတဲ့အခါပဲဖြစ်ဖြစ်၊ messages တွေ ပို့တာပဲဖြစ်ဖြစ် viber ကို သုံးစွဲလေ့ရှိပါတယ်။ အဓိက ကတော့ အင်တာနက်သုံးစွဲသောကျသင့်မှာဖြစ်ပြီး ဖုန်းခေါ်ဆို၊ message ပို့ခတွေက ပုံမှန်ဖုန်းလိုင်းမှာ အသုံးပြုတာတွေထက်များစွာ သက်သာသော ကြောင့်ဖြစ်ပါတယ်။ ပြည်တွင်းမှာ Viber ကို တော်တော်လေးအသုံးပြု ကြပါတယ်။ အများစုအတွက်အသုံးပြုရတာလည်း လွယ်ကူလို့ ဖြစ်ပါတယ်။ Viber လိုပဲ နိုင်ငံတကာမှာ အသုံးများတဲ့ အခြားသော messaging apps တစ်ခုရှိပါတယ်။ အဲဒါကတော့ Skype ပဲဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံမှာတော့ အသုံးပြုမှု ရာခိုင်နှုန်းနည်းပါးကြပါတယ်။ ဒီတော့ Viber နဲ့ Skype တို့ရဲ့ ကွာခြားချက်လေးတွေကို စိတ်ဝင်စားမိ လို့ ဒီအကြောင်းတွေကို ရေးသားဖော်ပြပေးလိုက်ပါတယ်။

ဒီ apps တွေက သင့်ရဲ့ contacts တွေကို ဖုန်းခေါ်ဆိုမှုတွေနဲ့ message ပေးပို့မှုတွေ လုပ်ဆောင်ဖို့အတွက် အခမဲ့ခေါ်ဆိုပေးပို့နိုင်ပြီး အင်တာနက်အသုံးပြုရမှာဖြစ်ပါတယ်။ နှစ်ခုစလုံးမှာသင့်ရဲ့ profile ကို တည်ဆောက်ထားနိုင်မှာဖြစ်ပါတယ်။

## အသုံးပြုရလွယ်ကူမှု

Skype ရော Viber ရောနှစ်ခုစလုံးက အသုံးပြုရအလွန်လွယ်ကူကြ ပါတယ်။ တည်ဆောက်ထားတဲ့ layout ပုံစံတွေကလည်း သိပ်ကွာခြားမှုမရှိ ပါဘူး။ Viber ကတော့ သင့်ရဲ့ဖုန်းနံပါတ်ကို Verify လုပ်ဖို့အသုံးပြုရမှာဖြစ် ကာ အဆိုပါ ဖုန်းနံပါတ်က သင့်ရဲ့ username အဖြစ်ရှိနေမှာပါ။ ဖုန်းနံပါတ်နဲ့ verify လုပ်ပြီးတဲ့အခါ သင့်ရဲ့ ဖုန်း contacts ထဲမှာရှိနေတဲ့ list တွေက သင့်ရဲ့ viber account ထဲကို အလိုအလျောက်ပေါင်းထည့် သွားမှာဖြစ်ပါတယ်။ တကယ်လို့ ပေါင်းထည့်ထားတဲ့ contacts တွေက viber အသုံးပြုနေသူတွေဖြစ်ရင်တော့ သူတို့ကို viber ကနေ စကား ပြောနိုင်၊ ဖုန်းခေါ်ဆိုနိုင်မှာ ပဲဖြစ်ပါတယ်။ Viber ကို အသုံးပြုဖို့ login ဝင်ရန်အတွက် password ထည့်သွင်းဖို့ မလိုအပ်ပါဘူး။ သင့်အနေနဲ့ viber အတွက် password မှတ်သားထားဖို့ မလိုအပ်ပါဘူး။

အခြားတစ်ဖက်အနေနဲ့ Skype ကတော့ gmail တို့လိုပဲ account တစ်ခုဆောက်ထားရမှာဖြစ်ပါတယ်။ ထို့ကြောင့် login ဝင်တဲ့အခါ သင့်ရဲ့ username နဲ့ password ကို ထည့်သွင်းဖို့ လိုအပ်မှာဖြစ်ပါတယ်။




Viber နဲ့မတူတဲ့ အချက်ကတော့ သင့်ရဲ့ contacts တွေကို manually အားဖြင့် တစ်ယောက်ချင်းစီထည့်သွင်းဖို့ လိုအပ်မှာဖြစ်တဲ့အတွက် အချိန် တော့ ကုန်မှာဖြစ်ပါတယ်။

## ဈေးနှုန်း

Viber app က free ရပြီး သင့်ရဲ့ messages တွေ ပို့တာ၊ ဖုန်း ခေါ်ဆိုမှုတွေ လုပ်တာတွေကို အခမဲ့လုပ်နိုင်မှာဖြစ်ပါတယ်။ Appstore ကနေအခမဲ့ download လုပ်ပြီး အသုံးပြုနိုင်မှာဖြစ်ပါတယ်။ သို့သော် လည်း သင့်အနေဖြင့် ကြိုးဖုန်းများနှင့် မိုဘိုင်းဖုန်းများကို ဖုန်းခေါ်ဆိုမှု များအတွက်ကတော့ အခကြေးငွေပေးရမှာဖြစ်ပါတယ်။ အဆိုပါ ဝန်ဆောင်မှုကို Viber Out လို့ခေါ်ဆိုပြီး Viber numbers မဟုတ်တဲ့ ကြိုးဖုန်းတွေနဲ့ မိုဘိုင်းဖုန်းတွေကို ဈေးနှုန်းသက်သာစွာ ဖုန်းခေါ်ဆိုနိုင်မှာ ပဲဖြစ်ပါတယ်။

Viber လိုပဲ Skype က အခမဲ့ download လုပ်နိုင်မှာဖြစ်ပါတယ်။ ထို့ပြင် ကြိုးဖုန်းများနဲ့ မိုဘိုင်းဖုန်းများကို ဖုန်းခေါ်ဆိုမှုများပြုလုပ်ဖို့ အခ ကြေးငွေပေးသွင်းဖို့လိုအပ်မှာဖြစ်ပါတယ်။

## Data ဘယ်လောက်စားသုံးသလဲ

Viber နှင့် Skype တို့ဟာ VoIP (Voice over IP) apps တွေ ဖြစ်ကြပြီး VoIP စနစ်က messaging နဲ့ voice calls တွေ ပြုလုပ် ရာမှာငွေကုန်ကြေးကျသက်သာစေဖို့ ရည်ရွယ်ထားတာပါ။ ပုံမှန်အားဖြင့် မိုဘိုင်း devices တွေ အနေနဲ့ VoIP ခေါ်ဆိုမှုတွေပြုလုပ်နိုင်ဖို့အတွက် 3G (သို့) 4G data plan တွေရယူထားဖို့လိုအပ်ပါတယ်။ သို့သော်လည်း WiFi ကွန်ရက်ကနေ ဖုန်းခေါ်ဆိုမှုတွေအတွက်ကတော့ အဲဒါတွေမလိုအပ်ပါ ဘူး။

ယေဘုယျအားဖြင့်တော့ data စားသုံးမှုအနေနဲ့ ကြည့်မယ်ဆိုရင် viber က skype ထက်ပိုမိုဈေးသက်သာစွာ သုံးစွဲနိုင်စေမှာဖြစ်ပါတယ်။ viber က တစ်မိနစ်တာ ဖုန်းခေါ်ဆိုမှုအတွက် 250KB ဝန်းကျင်သာ ကုန်မှာဖြစ်ပေမယ့် skype ကတော့ ထို့ထက်ပိုမိုများပြားစွာကုန်မှာပါ။ သို့သော်လည်း skype ကတော့ viber နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် စမတ်ဖုန်းတွေမှာရော desktops ပိုင်းတွေမှာရော အသံနဲ့ဗီဒီယိုခေါ်ဆို မှုများမှာ အရည်အသွေးပိုမိုကောင်းမွန်တာကို တွေ့ရပါတယ်။ ဘာကြောင့် လဲဆိုတော့ skype က အသံပိုင်းကြည်လင်ပြတ်သားဖို့ HD voice စနစ်ကို အသုံးပြုပြီး codecs များကို အဆင့်မြှင့်ထားသောကြောင့်ဖြစ်ပါ တယ်။ ထို့ကြောင့် data စားသုံးမှုပိုင်းမှာတော့ viber က ပိုမိုကောင်းမွန် ပေမယ့် VoIP calls ခေါ်ဆိုမှုတွေအတွက်ကတော့ skype က ပိုမိုကောင်း မွန်ပါတယ်။

## ရေပန်းစားမှု

Apps တွေရဲ့ ရေပန်းစားမှုကတော့ များသောအားဖြင့် သုံးစွဲသူတွေ ဘယ်လောက်များပြားသလဲဆိုတာနဲ့ တိုင်းတာလေ့ရှိပါတယ်။ လက်ရှိ အနေအထားအရကတော့ Skype က ပိုမိုရေပန်းစားပြီးသုံးစွဲသူများပြား ပါတယ်။ ဒါဟာလည်း Skype က ရှေ့ဦးစွာပေါ်ပေါက်လာခဲ့တဲ့အတွက် ဖြစ်တယ်လို့ ယူဆရပါတယ်။

## လုပ်ဆောင်ချက်များ

VoIP apps တွေရဲ့ လုပ်ဆောင်ချက်တွေကလည်း သူတို့ရဲ့ အားသာ ချက်နဲ့ အရည်အသွေးတွေကို ပံ့ပိုးပေးနေပြီး အဲဒါတွေက သုံးစွဲသူတွေ အတွက် သူတို့သုံးစွဲမယ့် apps တွေနဲ့ ဝန်ဆောင်မှုတွေကို ရွေးချယ်ရ တဲ့အချက်တွေလည်းဖြစ်ပါတယ်။ viber မှာတော့ ကန့်သတ်ချက်ရှိသော အခြေခံလုပ်ဆောင်ချက်တွေပဲရှိနေသေးပြီး skype ကတော့ ဆယ်စုနှစ် တစ်ခုအတွင်း လုပ်ဆောင်ချက်တွေ တစ်ခုပြီးတစ်ခု ပေါင်းထည့်လာခဲ့တဲ့ အတွက် များစွာသော လုပ်ဆောင်ချက်တွေနဲ့ ပြည့်နှက်နေပါတယ်။

Skype အနေနဲ့ များစွာသော လက်ခံသူတွေကို ဖုန်းခေါ်ဆိုမှုများ ပြုလုပ်နိုင်ပြီး call recording လုပ်နိုင်မယ့် အချက်တွေလည်းပါဝင်ပါ တယ်။ Advanced settings တွေ၊ configurations တွေ၊ Service plans နဲ့ Premium plans တွေများစွာရှိပါတယ်။ ထို့ပြင် hardware ပိုင်း ထောက်ပံ့မှုတွေ အနေနဲ့လည်း skype ကို သုံးစွဲဖို့ အထူးပြုလုပ် ဆောင်ထားတဲ့ headsets, microphone နဲ့ web cameras တွေ များစွာကို ဝယ်ယူသုံးစွဲနိုင်ပါတယ်။ Skype သုံးစွဲဖို့ ဒီဇိုင်းလုပ်ထားတဲ့ skype phone တွေကိုလည်း ဝယ်ယူသုံးစွဲနိုင်မှာဖြစ်ပါတယ်။

စာမျက်နှာ ၃၄ သို့

ဖုန်းဝယ်မယ်ဆို မိုဘီလို
MOBILO
မြန်မာစာစနစ်ပါဝင်ပြီး
(၁) နှစ်အာမခံ
လိုင်းဆွဲအားစစ်ဆေးပြီး
အပိုပစ္စည်းပေါ်များခြင်း

# Sudoku

## MobileGuide ဆုဒိုခု ဂိမ်းပြိုင်ပွဲ အမှတ်စဉ် (၁၀၅)

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| 3 | 7 | 5 | | 9 | | | | 2 | | | 8 |
| | | | | | 2 | | 1 | 3 | | | 10 |
| | | | | | 7 | | 10 | | | | 11 |
| 12 | 10 | | 9 | 11 | | | 4 | 5 | | | |
| | 4 | 6 | 3 | 7 | | | 5 | 8 | | | 12 |
| | | | | | | | | | 3 | 2 | |
| | 5 | 10 | | | | | | | | | |
| 11 | | | 4 | 2 | | | 3 | 7 | 8 | 10 | |
| | | | 1 | 5 | | | 7 | 12 | | 6 | 4 |
| 10 | | | | 1 | | 8 | | | | | |
| 2 | | | 7 | 4 | | 12 | | | | | |
| 9 | | | 8 | | | | 6 | | 1 | 3 | 2 |

အမည် ..............................................

နေရပ်လိပ်စာ ..............................................

..............................................

မှတ်ပုံတင်နံပါတ် ..............................................

ဖုန်းနံပါတ် ..............................................

အီးမေးလ် ..............................................

**ဆုဒိုခု ဂိမ်းစည်းမျဉ်းစည်းကမ်းများ**

၁။ အတိုင် (Column) တစ်ခုချင်းစီတွင် "၁" မှ "၁၂" အထိ ဂဏန်း ၁၂ လုံးကို မထပ်အောင်ထည့်ရပါမည်။ မည်သည့်အစီအစဉ်နှင့်မဆို ထည့်နိုင်ပါသည်။
၂။ အတန်းများ (Row) တွင်လည်း အထက်ပါအတိုင်းထည့်သွားရပါမည်။
၃။ အကွက် ၁၂ ကွက်စီပါသော ဖုန်တစ်ခုချင်းစီအတွင်းတွင်လည်း ဂဏန်း ၁၂ လုံးကို မထပ်အောင် ထည့်ရပါမည်။
၄။ ဤနည်းအတိုင်း အကွက်အားလုံးကို ကုန်အောင်ဖြည့်စွက်ရပါမည်။
၅။ မိတ္တူ (သို့မဟုတ်) အီးမေးလ်ဖြင့်ပေးပို့ခြင်း လက်မခံပါ။

**MobileGuide Information Technology & Lifestyle Journal**
**အမှတ် ၉၃၊ ပထမထပ်၊ ၁၁ လမ်း(ပေါ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉၇၃၁ ၈၇၉၅၄ ၊ ၀၉၄၂၀၀ ၇၇၇၀၀**

ဆုဒိုခုအဖြေလွှာများကို အပတ်စဉ် သောကြာနေ့ ညနေ ၃ နာရီအထိ နောက်ဆုံးထားပြီး Mobile-Guide ဂျာနယ်တိုက်သို့ ပေးပို့ရပါမည်။

အဖြေမှန်ဆုရရှိသူများကို အပတ်စဉ် ထွက်ရှိမည့် Mobile Guide ဂျာနယ်တွင် ဖော်ပြပေးပါမည်။

၁။ အဖြေမှန်သူ ၁ ဦးတည်း ရှိပါက ကုမ္ပဏီများမှ ပေးအပ်ထားသော အမှတ်တရ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပါမည်။

၂။ အဖြေမှန်သူ တစ်ဦးထက် ပိုပါက ၂ ဦးကို မဲနှိုက်ရွေးချယ်ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပါမည်။

SONICGEAR POWERLOGIC | 1212 CALL CENTER | MEGA9 Purified Drinking Water | SAAG | OKER
Transcend | acer explore beyond limits™ | T.LAND | NEC Empowered by Innovation | ASUS

**ဆုဒိုခုဂိမ်းပြိုင်ပွဲအမှတ်စဉ် (၁၀၄) မဲပေါက်သူများမှာ –မယမင်းလွင်(၁၄/ဝခမ(နိုင်)၁၇၉၄၃၈)၊ မရွှေရည်စိုးလွင်(၁၀/သထန(နိုင်)၁၃၃၁၀၂)တို့ ဖြစ်ပါသည်။**

# မြန်မာကျောင်းသားများအတွက် အင်္ဂလန်နိုင်ငံ Bellerbys College မှ ကျပ်သိန်း ၁၀၀ ပညာသင်ဆုချီးမြှင့်ထောက်ပံ့မည်

အင်္ဂလန်နိုင်ငံ Bellerbys College မှ မြန်မာကျောင်းသားများအတွက် ကျပ်သိန်း ၁၀၀ ကျော် ပညာသင်ဆုချီးမြှင့်မည့် အစီအစဉ်ကို CROWN Education တွင် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

အင်္ဂလန်နိုင်ငံ Oxford, Cambridge, London နှင့် Brighton တို့တွင် ဖွင့်လှစ်ထားသော Campus များတွင် သင်ကြားမည့် A Level သင်တန်းအတွက် လျှောက်ထားတက်ရောက်လိုသည့် မြန်မာကျောင်းသားများကို မြန်မာငွေကျပ် သိန်း ၁၀၀ ကျော်နှင့်ညီမျှသော စတာလင်ပေါင် ၆၀၀၀ တန်ဖိုးရှိ ပညာသင်ဆုကို ချီးမြှင့်သွားမည်ဖြစ်သည်။

Bllerbys College သည် Pre GCSE နှင့် GCSE (3 or 4 terms) တစ်နှစ်၊ A Level course(6 terms) နှစ်နှစ်၊ နှစ်စဉ် ဇန်နဝါရီ (သို့) ဧပြီလများတွင် ဖွင့်လှစ်သည့် (5 terms) တစ်နှစ်ခွဲ (သို့) (3 terms) သုံးနှစ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ထို့အတူ Foundation Program များအဖြစ် Business, Finance and Management, Law and International Relation, Engineering and Computer Science, Management Computing System, Science and Pharmacy, Art and Design and Humanities ဘာသာရပ်သင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။

အဆိုပါ Foundation Program များကို UK ရှိ Bristol, Nattingham, Leeds နှင့် Lancasterအပါအဝင် တက္ကသိုလ်ပေါင်း ၅၀ ကျော်က အသိအမှတ်ပြုထားပါသည်။ ထို့အပြင် ၎င်းတက္ကသိုလ်များရှိ ဒုတိယနှစ် ဘွဲ့ကြိုတန်းသို့ တိုက်ရိုက်တက်ရောက်နိုင်မည့် Level 4 program ကိုလည်း ၂၀၀၉ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ပညာသင်ဆုအတွက် အသေးစိတ်သိရှိလိုပါက CROWN Education ၊ အမှတ် ၂၇၀၊ မြေညီထပ်၊ မြေနီကုန်း၊ ပြည်လမ်း။ ဖုန်း ၀၁–၅၂၇၈၃၈၊ ၀၉–၅၀၈၅၁၈၅၊ ၀၉–၄၅၀၀၁၀၀၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်သည်။

**ရဲလင်းလင်းသန်း**

# Idevices များအတွက် လက်တွေ့သုံးနည်းပညာ iPhone, iPad Service Guide

*ပြုစုသူ– သန်းထိုက် (ရွှေရိပ်)*

ယနေ့နည်းပညာကြီးစိုးတဲ့ ခေတ်ကြီးမှာ နာမည်အကြီးဆုံးနှင့် လူတိုင်း အလိုချင်ဆုံးပစ္စည်းတစ်ခုကတော့ iPhone ဖြစ်ပါတယ်။ Apple ကုမ္ပဏီရဲ့ iPhone ကို မသိသူမရှိလောက်ပါဘူး။ အသုံးပြုဖူးသူတိုင်းဟာလည်း iPhone မှ iPhone လို့အကြိုက်တွေ့ကြပါတယ်။ ဒါပေမယ့် iPhone သုံးစွဲသူတိုင်း iPhone အကြောင်းကို သေသေချာချာမသိကြသလို iPhone သုံးစွဲနည်းအစုံအလင်ကိုလည်းမသိကြတာများပါတယ်။

အခန်း (၁၁)ခန်းပါဝင်တဲ့ ဒီစာအုပ်မှာ iDevices နှင့် iOS အကြောင်း ကို အခန်း (၁)မှာ တွေ့ရမှာဖြစ်ပါတယ်။ အခန်း (၂)မှာတော့ Apple Product တစ်ခုခုကို ပိုင်ဆိုင်ထားလျှင် မေ့ထား၍မရသော iTunes လုပ်ငန်းခွင်ဖြစ်ပြီး၊ အခန်း (၃)မှာ iOS Upgrade ပြုလုပ်ခြင်းကို တွေ့ရမှာပါ။ Jailbreak လုပ်ငန်းခွင်မှာတော့ iDevices တွေမှာ Jailbreak ဘာကြောင့် လိုတယ်ဆိုတာ အခန်း (၄)မှာ ပြည့်စုံစွာဖော်ပြထားပါတယ်၊ Hardware Unlocking, Software Unlocking တွေကို ရှင်းပြထားသလို မည်သည့် Lock iPhone ကိုမဆို SIM Unlock လုပ်နိုင်သည့် နည်းတွေကိုပါ Unlocking လုပ်ငန်းခွင်မှာ စုံလင်စွာ တွေ့ရမှာဖြစ်ပါတယ်။ Downgrade ပြန်ဆင်းဖို့၊ iDevices များနှင့် တွဲဖက်လုံခြုံရေးစနစ်များ၊ iCloud အသုံးများတို့ကိုလည်း တစ်ခန်းပြီးတစ်ခန်းတွေ့ရမှာဖြစ်သလို Hardware လုပ်ငန်းခွင်ကတော့ လိုအပ်တဲ့အခါ ကိုယ်ပိုင် iDevices ကို ကိုယ်ပိုင်ပြင်ဆင်လဲလှယ်နိုင်ဖို့ ထည့်သွင်းထားတာပါ။ ဒါ့အပြင်




ဖုန်းပြုတ်ကျသွားတဲ့အခါ ရေစိုသွားတဲ့အခါတွေမှာ မည်သို့ပြုလုပ်သင့်သည်တွေကို ညွှန်ကြားပြသထားသည့် iDevices များအတွက် လက်တွေ့သုံးနည်းပညာစာအုပ်ကို မဇ္ဈိမစာပေ 01-392835, 09-73059935, 09-5056843 တို့မှ တစ်အုပ်လျှင် 4500 ကျပ်ဖြင့် ဖြန့်ချိထားပါတယ်။

# TECH NEWS UPDATE

## News Headline ...

### Messages ရဲ့ bug ကို ပြင်ဆင်ပေးမယ့် Apple

Apple အနေနဲ့ Message app မှာ ကြုံနေရတဲ့ iPhone ရဲ့ bug ကို ရှေ့လာမယ့် iOS 8.4 မှာ ပြင်ဆင်ပေးသွားမယ်လို့ ဆိုပါတယ်။ ဖွန်လ 30 ရက်နေ့ မတိုင်မီထွက်လာမယ့် iOS 8.4 မှာ Unicode စာလုံးတွေကြောင့် Message app ရဲ့ ပြဿနာဖြစ်နေရတာကို Apple ဘက်က ဖြေရှင်းပေးလိမ့်မယ်လို့ MacRumors က ပြောပါတယ်။ Apple အနေနဲ့ Siri ကို အဓိကအခြေခံပြီး ဒီပြဿနာကို ဖြေရှင်းမှာဖြစ်သလို၊ ဒီလကုန်မှာ ပြဿနာကို အပြီးသတ်ဖြေရှင်းမယ်လို့ ဆိုပါတယ်။ လက်ရှိမှာ Apple အနေနဲ့ သူတို့ကိုယ်ပိုင် Streaming music ဝန်ဆောင်မှုဖြစ်တဲ့ Apple Music ကို iOS 8.4 မှာ စတင်ထည့်သွင်းသွားဖို့ ရှိနေပြီး Beats ကို ဝယ်ယူပြီးကတည်းက အကြီးမြိုက်ပြင်ဆင်ခဲ့တဲ့ ဒီဝန်ဆောင်မှုဟာဆိုရင် Streaming ဈေးကွက်မှာ နေရာရပြီးသား Spotify တို့လို ဝန်ဆောင်မှုတွေနဲ့ ယှဉ်ပြိုင်သွားရမှာပါ။

### Line မှ Line Music app ကို ထုတ်လုပ်

Chat app တစ်ခုဖြစ်တဲ့ Line ဟာ ဂျပန်မှာ လွှမ်းမိုးမှုအရှိဆုံးဖြစ်သလို၊ အခြားသော နိုင်ငံတွေမှာလည်း အတော်လေးအောင်မြင်တဲ့ app တစ်ခုဖြစ်ပါတယ်။ Line ဟာ ဂျပန်မှာ streaming service တစ်ခုကို တည်ထောင်ခဲ့ပြီး၊ Line Music ကို အခုအခါမှာ ဂျပန်မှာစတင်အသုံးပြုနိုင်ပြီဖြစ်ကာ၊ တေးဂီတထုတ်လုပ်သူတွေဖြစ်တဲ့ Sony, Universal, Avex တို့နဲ့ လက်တွဲလုပ်ဆောင်နေပါတယ်။ ပထမဦးဆုံး 2 လအတွက် အခမဲ့ဆိုပေမယ့် unlimited access အတွက် ယန်း 1000 ပေးရမှာဖြစ်ပြီး နာရီ 20 ကြာ streaming အတွက် ယန်း 500 ပေးရမှာပါ။ Line အနေနဲ့ လာမယ့်နှစ်မှာ သူတို့ရဲ့ catalog ကို သီချင်းပုဒ်ရေ သန်း 30 အထိ ရှိလာစေဖို့ စီစဉ်နေပါတယ်။ Line app နဲ့ မတူတဲ့ Line Music ဟာဆိုရင် ရိုးရှင်းတဲ့ ဒီဇိုင်းပုံစံကို သုံးထားပြီး၊ Line ရဲ့ အဓိကဇာတ်ကောင်တွေဖြစ်တဲ့ ယုန်ရုပ်ကလေးနဲ့ ဝက်ဝံရုပ်လေးတွေတောင် ပါမလာပါဘူး။

### El Capitan မှာ ပါဝင်လာမယ့် iTunes logo အသစ်

Apple အနေနဲ့ iTunes icon ပြောင်းရတာကို သဘောကျပုံပါပဲ။ လက်ရှိ icon ကို သူတို့ဘယ်တော့မှ သဘောမကျနိုင်သလိုပါပဲ။ Apple အတွက် အရေးအကြီးဆုံးသော software ဖြစ်တဲ့ iTunes ဟာဆိုရင် သူတို့ရဲ့ နာမည်ကျော်တေးဂီတဝန်ဆောင်မှုနဲ့ App store တွေရဲ့ အဓိကဝင်ပေါက်လည်းဖြစ်သလို၊ media တွေ အကုန်လုံး သိမ်းဆည်းပေးတဲ့ နေရာလည်းဖြစ်ကာ၊ iPhone နဲ့ iPad တွေကို manage လုပ်တဲ့နေရာလည်းဖြစ်ပါတယ်။ လက်ရှိမှာတော့ မကြာခင် ဆောင်းတွင်းမှာ ထွက်ရှိလာမယ့် OS X El Capitan ဟာဆိုရင် iTunes ရဲ့ log အသစ်နဲ့ ထွက်ရှိလာမှာပါ။ ကုမ္ပဏီရဲ့ လက်ရှိဒီဇိုင်းတည်ဆောက်ပုံနဲ့ အကိုက်ညီဆုံးတည်ဆောက်ပေးထားပြီး၊ ဒီ logo အသစ်ဟာဆိုရင် Apple ရဲ့ ဟိုးစစချင်းတုန်းက logo ပုံစံသက်တန့်ရောင်တွေကို အဓိက အခြေခံဖန်တီးထားတာဖြစ်ပါတယ်။

### Apple မှာ Mac OS X version သစ် El Capitan ကိုမိတ်ဆက်

Apple developer event ဟာဆိုရင် developer တွေအဖို့ စိတ်လှုပ်ရှားစရာအကောင်းဆုံးသော software အသစ်တွေကို အမြဲတမ်းဖန်တီးပေးခဲ့တာပါ။ ဒီနေ့မှာဆိုရင် Apple အနေနဲ့ Mac OS X ရဲ့ နောက်ဆုံးထုတ် version ဖြစ်တဲ့ OS X El Capitan ကို ဖန်တီးပေးခဲ့ပြီး experience ပိုင်းနဲ့ performance ပိုင်းတွေကို တိုးမြှင့်ပေးခဲ့ပါတယ်။ Apple ရဲ့ Craig Federighi ကတော့ Safari web browser ကို အစအဆုံးပြန်လည်အဆင့်မြှင့်တင်မှုအပါအဝင် အဓိကအပြောင်းအလဲတွေအားလုံးကို အသေးစိတ်ရှင်းပြခဲ့ပါတယ်။ tab bar မှာ site တွေကို pin လုပ်ထားလို့ရသလို၊ address bar ဟာလည်း audio တွေကို mute လုပ်တာလိုမျိုးတွေကို လုပ်နိုင်လာပါတယ်။ Safari အပြင် Spotlight ဟာလည်း ထူးထူးခြားခြားကို အဆင့်မြှင့်တင်မှုတွေရှိလာပြီး "documents I worked on in June" ဆိုတာမျိုး ရိုက်ပြီးရှာဖွေနိုင်ပါတယ်။

## Twitter CEO Dick Costolo ရာထူးမှ နုတ်ထွက်ခဲ့



Twitter ရဲ့ CEO ဖြစ်သူ Dick Costolo ဟာ Twitter ကနေထွက်ခွာသွားပါပြီ။ Costolo အနေနဲ့ ဝန်ထမ်းတွေကို ပြောခဲ့ရာမှာတော့ သူကလာမယ့်ရက်သတ္တပတ်အနည်းငယ်အတွင်း ရာထူးက ဆင်းသွားမှာဖြစ်ပြီး Twitter ရဲ့ ပူးတွဲတည်ထောင်သူ Jack Dorsey က interim CEO အနေနဲ့ ဆောင်ရွက်မှာဖြစ်ပြီး အမြဲတမ်းရာထူးအတွက် အစားထိုးခန့်အပ်နိုင်ဖို့ ဘုတ်အဖွဲ့တစ်ခုကို ထူထောင်သွားမယ်လို့လည်း ဆိုပါတယ်။ လွန်ခဲ့တဲ့ ခြောက်လလောက်ကစလို့ Costolo ရဲ့ အနာဂတ်ဟာမသေမချာဖြစ်နေပြီး ရှယ်ယာဈေးတွေ ကျဆင်းလာမှုနဲ့ အသုံးပြုသူတိုးတက်မှုနှုန်းကျဆင်းလာမှုတွေက Costolo ကို အကျပ်ရိုက်စေပါတယ်။ Costolo အနေနဲ့ ဒီနှစ်ကုန်မှာ ကုမ္ပဏီကနေ ထွက်ခွာဖို့ စဉ်းစားနေတယ်လို့ ပြောခဲ့တာမို့၊ Costolo ကို လေးစားကြတဲ့ ကုမ္ပဏီဝန်ထမ်းအများစုက တုန်လှုပ်ခဲ့ရတာပါ။ ပြီးခဲ့တဲ့ ရက်သတ္တပတ် အနည်းငယ်တုန်းကတော့ သူဟာ Twitter ရဲ့ ဘုတ်အဖွဲ့နဲ့ အမြင်ချင်းတူညီမှုရှိတယ်။ ရာထူးအတွက် စိုးရိမ်မနေပါဘူးလို့ပြောခဲ့ပါသေးတယ်။ လက်ရှိမှာတော့ Google အပါအဝင်ကုမ္ပဏီကြီးတွေက Twitter ကို ဝယ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သတင်းတွေထွက်နေပြီး၊ Costolo ကတော့ ကျွန်တော်တို့ကဝယ်ယူချင်တဲ့ ကုမ္ပဏီတိုင်းကိုတံခါးဖွင့်ထားတယ်လို့ပြောခဲ့ပါတယ်။ "ကျွန်တော်တို့အနေနဲ့က ရှယ်ယာရှင်တွေအတွက်အကျိုးအမြတ်များ အမြင့်ဆုံးရဖို့ ကြိုးစားနေပါတယ်။ သီးခြားလွတ်လပ်တဲ့ ကုမ္ပဏီတစ်ခုအနေနဲ့လည်း ကျွန်တော်တို့ ဒါကို မလုပ်နိုင်စရာမရှိပါဘူး။ တစ်ဖက်မှာလည်း ဘုတ်အဖွဲ့အနေနဲ့ ဈေးကောင်းကောင်းရရင် ရောင်းချင်မှာပါ။ ဒါကြောင့် အများပိုင်ကုမ္ပဏီတစ်ခုအနေနဲ့ Twitter ရဲ့ တန်ကြေးကို အမြင့်ဆုံးတိုးမြှင့်နိုင်ဖို့ကိုပဲ အခုအာရုံစိုက်ပါတယ်" လို့ သူကပြောပါတယ်။ ဝန်ထမ်းတွေကို ပေးပို့တဲ့ email ထဲမှာတော့ "ကျွန်တော့်အနေနဲ့ လာမယ့် ဆောင်းတွင်းမှာ ထုတ်ပြသွားမယ့် product အတွက် အရမ်းကို စိတ်လှုပ်ရှားရပါတယ်"လို့ Costolo က ရေးသားထားပါတယ်။ အရင်က Chief operating office ဖြစ်ခဲ့တဲ့ Costolo ဟာ 2010 အောက်တို ဘာမှာ CEO ဖြစ်လာပြီး Twitter ရဲ့ ပူးတွဲတည်ထောင်သူ EV Williams ကို အစားထိုးခဲ့သူပါ။ "ကျွန်တော်တို့မှာ product တွေ အများအပြားရှိပြီး၊ မကြာခင်မှာ ဈေးကွက်ထဲပို့နိုင်မယ့် product တွေလည်းရှိနေပါတယ်။ လက်ရှိမှာတော့ ရာထူးအပြောင်းအလဲကို ချောမွေ့အောင်လုပ်ပြီး၊ ဘုတ်အဖွဲ့အနေနဲ့ အမြဲတမ်းတာဝန်ယူမယ့် သူကို ရှာဖွေရမှာကူညီပေးသွားမှာပါ" လို့ Costolo ကို ဆက်ခံမယ့် Dorsey က ပြောပါတယ်။

## Selfie ရိုက်ကူးမှုကို အာရုံပိုစိုက်လာနိုင်တဲ့ Apple

Apple အနေနဲ့ iPhone မှာ selfie တွေကို ပိုပြီးရိုက်ကူးနိုင်ဖို့ စိတ်ကူးနေပုံပါပဲ။ iOS 9 beta မှာ ပါဝင်ခဲ့တဲ့ code တွေကို လေ့လာရာမှာ အနာဂတ် iPhone, ဒါမှမဟုတ် iPad တွေရဲ့ front ကင်မရာတွေမှာ flash မီးပါဝင်လာဖို့ရှိပြီး၊ 1080p နဲ့ video တွေကို ရိုက်ကူးနိုင်စေမှာဖြစ်သလို၊ 720p အရည်အသွေးရှိတဲ့ 240 FPS slow-motion video တွေကိုလည်း ရိုက်ကူးနိုင်မှာဖြစ်တယ်လို့ iOS developer တစ်ယောက်ဖြစ်တဲ့ Hamaza Sood က ပြောပါတယ်။ Sood အနေနဲ့ ဒီ front ကင်မရာဟာ panorama တွေကိုလည်း ရိုက်နိုင်မယ်လို့ ဆိုပါတယ်။ ဒီ feature တွေဟာ အခု iPhone ရဲ့ rare ကင်မရာတွေမှာ ပါပြီးသား တွေဆိုပေမယ့် front ကင်မရာမှာပါထည့်နိုင်ရင် ပိုကောင်းလာမှာပါ။ အခုအခါမှာ Selfie တွေကို ရိုက်ကူးလိုသူတွေ များပြားလာတာကြောင့် Apple အနေနဲ့ ဒါကိုပိုအာရုံစိုက်လာပြီး Apple iPhone တွေအတွက် အဓိကရောင်းအားကောင်းစေမယ့် အချက်တစ်ခုဖြစ်လာတော့မှာပါ။

## Buy button ကို ပို၍ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်လာတဲ့ Facebook

Facebook သုံးရင်း ဈေးဝယ်ချင်သူတွေအတွက်တော့ ပိုအဆင်ပြေလာပြီလို့ ပြောနိုင်ပါတယ်။ News Feed တွေထဲမှာ buy button ကို ထည့်ပေးတဲ့ feature ကို စမ်းသပ်အသုံးပြုနေတာကို Facebook ဘက်ကပိုမိုတိုးချဲ့ဆောင်ရွက်လာနေတယ်လို့ TechCrunch ရဲ့ သတင်းမှာဖော်ပြထားပါတယ်။ ဈေးရောင်းချင်သူရဲ့ post တွေမှာ ထည့်သွင်းပေးထားတဲ့ ဒီ button ကိုနှိပ်လိုက်ရင် News Feed အတွင်းမှာတင်ပဲ product တွေဝယ်ယူတာ၊ ငွေပေးချေမှုတွေ လုပ်တာတွေကို အစအဆုံးလုပ်နိုင်ပါလိမ့်မယ်။ Facebook အနေနဲ့ ဒီနည်းပညာကို စမ်းသပ်နေတာပြီးခဲ့တဲ့နှစ်ကတည်းကပါ။ "ကျွန်တော်တို့အနေနဲ့ ဒီလိုစမ်းသပ်မှုကနေ ကုန်ပစ္စည်းတွေကို ဘယ်လိုများများစားစားရောင်းချနိုင်မယ်ဆိုတာကို နားလည်အောင်လုပ်ပေးနိုင်ပါတယ်" လို့ Facebook ရဲ့ ပြောခွင့်ရပုဂ္ဂိုလ်က ပြောပါတယ်။ Facebook အနေနဲ့ Pinterest ဘက်က buyable pin ဆိုပြီး ဆင်တူနည်းပညာကို ကြေညာပြီးတဲ့ နောက်ပိုင်းမှာ အခုလိုမျိုး ယှဉ်ပြိုင်နိုင်ဖို့ ကြိုးစားလာတာလည်းဖြစ်ပါတယ်။

## Rovio မှ Angry Birds ဂိမ်းအသစ် Angry Birds Fight ကို ထုတ်ဝေ




Second album syndrome ဆိုတာဟာ အစောပိုင်း အောင်မြင်မှုကို နောက်ပိုင်းဖန်တီးမှုတွေက လိုက်မမီတဲ့ အနေအထားကို ပြောတာပါ။ ဖင်လန်အခြေစိုက် ဂိမ်းကုမ္ပဏီဖြစ်တဲ့ Rovio ဟာဆိုရင် 2009 တုန်းက Angry Birds ရဲ့ အောင်မြင်မှုမျိုးကို ပြန်လိုက်မမီသေးပါဘူး။ ဒါကြောင့်ဂျပန်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Kiteretsu Inc. နဲ့ပေါင်းပြီးတော့ Angry Birds Fight ကို ဖန်တီးခဲ့တာပါ။ Angry Birds series ရဲ့ 11 ခုမြောက်ဖြစ်တဲ့ ဒီဂိမ်းဟာဆိုရင် Candy Crush နဲ့ RPG ဂိမ်းအမျိုးအစားတွေကို ပေါင်းစပ်ထားပြီး ဂိမ်းကစားသူတွေကို ဆွဲဆောင်ထားတာပါ။ Angry Birds Fight ဟာဆိုရင် ပြီးခဲ့တဲ့လကတည်းက အာရှပစိဖိတ်ဘက်မှာ စတင်ထုတ်ဝေခဲ့တာဖြစ်ပြီး၊ လက်ရှိမှာ download ပြုလုပ်သူ 3သန်းလောက်ရှိနေပါတယ်။ အခုအခါမှာတော့ iOS နဲ့ Android တွေအတွက် တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဖြန့်ချိပေးခဲ့တာပါ။ အရင် Angry Birds ဂိမ်းတွေမှာလိုပဲ အရောင်စုံရုပ်ဖစ်တွေနဲ့ ရင်းနှီးပြီးသား character တွေ ပြန်လည်ပါဝင်လာပါတယ်။

NEWS
LOCAL UPDATE

# Samsung အား 2015 ခုနှစ်အတွက် အာရှတွင် အကောင်းဆုံး Brand အဖြစ် အသိအမှတ်ပြုခံရ

Nielsen နှင့် ပူးပေါင်း၍ Campaign Asia-Pacific မှ ဆောင်ရွက်သော နှစ်စဉ် online "အာရှ၏ ထိပ်တန်းအမှတ်တံဆိပ် 100"လေ့လာချက်အရ Samsung Electronics သည် 2015 ခုနှစ်အတွက် အာရှ၏ အကောင်းဆုံး အမှတ်တံဆိပ်အဖြစ်ရပ်တည်ကာ လေးနှစ်ဆက်တိုက် အာရှ၏ အကောင်းဆုံးအမှတ်တံဆိပ်နေရာကို ရယူနိုင်ခဲ့ပါသည်။ အခြားလူသုံးကုန် အီလက်ထရောနစ်ကဏ္ဍ 14 ခုတွင်လည်း ပထမ 5 နေရာကို ရယူနိုင်ခဲ့ပါသည်။ စမတ်ဖုန်းများအပါအဝင် မိုဘိုင်းဖုန်း၊ ရေခဲသေတ္တာနှင့် တီဗွီတို့တွင်လည်း ဦးဆောင်လျက် ရှိပါသည်။

အဆင့်သတ်မှတ်ရာတွင် သုံးစွဲသူများထံမှ သဘောထားများကို အခြေခံထားပြီး ယနေ့ခေတ်တွင် နာမည်ကြီးကျော်ကြားသော အမှတ်တံဆိပ်များကို ရှင်းလင်းသော တိုင်းတာမှုများဖြင့် ပြုလုပ်ခဲ့ပါသည်။ အမှတ်တံဆိပ်များတွင် စက်ယာဥ်၊ လက်လီအရောင်းဆိုင်၊ အစားအသောက်နှင့် ဖျော်ရည်အပါအဝင် လူအသုံးပြုလျှပ်စစ်ပစ္စည်း 14 မျိုးပါဝင်ပါသည်။

"Samsung Electronics အနေနဲ့ လေးနှစ်ဆက်တိုက် အာရှမှာအကောင်းဆုံး အမှတ်တံဆိပ်အဖြစ် သတ်မှတ်ခံရတဲ့အတွက် များစွာ ဂုဏ်ယူမိပါသည်။ လွန်ခဲ့တဲ့ ဆယ်နှစ်က ကျွန်မတို့ဟာ အာရှရဲ့ အမှတ်တံဆိပ်တွေထဲမှာ အဆင့် 15 နေရာကို ရရှိခဲ့ပါတယ်။ အခုလို အာရှရဲ့ နံပါတ်တစ်နေရာကို Samsung ရောက်လာတာ အခွင့်အခါသင့်လို့တော့ မဟုတ်ပါဘူး။ ကျွန်မတို့ဟာ ကျွန်တော်တို့ ကုန်ပစ္စည်းရောင်းချတဲ့ နေရာဒေသက သုံးစွဲသူတွေရဲ့ လိုအပ်ချက်ကို နားလည်အောင် အစဉ်တစိုက်ကြိုးစားလျက်ရှိပါသည်။

အရှေ့တောင်အာရှနဲ့ Oceania မှာရှိတဲ့ သုံးစွဲသူတွေရဲ့ လိုအပ်ချက်ကို နားလည်မှုနဲ့ ဆန်းသစ်မှုအသစ်အသစ်တွေကို ဖန်တီးနိုင်ဖို့ အစဉ်တစိုက် ကြိုးပမ်းအားထုတ်မှုတို့ကြောင့် ကျွန်မတို့ဟာ အစဉ်အမြဲပြောင်းလဲလျက်ရှိတဲ့ ဈေးကွက်လိုအပ်ချက်၊ နည်းပညာပြောင်းလဲမှုနဲ့ ဒေသအလိုက်သုံးစွဲသူများ လိုအပ်ချက်တို့ကို သိမြင်ဖြည့်ဆည်းနိုင်ခဲ့ပါတယ်" ဟု အရှေ့တောင်အာရှနှင့် Oceania Samsung Electronics ရှိ Marketing ဌာနမှ Vice President Irene Ng က ပြောကြားခဲ့ပါသည်။

"Campaign နဲ့ Nielsen က နှစ်စဉ်ပြုလုပ်တဲ့ အမှတ်တံဆိပ် အဆင့်သတ်မှတ်တဲ့နေရာမှာ အားသာချက်က သုံးစွဲသူတွေကို အဓိကထားလို့ပါပဲ။ ကျွန်တော်တို့က စတော့ဈေးနှုန်း၊ အမြတ်ရရှိနှုန်း၊ ရောင်းရနှုန်းတွေကို တိုင်းတာတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ပြုလုပ်တဲ့ လေ့လာချက်ဟာ ကုန်အမှတ်တံဆိပ်တစ်ခုမှာ ထားရှိတဲ့ သုံးစွဲသူတွေရဲ့ အမြင်ကို လေ့လာတာဖြစ်ပြီး၊ သုံးစွဲသူတွေကို မေးခွန်းမေးရာမှာလည်း သူတို့အမြတ်နိုးဆုံး၊ အလေးစားဆုံးနဲ့ တန်ဖိုးအထားဆုံး အမှတ်တံဆိပ်ဟာ ဘာဖြစ်မလဲလို့ မေးပါတယ်။

ကျွန်တော်တို့က အာရှရဲ့ နံပါတ်တစ်အမှတ်တံဆိပ်ကို သိချင်တဲ့အတွက် အရိုးအရှင်းဆုံးဖြစ်အောင် အာရှကိုပဲမေးခဲ့ပါတယ်။ ဒီလိုမေးရာမှာ လေးနှစ်ဆက်တိုက် အာရှက ၎င်းရဲ့ နံပါတ်တစ်အမှတ်တံဆိပ်က Samsung ပါလို့ ပြန်ဖြေခဲ့ပါတယ်" ဟု Campaign Asia-Pacific ၏ မန်နေးဂျင်း အယ်ဒီတာ Jason Wincuinas က ပြောပါသည်။

Samsung သည် အာရှ၏ အကောင်းဆုံး နံပါတ်တစ်အမှတ်တံဆိပ်ဖြစ်လာရန်၎င်း၏ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုအရည်အသွေး၊ ဒီဇိုင်းနှင့်ဆန်းသစ်တီထွင်မှုများကို ကောင်းသထက်ကောင်းအောင် ဖန်တီးလာပြီး သုံးစွဲသူများထံသို့ အတွေ့အကြုံသစ်နှင့် အကောင်းမွန်ဆုံး ကုန်ပစ္စည်းများ ပေးနိုင်ရန် အစဉ်တစိုက်ကြိုးစားခဲ့ပါသည်။ အာရှ၏ အကောင်းဆုံးအမှတ်တံဆိပ်ဖြစ်လာရန် ကြိုးပမ်းမှုတွင် အဓိကကျသော အချက်များမှာ ဈေးကွက်အတွင်း အများထက် လျှင်မြန်စွာ ဆန်းသစ်မှုတို့ကို ယူဆောင်လာနိုင်ခြင်း၊ ဒေသတွင်းရှိ သုံးစွဲသူတို့၏ လိုအပ်ချက်ကို နားလည်ပြီး ဖြည့်ဆည်းပေးနိုင်ခြင်းနှင့် လူထုအခြေပြုဆောင်ရွက်ချက်များမှတစ်ဆင့်ပတ်ဝန်းကျင်အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

အာရှဒေသရှိ ထိပ်တန်းအမှတ်တံဆိပ် 1000 သည် Campaign Asia-Pacific နှင့် ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက်ထောက်ပံ့သူများဖြစ်သည့် Nielsen တို့၏ အွန်လိုင်းစစ်တမ်း အချက်အလက်များကို ပေါင်းယူပါသည်။ ဤလေ့လာမှုသည် Australia, China, Hong Kong, India, Indonesia, Japan, Malaysia, the Philippines, Singapore, South Korea, Taiwan, Thailand နှင့် Vietnam အစရှိသည့် ဈေးကွက် 13 ခုရှိ စားသုံးသူများ၏ သဘောထားများအား လေ့လာမှုဖြစ်ပါသည်။ လေ့လာမှုသည်ထိုဈေးကွက်များမှ ဖြေကြားသူ 400 ထံမှ ဖြေကြားမှုများအပေါ် အခြေခံထားပါသည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် ပါဝင်သူမှာ 800 မှ 1200 အထိရှိပါသည်။ ဈေးကွက်တွင်းမှ လူဦးရေများအားလုံးကို ကိုယ်စားပြုနိုင်ရန်အတွက် စစ်တမ်းများအား အသက်၊ လိင်နှင့် လစဉ်ဝင်ငွေ အစရှိသည်တို့အား ဦးတည်လုပ်ဆောင်ခဲ့ပါသည်။

လေ့လာမှုတွင် (အရက်၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ ကား၊ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ စားစရာများ၊ ဖျော်ရည်လူသုံးကုန် လျှပ်စစ်ပစ္စည်းများ၊ ကွန်ပျူတာပစ္စည်းများ၊ ကွန်ပျူတာဆော့ဖ်ဝဲများ၊ ပစ္စည်းပို့ဆောင်ရေးဝန်ဆောင်မှုများ၊ မီဒီယာနှင့် telecommunications၊ ခရီးသွားအပန်းဖြေမှုလုပ်ငန်းများ၊ အိမ်အသုံးအဆောင်နှင့် တစ်ကိုယ်ရေအသုံးအဆောင်များအစရှိသည့် ကဏ္ဍပေါင်း 14 ခုနှင့် ကဏ္ဍခွဲပေါင်း 73 ခုပါဝင်ပါသည်။



# SHOP VIEW

## ROYAL TECH Mobile




### တည်နေရာ

အမှတ်(၂၃၈)မဟာဗန္ဓုလလမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၃၀၃၂၈၀၀
၀၉-၇၃၀၃၂၉၀၀

### ROYAL TECH Mobile ဆိုင်အကြောင်း

ROYAL TECH Mobile အရောင်းဆိုင်ကို ၂၀၀၆ ခုနှစ်လောက်ကစတင်ဖွင့်လှစ်ခဲ့တာဖြစ်ပြီး ထိုသို့ဖွင့်လှစ်ချိန်မှစ၍ Mobile Handset မျိုးစုံကို စုံလင်စွာတင်သွင်းပြီး ရောင်းချပေးနေတာဖြစ်ပါတယ်။ ဒါ့အပြင် ၎င်းနှင့်ပတ်သက်တဲ့ Accessories မျိုးစုံ၊ Electronic ပစ္စည်းမျိုးစုံ၊ကွန်ပျူတာပစ္စည်းမျိုးစုံတို့ကိုစုံလင်စွာ တင်သွင်းထားရှိပြီး၊ အသက်သာဆုံးဈေးနှုန်းတွေနဲ့ရောင်းချပေးနေတာဖြစ်ပါတယ်။ တန်ဖိုးနည်းဆင်းကတ်တွေဖြစ်တဲ့ MPT, Telenor, Ooredoo တို့ကိုလည်း ဝယ်ယူရရှိနိုင်မှာဖြစ်သည့်အပြင် အဆိုပါဆင်းကတ်များနှင့် ပတ်သက်တဲ့ ငွေဖြည့်ကတ်တွေကိုလည်းစုံလင်စွာတင်သွင်းပြီး ရောင်းချပေးလျက်ရှိပါတယ်။ ဆိုင်ခွဲကိုတော့ ရန်ကုန်မြို့ရှိ သယ်ငန်းကျွန်းမြို့နယ်မှာ ထပ်မံဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။

### ROYAL TECH Mobile ဆိုင်မှ ရောင်းအားအကောင်းဆုံးဖုန်း

ရောင်းအားကောင်းတဲ့ဟန်းဆက်တွေကတော့ Samsung Grand Prime, Samsung Alpha, LG G3 နဲ့ Huawei G Play Mini တို့က ယခုတစ်ပတ်အတွင်းမှာ ရောင်းအားကောင်းနေတာဖြစ်ပါတယ်။အချို့Brandတွေထဲကလည်းတော်တော်များများ အရောင်းသွက်လျက်ရှိပါတယ်။

### ROYAL TECH Mobile မှ ဝန်ဆောင်မှု

ဝန်ဆောင်မှုအနေနဲ့ကတော့ Handset လာရောက်ဝယ်ယူသော Customer တိုင်းကိုပံ့ပိုးမှုပြုလုပ်ပေးနေကြဖြစ်တဲ့ Game, Music, Screen guard, Myanmar Font တွေကအခမဲ့အနေဖြင့် ထည့်သွင်းပေးပါတယ်။ ဒါ့အပြင် Handset တစ်လုံးအတွက်လိုအပ်မယ့် Software မှန်သမျှကိုလည်း Customer များစိတ်ကျေနပ်မှုရရှိစေသည်အထိထည့်သွင်းဆောင်ရွက်ပေးပါတယ်။ Warranty ကိုတော့ Official Warranty 1 Year သတ်မှတ်ပေးထားပါတယ်။ ထိုသို့သတ်မှတ်ပေးထားတဲ့ warranty အတွင်းမှာ software ချို့ယွင်းမှုဖြစ်ခဲ့တဲ့ Handset တွေဆိုရင်ဆိုင်ကနေပြုပြင်ဆောင်ရွက်ပေးသွားမှာဖြစ် ပြီး Hardware အတွက်ဆိုရင်တော့ဆိုင်ကနေတစ်ဆင့်သက်ဆိုင်ရာ Brand ရဲ့ကုမ္ပဏီကိုပို့ပေးပြီးပြုပြင်ဆောင်ရွက်မှုများပြုလုပ်ပေးမှာဖြစ်ပါတယ်။

### ROYAL TECH Mobile မှာ ဝယ်ရင်စိတ်ချရတဲ့အချက်

ဆိုင်မှာတင်သွင်းထားတဲ့ Brand တွေကမြန်မာပြည်ကိုတရားဝင် ဝင်ရောက်လာသော Barnd တွေဖြစ်တာကြောင့်ဈေးနှုန်းရောအာမခံပိုင်းပါသုံးစွဲသူမိတ်ဆွေများ ယုံကြည်စိတ်ချစွာဖြင့်ဝယ်ယူနိုင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။


မဖင်မိရှိုင်း
အရောင်းဝန်ထမ်း

### ROYAL TECH Mobile မှပေးချင်သော Message

ROYAL TECH Mobile အရောင်းဆိုင်တွင် Model မြင့်ဟန်းဆက်တွေကိုသာမကလူတန်းစားမရွေးကိုင်ဆောင်လို့ရတဲ့ Handset တွေကိုပါ ဈေးနှုန်းသက်သာစွာဖြင့် တင်သွင်းရောင်းချပေးနေတာဖြစ်ပါတယ်။ ဆက်သွယ်ရေးကဏ္ဍတွင် သုံးစွဲသူမိတ်ဆွေများအဆင်ပြေချောမွေ့စွာ သုံးစွဲလို့ရအောင် တန်ဖိုးနည်းဆင်းကတ်တွေကိုလည်း စုံလင်စွာဝယ်ယူရရှိနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ လာရောက်ဝယ်ယူသော Customer တွေကိုလည်း Present အနေဖြင့် Screen guard, Cover, Memory, Power Bank တွေကို မေတ္တာလက်ဆောင်အဖြစ်ပြန်လည်ပေးအပ်ပြီး ဆိုင်ရဲ့ဝန်ဆောင်မှုတွေကိုအပြည့်အဝရရှိအောင် စီစဉ်ဆောင်ရွက်ပေးနေတာပဲဖြစ်ပါတယ်။ Promotion အစီအစဉ်ကိုတော့ သီးသန့်ပြုလုပ်လေ့မရှိပေမယ့် Handset ဝယ်ယူသူ Customer များကို Present ပေးတာမျိုး၊ အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးတာမျိုးတွေကိုတော့ စဉ်ဆက်မပြတ်ပြုလုပ်ပေးပါတယ်။ ROYAL TECH Mobile အရောင်းဆိုင်သို့ ဝင်ရောက်အားပေးသော Customer များကိုလည်း ဆိုင်မှာရှိတဲ့ ဝန်ထမ်းများက နွေးထွေးသော ဝန်ဆောင်မှုများဖြင့် ကြိုဆိုနေမှာပဲ ဖြစ်ပါတယ်။

### ROYAL TECH Mobile ဆိုင်မှ ရောင်းချပေးနေသောဟန်းဆက်အမျိုးအစား

ဆိုင်မှာကတော့ Model မြင့် ဟန်းဆက်တွေအပြင်၊ လူတန်းစားမရွေးကိုင်ဆောင်လို့ရတဲ့ဟန်းဆက်တွေကိုပါ တင်သွင်းပြီးရောင်းချပေးနေတာဖြစ်ပါတယ်။ ဝယ်ယူရရှိနိုင်သည့် Handset အမျိုးအစားတွေကတော့ HTC, Samsung, LG, Sony, Huawei, Acer, Asus Handset တွေအပြင် Keypad Handset တွေကိုလည်းဈေးနှုန်းချိုသာစွာနဲ့ ဝယ်ယူရရှိနိုင်မှာပဲဖြစ်ပါတယ်။

## ဆိုင်ရဲ့တစ်ပတ်အတွင်း အရောင်းရဆုံးဖုန်းများ




### Samsung Grand Prime

| | | |
|---|---|---|
| Network | - | GSM/HSPA/LTE |
| Display | - | 5.0 inches |
| Storage | - | 8 GB, up to 64 GB |
| OS | - | Android OS,v4.4.4 |
| Camera | - | 8 MP |
| CPU | - | Quad Core 1.2GHz |

### Samsung Alpha

| | | |
|---|---|---|
| Network | - | GSM/HSPA/LTE |
| Display | - | 4.7 inches |
| Memory | - | 32 GB |
| Camera | - | 12 MP |
| CPU | - | QC 1.8GHz & 1.3 GHz |
| OS | - | Android OS,v4.4.4 |







### LG G3

| | | |
|---|---|---|
| Network | - | GSM/HSPA/LTE |
| Display | - | 5.5 inches |
| Storage | - | 16 GB, up to 128 GB |
| Camera | - | 13 MP |
| CPU | - | Quad Core 2.5 GHz |
| OS | - | Android OS,v4.4.2 |

### Huawei G Play Mini

| | | |
|---|---|---|
| Network | - | GSM/HSPA/LTE |
| Display | - | 5.0 inches |
| Storage | - | 8 GB |
| Camera | - | 13 MP |
| CPU | - | Octa Core 1.2 GHz |
| OS | - | Android OS,v4.4.2 |





# HUAWEI P8

ပြီးခဲ့သည့် မေလကုန်ပိုင်းက Huawei ကုမ္ပဏီသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာရှိသည့် CENTARA Grand & Bangkok Convention Centre တွင် ထုတ်ကုန်အသစ်မိတ်ဆက်ပွဲတစ်ခုကို ကျင်းပခဲ့ပါတယ်။ ထိုပြပွဲကို အာရှနိုင်ငံများမှ နည်းပညာကျွမ်းကျင်သူများ၊ သတင်းထောက်များနှင့် Huawei Smartphone နှစ်သက်သူများ တက်ရောက်ခဲ့ကြပါတယ်။ ထိုပွဲတွင် P8 နှင့်အတူ P8 Max ကိုလည်း စမ်းသပ်နိုင်အောင် ခင်းကျင်းပြသခဲ့ပါတယ်။ Huawei ရဲ့ နိုင်ငံအလိုက်သတ်မှတ်ထားသည့် Brand Ambassador များလည်း ထိုပွဲကို တက်ရောက်ခဲ့ကြပါတယ်။ Huawei ရဲ့ TalkBand B2 ဆိုသော စမတ်နာရီသည်လည်း အသုံးပြုရ ကောင်းမွန်သော နည်းပညာပစ္စည်းတစ်မျိုး ဖြစ်ပါတယ်။ အခြား Accessories ဖြစ်သော Huawei AP007 Power Bank ဟာလည်း မိုဘိုင်းဖုန်းများကို ပြန်လည် အားဖြည့်ပေးနိုင်သော ကောင်းမွန်တဲ့ ပစ္စည်းတစ်မျိုး ဖြစ်ပါတယ်။ Tablet တွေကို အားသွင်းချင်သူများအတွက်လည်း သုံးလို့ရပါတယ်၊ စွမ်းအားကတော့ 13000mAh ပါ။ Huawei ရဲ့ နောက်ဆုံးထုတ်ကုန်ဖြစ်သည့် P8 ကို 529,000 ကျပ်ဖြင့် ကြိုတင်မှာပြီး ဝယ်ယူလို့ရပါပြီ။ မီဒီယာများတွင်လည်း သုံးစွဲသူများ သိရှိနိုင်စေဖို့အတွက် ကြော်ငြာအား ကောင်းကောင်းသုံးထားပါတယ်။ ကမ္ဘာ့ပထမဆုံး အလင်းပန်းချီခြယ်မှုန်းနိုင်တဲ့ ဖုန်းတစ်လုံးပါ။ လင်းလက်တောက်ပနေသည့် မီးလျှံများနဲ့ ဓာတ်ပုံရိုက်ကူးနိုင်သောပုံစံဖြင့် ကြော်ငြာထားခြင်းကြောင့် Huawei ပရိသတ်များအတွက် တစ်မူထူးခြားသည့် ရသကို တွေ့မြင်နိုင်ပါမယ်။ နောက်ထပ်ကောင်းမွန်သည့် စွမ်းရည်တစ်မျိုးကတော့ Director Mode ဖြစ်ပါတယ်။ အခြားဖုန်းသုံးလုံးကို WiFi တစ်ခုတည်းဖြင့် ချိတ်ဆက်ပေးလိုက်ရုံနဲ့ ရှုထောင့်မျိုးစုံမှ အကောင်းဆုံး ရိုက်ကွက်များကိုရရှိစေမယ့် စွမ်းဆောင်ရည်ဖြစ်ပါတယ်။ ဒီအချက်ဟာလည်း ဓာတ်ပုံဝါသနာရှင်များအတွက် သဘောကျစေနိုင်ပါမယ်။ မိမိလိုချင်သည့် ရှုထောင့်များ၊ ပုံစံများကို ရွေးချယ်နိုင်ပါမယ်။ အချို့သောစမတ်ဖုန်းများဟာ ညဘက်များ၌ ဓာတ်ပုံရိုက်ကူးတဲ့အခါတွင် ပုံကောင်းမရရှိပါဘူး။ ယခု P8 ဖုန်းကတော့ ပိုကောင်းတဲ့ကင်မရာ လုပ်ဆောင်ချက်ကို ဖန်တီးပေးထားပါတယ်။ ညအမှောင်မှာ ကြည်လင်ပြတ်သားတဲ့ပုံရိပ်နှင့် အရောင်အသွေးများကို ဖမ်းယူပေးနိုင်မယ့် Low Light Photography လုပ်ဆောင်ချက်ကို ထည့်သွင်းပေးထားပါတယ်။ RGBW Sensor အသုံးပြုထားသောကြောင့် ပိုမိုတောက်ပပြီး အရောင်စုံလင်သည့် ပုံရိပ်ကို ဖမ်းယူနိုင်ပါမယ်။ ဓာတ်ပုံရိုက်ကူးသည့်အခါတွင်လည်း ရိုက်ကူးသူ၏ အားနည်းချက်များကြောင့် ပုံထွက်များဟာ ဝေဝါးတတ်ပါတယ်။ ဓာတ်ပုံရိုက်သူဟာ လက်ကိုတည်ငြိမ်စွာမထားနိုင်ခြင်းကြောင့် Focus ပြတ်သောပုံများကို တစ်ခါတလေမှာ မရရှိနိုင်ပါဘူး။ P8 ကို အသုံးပြုမယ်ဆိုရင်တော့ ထိုအခက်အခဲကို ပြေလည်စေပါလိမ့်မယ်။ ဓာတ်ပုံရိုက်ရာတွင် လက်တုန်ခါမှုကြောင့် ပုံရိပ်ဝေဝါးခြင်းကို ကာကွယ်ပေးနိုင်သော OSI Anti-Shake 1.2 Degree ပါရှိသောကြောင့် ဖြစ်ပါတယ်။

စမတ်ဖုန်းအကောင်းစား အသုံးပြုတယ်ဆိုရင်တော့ Selfie ပုံများကို ရိုက်ကူးမှာသေချာပါတယ်။ P8 က ပြည့်စုံကောင်းမွန်သည့် Selfie ပုံများကို ပေးစွမ်းပါလိမ့်မယ်။ P8 ဟာ သင့်ရဲ့မျက်နှာပြင် အနေအထားကို ပိုမိုလှပအောင် ပြင်ဆင်ထားပြီး နောက်တစ်ကြိမ် ဓာတ်ပုံ ရိုက်သည့်အခါ အလိုအလျောက်ပြင်ဆင်ပေးနိုင်ဖို့ မှတ်သားပေးထားမှာပါ။ ဘယ်သူနဲ့ပဲ ဓာတ်ပုံရိုက်ရိုက် P8 သုံးသူဟာ အတောက်ပဆုံးနှင့် အချောဆုံးဖြစ်နေပါလိမ့်မယ်။ စမတ်ဖုန်းများတွင် အသံပိုင်းနှင့် ပတ်သက်သော စနစ်များဟာလည်း အရေးကြီးပါတယ်။ P8 ကို အခန်းရဲ့ တစ်နေရာရာမှာ ထားမိပြီး ထားခဲ့သည့်နေရာကို မေ့သွားခဲ့ပါလျှင် ဖုန်းကိုရှာဖို့အတွက် အခြားဘာမှ လုပ်စရာမလိုပါဘူး။ ဖုန်းနာမည်လေးကိုခေါ်ပြီး "Where are you ?" လို့ မေးလိုက်တာနဲ့ ဖုန်းက တီးလုံး၊ Flash မီးတွေနဲ့အတူ သုံးစွဲသူကို "I'm here" လို့ ထူးပေးမှာပါ။ ဒါ့အပြင် ဖုန်းခေါ်ဆိုမှုအတွက်လည်း အသံဖြင့် ညွှန်ကြားနိုင်သော လုပ်ဆောင်ချက်များပါဝင်ပါတယ်။ Hi6402 professional audio decoder chip, intelligent power amplifier နှင့် ပုံစံဒီဇိုင်းသစ် အသံထွက်ပေါက်တို့ ပါဝင်သောကြောင့် ကြည်လင်ပြတ်သားပြီး ကျယ်လောင်တဲ့အသံများကို နားဆင်ခံစားနိုင်မှာပါ။ ဖုန်းခေါ်ဆိုရာတွင်လည်း ဘေးပတ်ဝန်းကျင်မှ မလိုလားအပ်သော အသံများကို လျှော့ချပေးနိုင်ပြီး ကြားရသော အသံများကိုလည်း ဆူညံမှုကင်းဝေးအောင် ပြုလုပ်ပေးမှာပါ။ စပီကာဖွင့်ပြီး ဖုန်းပြောဆိုချိန်တွင်လည်း လေတိုးသံ၊ ဆူညံသံ၊ ပွဲတင်သံများကို ဖယ်ရှားပေးပြီး အကောင်းဆုံးနှင့် ကြည်လင်အပြတ်သားဆုံးအသံများကို ပေးစွမ်းနိုင်မှာပါ။ WiFi ဆက်သွယ်မှု ပြတ်တောက်သွားပါက (သို့) ဆက်သွယ်ထားသော WiFi Signal လက်ခံနိုင်စွမ်းအား နည်းသွားပါက အားကောင်းသော WiFi Hotspot တစ်ခုသို့ အလိုအလျောက်ချိတ်ဆက်ပေးပါမယ်။ Screen Shot ရိုက်ယူချင်ပါက ရိုက်ယူလိုသော မျက်နှာပြင်ကို လက်ဆစ်လေးနဲ့ နှစ်ချက်အသာလေးခေါက်ယူရုံပါပဲ။ Screen shot ရိုက်ယူချင်သောနေရာလေးကို လက်ဆစ်လေးနှင့် အသာလေးဝိုင်းလိုက်ရုံနဲ့ အသုံးပြုသူလိုချင်တဲ့ တစ်စိတ်တစ်ပိုင်းကို crop လုပ်နိုင်မှာပါ။ ပါးလွှာသော သတ္တုကိုယ်ထည်နှင့် ညီညာပြန့်ပြူးသော ဖုန်းမျက်နှာပြင်ကို ပိုင်ဆိုင်ထားသည့် P8 ဟာ 5.2 inches အကျယ်ပမာဏရှိပါတယ်။ Gorilla Glass 3 ဖုံးအုပ်ပေးထားပြီး Android version 5.0 ကို သုံးစွဲနိုင်ပါမယ်။ CPU ကတော့ Quad-core 2GHz& 1.5GHz ဖြစ်ပါတယ်။ 13MP နှင့် 8MP စွမ်းရည်ရှိသော ကင်မရာနှစ်မျိုး ပါရှိပါတယ်။ ဖုန်းတွင်း မှတ်ဉာဏ်ပမာဏကတော့ 16GB ဖြစ်ပြီး RAM ကို 3GB ထည့်သွင်းပေးထားပါတယ်။ ဘက်ထရီအမျိုးအစားကတော့ 2600mAh နီးပါး ဖြစ်ပါတယ်။

# BEHIND SCENE

MODEL
YEE MON KYAW
PHOTO
PETER
MAKE UP
MA TIN TIN MAR
DRESS
ZARNI WIN

Android & iOS

# Games




## Legend of Grimrock

By Almost Human Ltd.

iOS, Size: 407 MB

Legend of Grimrock ဟာ 4.99 ဒေါ်လာ ဈေးနဲ့ HD Version အဖြစ် app store ကိုရောက်လာတာမကြာသေးပါဘူး။ Almost Human က App Store ပေါ်ကို တင်သင့်ပြီလို့ ထင်တဲ့အချိန်ဟာ တကယ့်ကို အချိန်ကောင်းဖြစ်ပါတယ်။ PC Version ဂိမ်းလည်းရှိနေပြီး iOS ကိုရောက်လာတဲ့အခါမှာလည်း ဘာမှထွေထွေထူးထူးပြောင်းလဲမသွားခဲ့ပါဘူး။ ဒါကြောင့် iOS Version ကို ကစားလို့လည်းဘာမှဆုံးရှုံးသွားတယ်လို့ခံစားရစရာမရှိပါဘူး။ Grimrock ရဲ့ ဇာတ်လမ်းဟာ တောင်ထိပ်က အကျဉ်းထောင်ထဲမှာ အကျဉ်းကျခံနေရတဲ့ ထောင်သား (၄) ယောက်နဲ့ စတင်ထားပါတယ်။ Tower ရဲ့ အောက်ကို ဆင်းရာလမ်းတစ်လျှောက်မှာ Monsters တွေနဲ့ပြည့်နေတာကိုတွေ့ရပါလိမ့်မယ်။ အောက်ကိုရောက်အောင်ဆင်းရမှာဖြစ်ပြီး Dungeon RPG နဲ့ Puzzles အချို့ကိုရောစပ်ထားပါတယ်။ Grimrock ရဲ့ ဇာတ်ကောင်ဖန်တီးမှုဟာ တခြားဂိမ်းတွေနဲ့ ယှဉ်ရင် ပေါ့ပေါ့ပါးပါးပဲ ဖန်တီးထားတာကိုတွေ့ရပါတယ်။ State အနည်းငယ်နဲ့ Skills ကိုနှစ်သက်ရာ ဇာတ်ကောင်မှာဖြည့်ပြီး တာနဲ့တစ်ခါတည်းကစားနိုင်ပါတယ်။ Level တစ်ခုချင်းစီမှာ Skill Point အချို့ထည့်ပေးသွားရုံနဲ့တင်ဂိမ်းကို ဆက်ကစားသွားနိုင်ပါတယ်။ ဇာတ်ကောင်ကိုနှစ်သက်သလို ပြင်ဆင်ရတာကိုသဘောကျသူတွေရှိပေမယ့် Grimrock ရဲ့ ဇာတ်ကောင်ဖန်တီးပုံဟာ သင့်ကိုအချိန်ကုန်သက်သာစေသလို အမှားလည်းနည်းစေပါတယ်။ LoG ဟာ RPG ဂိမ်းအဟောင်းတွေကို ကစားဖူးသူတွေအတွက် အဆင်ပြေစေပြီး သဘောကျနှစ်သက်မယ့်ပုံစံမျိုးရှိပါတယ်။ ဒါပေမယ့် LoG ဟာ ရှေးရိုးတဲ့ခေတ်ဟောင်းပုံစံကို ရိုးမသွားရအောင် ပြင်ဆင်မှုတွေလုပ်ထားပြီး ရန်သူတွေကိုလည်းပတ်တိုက်ခိုက်နိုင်တဲ့ Action ကို ဖြည့်စွက်ထားသလို Puzzle တွေလည်းပါဝင်လာပါတယ်။ Puzzle တွေမှာ လှုပ်ရှားသွားလာရတဲ့ အပိုင်းတွေလည်းပါဝင်လို့ နောက်ပိုင်းရောက်လေ ဉာဏ်သုံးရလေပါပဲ။ နောက်ပိုင်းမှာ ရန်သူတွေများလာတာနဲ့ အရေအတွက်ကန့်သတ်နိုင်ဖို့ တံခါးတွေကိုလိုက်ပိတ်ရတာကလည်းထူးခြားမှုတစ်ခုပါ။ LoG ရဲ့အားနည်းချက်လို့ဆိုနိုင်တဲ့အခက်အခဲကတော့ iPad မှာပဲကစားနိုင်တာပါ။ iPhone မှာကစားချင်သူတွေအတွက်တော့ စိတ်ပျက်စရာဖြစ်စေပါတယ်။ ဒါပေမယ့် ပိုသေးတဲ့ဖုန်းအတွက် ဖန်တီးရင် LoG ဟာ PC ကလာတာဖြစ်လို့ UI ဒီဇိုင်းမှာပိုခက်ခဲသွားနိုင်ပါတယ်။ ဂိမ်းဟာဒီဇိုင်းပိုင်းလှပသလို အသံပိုင်းကိုလည်းသေချာဖန်တီးပေးထားတာတွေ့ရပါတယ်။ UI ဟာကောင်းကောင်းတုံ့ပြန်နိုင်ပြီး ရန်သူကို လွတ်လွတ်လပ်လပ် တိုက်ခိုက်ခွင့်ပေးထားပါတယ်။ Puzzle တွေကလည်း တချို့တစ်ဝက်ခက်ခဲတာပါပေမယ့် စိတ်ဝင်စားစရာကောင်းပါတယ်။ Puzzle တွေရှင်းရတာစိတ်မရှည်ရင်လည်း Google ကနေတယ်လိုဖြေရှင်းမလဲဆိုတာရှာနိုင်ပါတယ်။ ဒီဂိမ်းကို iOS 7.1 နဲ့အထက်ရှိတဲ့ iPad တွေမှာကစားနိုင်ပါလိမ့်မယ်။



## You Must Build A Boat

Size : 25MB



You Must Build a Boat ဂိမ်းဟာဆိုရင် ပဟေဠိဆန်ဆန် ကစားရမယ့် RPG ဂိမ်းအမျိုးအစားဖြစ်ပါတယ်။ ဒီဂိမ်းဟာကစားရတာအရမ်းရိုးရှင်းပြီး အမျိုးအစားတူ item တွေကို သုံးခုစီတွဲပြီး ဇာတ်ကောင်ရဲ့ စွမ်းအားတွေကို တိုးတက်လာအောင်လုပ်ပေးရမယ့် ဂိမ်းပုံစံဖြစ်ပါတယ်။ ပထမစစချင်းမှာ လှေငယ်လေးတစ်စင်းတည်ဆောက်ရမှာဖြစ်ပြီးလှေပေါ်မှာ မိမိနဲ့အတူ မကောင်းဆိုးဝါးရန်သူအနည်းငယ်နဲ့ စတင်လှော်ရှားပြေးသွားကစားရမှာပါ။ ဇာတ်ကောင်ဟာ လှေနဲ့ခရီးဆက်ပြီးနောက်မြေအောက်တိုက်ခန်းတစ်ခုအတွင်းသို့ ဝင်ရောက်ပြီးနောက်ထပ် အဖွဲ့ဝင်တွေကို ရှာဖွေခေါ်ဆောင်ကာ စွမ်းရည်နဲ့ လက်နက်တွေကိုအဆင့်မြှင့်တင်နိုင်ဖို့ သွက်သွက်လက်လက်ပြေးသွားနိုင်ဖို့တော့ အထူးလိုအပ်ပါတယ်။ အဖွဲ့ဝင်အသစ်တွေများများစုဆောင်းချင်ရင်တော့ item တွေကိုတတ်နိုင်သမျှ တွဲဖက်နိုင်အောင် ကြိုးစားရမှာဖြစ်သလို မကောင်းဆိုးဝါးတွေကိုလည်း တိုက်ခိုက်ချေမှုန်းပြီးရတနာတွေအပြောက်အမြားရှာဖွေနေစဉ်အတောအတွင်း ထောက်ချောက်ရန်မှ လွတ်မြောက်ရန်လည်းသတိရှိရှိနဲ့ရှောင်ရှားနိုင်ရပါမယ်။ မကောင်းဆိုးဝါးတွေကိုလည်း မှတ်တမ်းတင်ရိုက်ကူးနိုင်ပြီး လမ်းတစ်လျှောက်မှာတန်ဖိုးရှိတဲ့ရေးပစ္စည်းတွေကိုရှာဖွေရမှာဖြစ်ပါတယ်။ လျှင်မြန်ဖျတ်လတ်မှုကဒီဂိမ်းအတွက်အရေးကြီးဆုံးဖြစ်ပြီး item တွေတွဲဖက်နိုင်ဖို့အခွင့်အရေးဟာထိုးဖောက်နိုင်ဖို့အကောင်းဆုံးဖြစ်ပါတယ်။

## GameConsoles Price

| PlayStation | |
|---|---|
| PS3 Slim ODE + 250GB | - 480,000 |
| PS4-500GB | - 570,000 |
| PSP-3000 (Japan) | - 180,000 |
| PS Vita (3G-WiFi) | - 270,000 |
| PS3 Original Controller | - 35,000 |
| PS3 System Version upgrade | - 10,000 |
| PS3 Game Install | - 2,500 |
| **XBOX** | |
| Xbox 360 Slim E250GB (RGH) | - 450,000 |
| Xbox 360 Kinect Sensor | - 120,000 |
| Xbox 360 LT 3.0 upgrade | - 25,000 |
| Xbox 360 RGH Jailbreak Service | - 120,000 |
| Xbox 360 Original Controller | - 55,000 |
| Xbox 360 Original Wired Controller | - 35,000 |
| Xbox 360 game Discs/Install | - 2,500 |
| **Nintendo** | |
| Nintendo Wii U (US) | - 400,000 |
| Nintendo Wii (US) | - 200,000 |
| Nintendo 3DS XL(Original) | - 280,000 |
| Nintendo 3DS XL (Jailbreak) | - 300,000 |
| Nintendo 3DS Gateway Card | - 90,000 |
| Wii modify | - 30,000 |
| Wii U Modify | - 40,000 |
| Wii Game Discs | - 2,000 |
| **PCGaming** | |
| PC Game Discs | - 1,000 |

Source : Game Hive ( 09 73118550, 09541 7272 )

## Local Update




ယခုအပတ်အတွင်း PC ဂိမ်းသစ်များအဖြစ် Stronghold Crusaders II ဂိမ်း၏ DLC Collection နှင့် Dying Light ဂိမ်း၏ Expansion သစ်တို့ထွက်ရှိလာပါတယ်။ Stronghold Crusaders II Collection တွင် The Princess & the Pig နှင့် The Emperor & The Hermit အမည်ရှိ ဇာတ်လမ်းသစ်များနှင့် မြေပုံသစ်၊ ရဲတိုက်တည်ဆောက်ရမည့် tools အသစ်များပါဝင်လာပါတယ်။ Dying Light ၏ ဇာတ်လမ်းသစ် The Bozak Horde တွင်တော့ ကစားသူဟာ Harran မြို့၏ အားကစားကွင်းအတွင်းရှိ infected များရန်မှ လွတ်မြောက်အောင်ကြိုးစားရမည့် Challenge Missions များတွင်ဝင်ရောက်ကစားရမှာဖြစ်ပါတယ်။

PC အပြင် PS3, Xbox 360 နှင့် PS4 ဂိမ်းစက်များအတွက် လက်ရှိရုံတင်ပြသနေသော Jurassic World ရုပ်ရှင်အတွင်းမှ ဇာတ်ကောင်များနှင့် Dinosaur များက Lego ရုပ်လေးများအသွင် ပါဝင်ထားသည့် Lego Jurassic World ဂိမ်းသစ်လည်းထွက်ရှိလာပါတယ်။ Jurassic World အပြင် ယခင် Jurassic Park ရုပ်ရှင်သုံးကားလုံးမှ ဇာတ်ဝင်ခန်းများတွင်လည်းဝင်ရောက်ကစားရမည့် Open World Adventure ဂိမ်းသစ်ဖြစ်ပါတယ်။ GAME HIVE ဖုန်းနံပါတ် 09 7311 8550 နှင့် 09 4500 41500 သို့ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

## Gamers' Headline

### Steam Machines များအားအောက်တိုဘာတွင် စတင်သုံးနိုင်မည်

Steam Machines များကို မရေမရာစောင့်မျှော်နေခြင်း အဆုံးသတ်သွားခဲ့ပြီဖြစ်ပြီး Valve မှ အစောပိုင်းစတင်ရောက်ရှိလာမည့် Steam Machines များကို 2015 အောက်တိုဘာ ၁၆ ရက်တွင် ရရှိနိုင်မည်ဟုကြော်ငြာခဲ့ပြီး အရောင်းဆိုင်များတွင် နိုဝင်ဘာ ၁၀ မှ စတင်ကာ လက်လီဝယ်ယူနိုင်မည်ဟုဆိုသည်။ အောက်တိုဘာ ၁၆ရက်တွင် Steam Machines ကိုအလိုရှိပါက Pre-Order မှာယူရမည်ဖြစ်ပြီး ထိုသို့မမှာယူပါက နိုဝင်ဘာလထိစောင့်ဆိုင်းရမည်ဖြစ်သည်။ လက်ရှိတွင် Steam နှင့် GameStop၌မှာယူနိုင်ပြီး ကြိုတင်ဝယ်ယူနိုင်သော Steam Machine များမှာ Alienware Model အား ဒေါ်လာ ၄၄၉ မှစတင်သတ်မှတ်ထားပြီး Syber Steam Machine မှာမူ 499 ဒေါ်လာမှ စတင်သတ်မှတ်ထားသည်။ မကြာမီကာလအတွင်းအခြားသော Steam Machine Model များကိုလည်း ကြိုတင်မှာယူနိုင်မည်ဟုသိရသည်။ ဂိမ်းစက်များအဖြစ် Steam မှ Controller နှင့် Steam Link Device ကိုလည်း 49.99 ဒေါ်လာစီဖြင့်ရောင်းချလျက်ရှိသည်။ နှစ်မျိုးစလုံးကိုဝယ်ယူပါက 99.98 ဒေါ်လာကျသင့်မည်ဖြစ်သည်။ Alien Wear ၏ i3 Model တွင် 500GB ပါဝင်ပြီး 449 ဒေါ်လာမှစတင်ကာ i5, 1TB Model မှာ 649 ဒေါ်လာနှင့် i7, 1TB Model မှာ 749 ဒေါ်လာ ကျသင့်မည်ဖြစ်သည်။



MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

# အင်တာနက် Package

ပရိုမိုးရှင်းအစီအစဉ်ကို
ထပ်မံတိုးမြှင့်လိုက်ပါပြီ

အသက်သာဆုံးဈေးနှုန်း
~~1 MB လျှင် ၁၀ ကျပ်~~
**1 MB လျှင် ၅ ကျပ်**

## အလျင်မြန်ဆုံး 3G အင်တာနက်ကို အသင့်တင့်ဆုံးဈေးနှုန်းဖြင့် ရယူလိုက်ပါ။

| Package ဈေးနှုန်း | အသုံးပြုနိုင်သည့်ပမာဏ | သက်တမ်း | သက်သာသောဈေးနှုန်း |
|---|---|---|---|
| ~~၅၀၀၀ ကျပ်~~ ၂၈၀၀ ကျပ် | 400 MB | ရက်ပေါင်း (၃၀) | 1 MB လျှင် ၇ကျပ် |
| ~~၁၀၀၀၀ ကျပ်~~ ၆၅၀၀ ကျပ် | 1 GB | ရက်ပေါင်း (၃၀) | 1 MB လျှင် ၆ကျပ် ၅၀ပြား |

## အင်တာနက်အသုံးများသူများအတွက် ပရိုမိုးရှင်း PACKAGE အသစ်

| Package ဈေးနှုန်း | အသုံးပြုနိုင်သည့်ပမာဏ | သက်တမ်း | သက်သာသောဈေးနှုန်း |
|---|---|---|---|
| ၂၅၀၀၀ ကျပ် | 5 GB | ရက်ပေါင်း (၃၀) | 1 MB လျှင် ၅ကျပ် |

## ဝယ်ယူအသုံးပြုနည်း

Prepaid သုံးစွဲသူများအတွက် **400MB** (သို့မဟုတ်) **1GB** (သို့မဟုတ်) **5GB** ဟုရိုက်၍ **1332** သို့ **SMS** အခမဲ့ပေးပို့ပါ။

Postpaid သုံးစွဲသူများအတွက် **POST400MB** (သို့မဟုတ်) **POST1GB** (သို့မဟုတ်) **POST5GB** ဟုရိုက်၍ **1332** သို့ **SMS** အခမဲ့ပေးပို့ပါ။

## DATA သုံးစွဲမှုခန့်မှန်းပမာဏများ

* အွန်လိုင်းမှ သီချင်းတစ်ပုဒ် နားထောင်လျှင် ၁ မိနစ် 1MB
* ဗီဒီယို ၁ မိနစ်စာ ကြည့်လျှင် 4.5MB
* အီးမေးလ် ၁ စောင်ပို့လျှင် 20KB (attachment မပါလျှင်)



- GSM နှင့် WCDMA အသုံးပြုသူများအတွက်ဖြစ်ပါသည်။
- ဆွေသဟာဝန်ဆောင်မှုကို ရယူထားပြီးမှသာ Internet Package ကိုဝယ်ယူနိုင်ပါမည်။
- Package ဝယ်ယူမှုကျသင့်ငွေကို လက်ကျန်ငွေမှ နုတ်ယူမည်ဖြစ်ပါသည်။
- အထူးလျှော့ဈေး Internet Package ဝယ်ယူနိုင်သည့်ကာလကို ထပ်မံမကြေညာမီအချိန်ထိ တိုးမြှင့်လိုက်ပါသည်။

CALL CENTER 106
နေ့စဉ် (၂၄)နာရီလုံး အခမဲ့ ခေါ်ဆိုနိုင်ပါသည်။

ဝေါဟာရနှင့် သတ်မှတ်ချက်များအား အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage

# MG FEATURE

E8 & M5

## ကမ္ဘာ့ပထမဆုံး Dual Battery သုံးထားတဲ့ M5 နဲ့ 23.7MP ကင်မရာပါတဲ့ E8 ကိုမိတ်ဆက်ခဲ့တဲ့ Gionee

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက တရုတ်နိုင်ငံအခြေစိုက် စမတ်ဖုန်းထုတ်လုပ်သူ Gionee ဟာ သူတို့ကုမ္ပဏီရဲ့ မျိုးဆက်သစ်စမတ်ဖုန်းနှစ်လုံးကို တရုတ်နိုင်ငံ ပေကျင်းမြို့မှာရှိတဲ့ Universal Creative Park မှာ ပြုလုပ်ကျင်းပခဲ့ပါတယ်။ နောက်ဆုံးပေါ်စမတ်ဖုန်းတွေဖြစ်တာနဲ့ အညီလုပ်ဆောင်ချက်တွေကလည်း ကောင်းမွန်ပြီး လက်ရှိအချိန်မှာ လူကြိုက်များစေမယ့် ဘက်ထရီစွမ်းဆောင်ချက်တွေ ကင်မရာစွမ်းဆောင်နိုင်မှုတွေကို မြင်တွေ့ခဲ့ရပါတယ်။ မိတ်ဆက်ပွဲရဲ့အစမှာတော့ သူတို့ကုမ္ပဏီရဲ့ ဘက်ထရီသက်တမ်း တာရှည်ခံနိုင်ဆုံးဖြစ်တဲ့ Gionee Marathon M5 ကိုစတင်မိတ်ဆက်ခဲ့ပါတယ်။ M Series တွေဟာ ဘက်ထရီသက်တမ်းတာရှည်ခံနိုင်ဖို့ကို ဦးတည်ထုတ်လုပ်ထားတာဖြစ်ပြီး ယခုဖုန်းမှာတော့ 6020mAh စွမ်းအားကို ပေးစွမ်းထားပါတယ်။ Dual Battery Cell အမျိုးအစားဖြစ်ပြီး လုံခြုံရေးပိုင်းဆိုင်ရာမှာလည်းပြည့်စုံပါတယ်။ သူ့ရဲ့ပေါင်းစပ်မှုကတော့ 3010mAh ရှိတဲ့ ဘက်ထရီနှစ်လုံးကိုပေါင်းစပ်ပေးထားတာပါ။ ဖုန်းရဲ့ဘက်ထရီသက်တမ်းဟာ သာမန်သုံးစွဲမယ့်သူတွေအတွက် ၄ ရက်တိတိတာရှည်ခံနိုင်စွမ်းရှိပြီး အမြဲမပြတ်ဂိမ်းဆော့တာ တီဗီကြည့်တာတွေကိုပြုလုပ်နေသူတွေအတွက်ကတော့ ၂ ရက်ကြာခံနိုင်စွမ်းရှိမှာဖြစ်ပါတယ်။ ဘက်ထရီအားသွင်းတဲ့စနစ်ကလည်း မြန်ဆန်ပြီး သူ့ရဲ့အားသွင်းတဲ့စနစ်ဟာ ၁၀မိနစ်ကြာ အားသွင်းရုံနဲ့ ၅၅ နာရီနဲ့ ၆၇မိနစ်ကြာ စွမ်းအားကိုရရှိစေမှာဖြစ်ပါတယ်။ စမတ်ပါဝါနည်းပညာကို သုံးစွဲထားတာကြောင့် M5 စမတ်ဖုန်းဟာ အခြားမိုဘိုင်းဖုန်း ၂ လုံးကိုပါ တစ်ပြိုင်နက်တည်းအားပြန်လည်ဖြည့်သွင်းပေးနိုင်မှာဖြစ်ပါတယ်။ အာရှနိုင်ငံတွေအတွက်ဦးတည်ပြီး ထုတ်လုပ်လိုက်တဲ့ စမတ်ဖုန်းဖြစ်တာကြောင့် မိုဘိုင်းကွန်ရက်ပေါင်းများစွာမှာ ဝင်ရောက်သုံးစွဲနိုင်မှာဖြစ်ပါတယ်။ M5 ရဲ့နောက်ထပ်လုပ်ဆောင်ချက်ကတော့ Smart Power Consumption ဖြစ်ပြီး ဖုန်းရဲ့မလိုအပ်တဲ့ Application သုံးစွဲမှုတွေ Data သုံးစွဲမှုတွေကိုလျှော့ချပေးမှာဖြစ်ပါတယ်။ Extreme Mode ကိုသာသုံးစွဲမယ်ဆိုရင် ဘက်ထရီ ၅ ရာခိုင်နှုန်းရှိနေတဲ့အခြေအနေဟာ အသင့်အနေအထားအတွက် ၆၂ နာရီကြာခံနိုင်ရည်စွမ်းရှိမှာဖြစ်ပါတယ်။ နောက်ထပ်စမတ်ဖုန်းတစ်လုံးကတော့ Professional ကင်မရာသမားတွေအကြိုက်တွေ့စေမယ့် Elife E8 ပဲဖြစ်ပြီးတော့ 23.7MP ကင်မရာကိုတပ်ဆင်ပေးထားမှာဖြစ်ပါတယ်။ E8 ဟာ ကင်မရာလုပ်ဆောင်ချက်အများအပြားတပ်ဆင်ထားခဲ့တယ်ဆိုတာကို Nation Geographic ရဲ့ ဓာတ်ပုံသမားတစ်ယောက်ဖြစ်တဲ့ ဖလစ်ဟော့မန်း ကိုယ်တိုင်တက်ရောက်ပြီးတော့ မိတ်ဆက်ပြောကြားခဲ့ပါတယ်။ E8 ရဲ့ကင်မရာလုပ်ဆောင်ချက်တွေက မြန်ဆန်မှု၊ အကောင်းဆုံးဖြစ်မှု၊ စမတ်ကျမှုတွေနဲ့ သုံးစွဲသူတွေကိုဆွဲဆောင်မှာဖြစ်ပါတယ်။ Focus တွေပိုမိုမြန်ဆန်လာပြီး ဓာတ်ပုံတွေရိုက်တဲ့အခါမှာလည်း အများတကာထက်သာတဲ့ Resolution နဲ့ ရရှိနိုင်မှာဖြစ်ပါတယ်။ ကင်မရာမှာ Lens ကို 6P Tailor Mode တပ်ဆင်ပေးထားပါတယ်။ HDR Mode တွေ Night Mode တွေကိုလည်း ထင်ရှားပြတ်သားစွာစွမ်းဆောင်နိုင်ပြီးတော့ Magic Focus 2.0 ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ ကင်မရာက Open ပလက်ဖောင်းဖြစ်တာကြောင့် လုပ်ဆောင်ချက်တွေကို Download ပြုလုပ် ပြီးထည့်သွင်းနိုင်မှာပါ။ ဈေးနှုန်းအားဖြင့် M5 ကို 2299RMB ဖြစ်ပြီး E8 ကိုတော့ 3999 RMB နဲ့ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ရရှိနိုင်မယ့်ရက်စွဲကတော့ ဇွန် ၂၅ တွင် တရုတ်နိုင်ငံဈေးကွက်မှာ M5 ကိုစတင်ဖြန့်ချိမှာဖြစ်ပြီး၊ E8 ကိုတော့ ဇူလိုင်၁၅ ရက်နောက်ပိုင်းမှာမှရရှိမှာပါ။

### Quad HD မျက်နှာပြင်ဖော်ပြနိုင်စွမ်း

စမတ်ဖုန်းတစ်လုံးအတွက်မျက်နှာပြင် ဖော်ပြနိုင်စွမ်းဟာအရေးကြီးလှပါတယ်။ ကြည်လင်ပြတ်သားတဲ့ ပုံရိပ်ဖော်ပြနိုင်စွမ်းရရှိမှသာ ဂိမ်းတွေဆော့ကစားတာ၊ ရုပ်ရှင်ကားတွေကြည့်တဲ့အချိန်မှာ စိတ်ချမ်းသာစေမှာပါ။ ဒါကြောင့် Gionee E8 မှာ မျက်နှာပြင်ပုံရိပ်ဖော်ပြမှုကို အကောင်း ဆုံးစွမ်းဆောင်ပေးနိုင်မယ့် QHD (1440 x 2560 pixels) ကိုပေးစွမ်းထား ပါတယ်။ Display ကတော့ AMOLED ဖြစ်ပြီး6.0လက်မ မျက်နှာပြင်မှာ ပုံရိပ်တွေကိုအသေးစိတ်မြင်တွေ့နိုင်ဖို့ 491ppi နဲ့ ထောက်ပံ့ပေးထားပါတယ်။ Black screen အပြည့်သုံးစွဲတာဖြစ်ပြီး၆လက်မအပြည့်ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ အလင်းရောင်တိုက်ရိုက်ကျတဲ့ နေရောင်ထဲမှာဖုန်းကိုအသုံးပြုရင်တောင်မှမြင်ကွင်းတွေကိုအနှောင့်အယှက်မဖြစ်ဘဲ ကြည့်နိုင်ပါလိမ့်မယ်။ နောက်ကျောဘက်မှာ လက်ဗွေစနစ်နဲ့လုံခြုံရေးပိုင်းဆိုင်ရာပြုလုပ်နိုင်စေဖို့ fingerprint sensor ကိုထည့်သွင်းပေးထားပါတယ်။

### ဖုန်းမှာမောင်းနှင်ပေးမယ့် OS

တရုတ်နိုင်ငံထုတ် စမတ်ဖုန်းတွေမှာထူးခြားချက်တစ်ခုရှိပါတယ်။ အဲဒါကတော့ ဖုန်းရဲ့ UI နဲ့ပတ်သက်လို့ သူမတူတဲ့ပုံစံနဲ့ထုတ်လုပ်တာပါ။ အနီးစပ်ဆုံးပြောရမယ်ဆို အခြားထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ OPPO ဆိုရင်သူ့ရဲ့ကိုယ်ပိုင်ဆန်းသစ်ထားတဲ့ Color OS မှာ gesture mode တွေသုံးနိုင်အောင်ပြုလုပ်ပေးထားပါတယ်။ Xiaomi ဆိုရင်လည်း MIUI ဟာ iOS နဲ့အလားသဏ္ဍာန်တူတယ်လို့ ဆိုပါတယ်။ အခု Gionee ကလည်းသူ့ဆီကထုတ်တဲ့ ဖုန်းတွေမှာသုံးနေကျအတိုင်း Amigo ကိုထည့်သွင်းထားပါတယ်။ ဒီအခါမှာတော့ android 5.1 ပြောင်း သွားပြီဖြစ်တာကြောင့် 3.11UI ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ Accelerometer, gyro, proximity, compass ဆိုတဲ့ sensor လေးမျိုးကိုသုံးနိုင်မှာဖြစ်ပြီး UI အသစ်ရဲ့ထောက်ပံ့ပေးမှုတွေကို သုံးနိုင်မှာပါ။ UI အသစ်မှာလုံခြုံရေးဆိုင်ရာလုပ်ဆောင်ချက်တွေကို ပါထောက်ပံ့ပေးလာမှာပါ။

### 23.7MP ကင်မရာနဲ့ Selfie အတွက် 8MP(32MP)

အခုဆိုရင် ဖုန်းများရဲ့ထပ်တိုးလုပ်ဆောင်ချက်တွေထဲမှာ ကင်မရာကိုပါထည့်သွင်းလာကြပါပြီ။ စမတ်ဖုန်းကိုနေရာအစုံယူဆောင်သွားလို့ရနိုင်တာကြောင့် ကင်မရာဟာအပျော်တမ်းဓာတ်ပုံရိုက်လို့ရတဲ့ အသေးစားကင်မရာလောက်တော့ ကောင်းဖို့လိုအပ်ပါတယ်။ အဓိကကင်မရာဟာ 23.7MP ဖြစ်ပြီး ဓာတ်ပုံတွေရိုက်ကူးမယ်ဆိုရင် 5632 x 4224 p အရည်အသွေးရရှိနိုင်မှာဖြစ်ပြီး Real-HDR mode သုံးပြီးရိုက်မယ်ဆိုရင်တော့ စိုပြည်ပြီးအရောင်စိုတဲ့ပုံတွေကို ရပါလိမ့်မယ်။ video ရိုက်မယ်ဆိုရင်တော့ 2160p@30fps ရရှိနိုင်မှာပါ။ မြင်ကွင်းကျယ်ဓာတ်ပုံရိုက်ကူးလိုသူတွေအတွက်ကတော့ Panorama သုံးစွဲနိုင်ပါလိမ့်မယ်။ သူငယ်ချင်းတွေနဲ့ အုပ်စုလိုက် selfie ရိုက်ကူးလိုသူတွေအတွက်ကတော့ 8MP ကင်မရာ ကိုသုံးစွဲနိုင်ပါလိမ့်မယ်။ E8ရဲ့ကင်မရာမှာ အဓိက feature သုံးခုနဲ့တည်ဆောက်ပေးထားမှာပါ။ သူတို့တွေကတော့ fast,great, smart ဆိုတဲ့သုံးခုဖြစ်ပြီး ဆင့်ပွားလုပ်ဆောင်ချက်တွေကတော့ ပရိုကင်မရာတစ်လုံးလောက်နီးပါးကိုအသုံးဝင်စေမှာပါ။

### သိမ်းဆည်းနိုင်စွမ်းနဲ့စွမ်းဆောင်ရည်

စမတ်ဖုန်းတစ်လုံး (သို့) မိုဘိုင်း device တစ်ခုအတွက်လုပ်ဆောင်နိုင်စွမ်းတွေကို လွယ်လင့်တကူနေရာဒေသမရွေးသုံးစွဲနိုင်စေအောင်ကူညီပေးမှာကတော့ သူ့မှာထည့်သွင်းတည်ဆောက်ထားတဲ့ Hardware ပါပဲ။ Gionee Elife E8 မှာ Octa-core 64bit ပရိုဆက်ဆာကို သုံးစွဲနိုင်မှာဖြစ်ပါတယ်။ RAM ကတော့ 3GB DDR3 ထောက်ပံ့ပေးထားပါတယ်။ အချက်အလက်တွေ သိုလှောင်သိမ်းဆည်းထားနိုင်ဖို့အတွက်က လတ်တလောထွက်ရှိထားတဲ့ စမတ်ဖုန်းတွေကို ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ 64GB သိုလှောင်မှုပမာဏကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဖုန်းရဲ့သိုလှောင်နိုင်စွမ်းကိုထပ်မံလိုအပ်တယ်ဆိုရင်တော့ SD card သုံးပြီးတော့ 128GB လက်ခံနိုင်စွမ်းရှိမှာဖြစ်ပါတယ်။ 2GHz အမြန်နှုန်းရှိမယ့် Octa-core MT6795 ပရိုဆက်ဆာမှာ Mediatek Hello X10 chipset ကိုသုံးထားမှာဖြစ်ပါတယ်။ ကင်မရာလုပ်ဆောင်ချက်တွေနဲ့ ဂိမ်းဆိုင်ရာတွေအတွက် မြန်ဆန်စွာအသုံးချနိုင်မှာပါ။

### ဘက်ထရီစွမ်းအားနဲ့ ကွန်ရက်ချိတ်ဆက်မှု

3520mAh ဘက်ထရီစွမ်းအားကိုသုံးစွဲနိုင်မှာဖြစ်ပြီး ဆက်တိုက်ပြောဆိုနိုင်စွမ်းနဲ့ အသင့်အနေအထားအချိန်ကိုတော့ တရားဝင်ထုတ်ပြန်ခြင်း မရှိသေးပါဘူး။ ကွန်ရက်ချိတ်ဆက်နိုင်စွမ်းကတော့ နောက်ဆုံးပေါ်ဖုန်းဖြစ်မှုနဲ့အတူ 4G LTE ကွန်ရက်မှာသုံးစွဲနိုင်ပါလိမ့်မယ်။ အချက်အလက်တွေ ဝေမျှသုံးစွဲနိုင်စေဖို့အတွက်တော့ bluetooth 4.0, wi-fi တို့ကိုသုံးစွဲနိုင်ပါလိမ့်မယ်။ အခြားချိတ်ဆက်မှုတွေအနေနဲ့ Micro -USB 2.0,USB host တို့ကိုသုံးနိုင်မှာပါ။ Gionee အနေနဲ့အသစ်ထွက်ရှိလာတဲ့စမတ်ဖုန်းတွေအတွက် ဘက်ထရီလုပ်ဆောင်ချက်ကို အကောင်းဆုံးပြင်ဆင်မွမ်းမံလာပါတယ်။ ဒါကတော့ဘက်ထရီကို ပြန်လည်အားဖြည့်သွင်းတဲ့အခါမှာ မြန်ဆန်စွာအားပြည့်သွားစေမယ့် fast chargeနည်းပညာနဲ့အတူ၊ ဘက်ထရီစွမ်းအားကို အလုံးစုံချွေတာနိုင်စွမ်းရှိမယ့် smart consumption management ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဖုန်းတစ်ခုလုံးရဲ့ဘယ်အပိုင်းက ဘက်ထရီရာခိုင်နှုန်းအများအပြားသုံးစွဲနေတယ်ဆိုတာကိုပါသိနိုင်မှာပါ။

# MG FEATURE
## E8 & M5



### HD မျက်နှာပြင်ဖော်ပြနိုင်စွမ်းနဲ့ OS

စမတ်ဖုန်းတစ်လုံးအတွက်မျက်နှာပြင် ဖော်ပြနိုင်စွမ်းဟာအရေးကြီးလှပါတယ်။ ကြည်လင်ပြတ်သားတဲ့ ပုံရိပ်ဖော်ပြနိုင်စွမ်းရရှိမှသာ ဂိမ်းတွေဆော့ကစားတာ၊ ရုပ်ရှင်ကားတွေကြည့်တဲ့အချိန်မှာ စိတ်ချမ်းသာစေမှာပါ။ ဒါကြောင့် Marathon M5 မှာ မျက်နှာပြင်ပုံရိပ်ဖော်ပြမှုကို အကောင်းဆုံးစွမ်းဆောင်ပေးနိုင်မယ့် (720 x 128 pixels) ကို ပေးစွမ်းထား ပါတယ်။ Display ကတော့ AMOLED ဖြစ်ပြီး 5.5 လက်မမျက်နှာပြင်မှာ ပုံရိပ်တွေကိုအသေးစိတ်မြင်တွေ့နိုင်ဖို့ 267ppi နဲ့ထောက်ပံ့ပေးထားပါတယ်။ Black screen အပြည့်သုံးစွဲတာဖြစ်ပြီးဖလက်မအပြည့်ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ အလင်းရောင်တိုက်ရိုက်ကျတဲ့ နေရောင်ထဲမှာဖုန်းကိုအသုံးပြုရင်တောင်မှမြင်ကွင်းတွေကို အနှောင့်အယှက်မဖြစ်ဘဲကြည့်နိုင်ပါလိမ့်မယ်။ တရုတ်နိုင်ငံထုတ် စမတ်ဖုန်းတွေမှာထူးခြားချက်တစ်ခုရှိပါတယ်။ အဲဒါကတော့ ဖုန်းရဲ့ UI နဲ့ပတ်သက်လို့ သူမတူတဲ့ပုံစံနဲ့ထုတ်လုပ်တာပါ။ အနီးစပ်ဆုံးပြောရမယ်ဆို အခြားထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ OPPO ဆိုရင်သူရဲ့ကိုယ်ပိုင်ဆန်းသစ်ထားတဲ့ Color OS မှာ gesture mode တွေသုံးနိုင်အောင်ပြုလုပ်ပေးထားပါတယ်။ Xiaomi ဆိုရင်လည်း MIUI ဟာ iOS နဲ့အလားသဏ္ဍာန်တူတယ်လို့ဆိုပါတယ်။ အခု Gionee ကလည်း သူ့ဆီကထုတ်တဲ့ဖုန်းတွေမှာသုံးနေကျအတိုင်း Amigo ကို ထည့်သွင်းထားပါတယ်။ ဒီအခါမှာတော့ android 5.1 ပြောင်းသွားပြီဖြစ်တာကြောင့် 3.1UI ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ Accelerometer, gyro, proximity, compass ဆိုတဲ့ sensor လေး မျိုးကိုသုံးနိုင်မှာဖြစ်ပြီး UI အသစ်ရဲ့ထောက်ပံ့ပေးမှုတွေကိုသုံးနိုင်မှာပါ။ UI အသစ်မှာ လုံခြုံရေးဆိုင်ရာလုပ်ဆောင်ချက်တွေကိုပါထောက်ပံ့ပေးလာမှာပါ။ Privacy protection လုပ်ဆောင်ချက် ၅ ခုကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ အသံပိုင်းဆိုင်ရာအတွက်ဆိုရင် ကြည်လင်ပြတ်သားတဲ့ အသံစွမ်းဆောင်ရည်ကိုရရှိနိုင်စေဖို့အတွက် HiFi, smart PA,DTS အသံစနစ်တွေကိုရရှိနိုင်မှာဖြစ်ပါတယ်။




### 13MP ကင်မရာနဲ့ Selfie အတွက် 5MP

အခုဆိုရင် ဖုန်းများရဲ့ထပ်တိုးလုပ်ဆောင်ချက်တွေထဲမှာ ကင်မရာကိုပါထည့်သွင်းလာကြပါပြီ။ စမတ်ဖုန်းကိုနေရာအစုံယူဆောင်သွားလို့ရနိုင်တာကြောင့် ကင်မရာဟာအပျော်တမ်းဓာတ်ပုံရိုက်လို့ရတဲ့ အသေးစားကင်မရာလောက်တော့ ကောင်းဖို့လိုအပ်ပါတယ်။ အဓိကကင်မရာဟာ 13MP ဖြစ်ပြီး ဓာတ်ပုံတွေရိုက်ကူးမယ်ဆိုရင် 4128 x 3096 p အရည်အသွေးရရှိနိုင်မှာဖြစ်ပြီး HDR mode သုံးပြီးရိုက်မယ်ဆိုရင်တော့စိုပြည်ပြီးအရောင်စိုတဲ့ပုံတွေကိုရပါလိမ့်မယ်။ video ရိုက်မယ်ဆိုရင်တော့ 1080p@30fps ရရှိနိုင်မှာပါ။ မြင်ကွင်းကျယ်ဓာတ်ပုံရိုက်ကူးလိုသူတွေအတွက်ကတော့ Panorama သုံးစွဲနိုင်ပါလိမ့်မယ်။ သူငယ်ချင်းတွေနဲ့ အုပ်စုလိုက် selfie ရိုက်ကူးလိုသူတွေအတွက်ကတော့ 5MP ကင်မရာကိုသုံးစွဲနိုင်ပါလိမ့်မယ်။ စမတ်ဖုန်းတစ်လုံး (သို့) မိုဘိုင်း device တစ်ခုအတွက်လုပ်ဆောင်နိုင်စွမ်းတွေကို လွယ်လင့်တကူနေရာဒေသမရွေးသုံးစွဲနိုင်စေအောင် ကူညီပေးမှာကတော့ သူ့မှာထည့်သွင်းတည်ဆောက်ထားတဲ့ Hardware ပါပဲ။ Gionee M5 မှာ Quad-core 1.3 GHz ပရိုဆက်ဆာကို သုံးစွဲနိုင်မှာဖြစ်ပါတယ်။ RAM ကတော့ 2GB ထောက်ပံ့ပေးထားပါတယ်။ အချက်အလက်တွေ သိုလှောင်သိမ်းဆည်းထားနိုင်ဖို့အတွက်ကလတ်တလောထွက်ရှိထားတဲ့ စမတ်ဖုန်းတွေကို ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ 16GB သိုလှောင်မှုပမာဏကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဖုန်းရဲ့ သိုလှောင်နိုင်စွမ်းကိုထပ်မံလိုအပ်တယ်ဆိုရင်တော့ SD card သုံးပြီးတော့64GB လက်ခံနိုင်စွမ်းရှိမှာဖြစ်ပါတယ်။ သူ့ရဲ့အထုကလည်း 8.5mm သာရှိမှာဖြစ်တာကြောင့်လက်ထဲမှာပေါ့ပါးစွာကိုင်တွယ်နိုင်မှာဖြစ်ပါတယ်။ Mediatek MT6735 SoC ဟာဖုန်းရဲ့လုပ်ဆောင်ချက်တွေကိုပေါ့ပါးစွာစွမ်းဆောင်ပေးဖို့အတွက် ထောက်ပံ့ပေးမှာဖြစ်ပါတယ်။ ဂရပ်ဖစ်ပိုင်းအတွက်လည်းပြည့်စုံတဲ့လုပ်ဆောင်ချက်ကိုတွေကိုစွမ်းဆောင်ပေးဦးမှာပါ။







### ဘက်ထရီစွမ်းအားနဲ့ ကွန်ရက်ချိတ်ဆက်မှု

ဒီနေ့ကျွန်တော်တို့သုံးနေတဲ့ စမတ်ဖုန်းတွေမှာစိတ်ပူနေရတဲ့ကိစ္စကတော့ဘက်ထရီတွေအလွယ်တကူအားကုန်မြန်တာပဲဖြစ်ပါတယ်၊ ဒါကိုဖြေရှင်းဖို့အတွက် နည်းလမ်းတွေစဉ်းစားရပါမယ်။ အဲဒါကတော့ Power Bank သုံးစွဲဖို့နဲ့ အားသွင်းတာမြန်တဲ့ပုံစံမျိုးကိုရှာရတာပါပဲ။ အားအကုန်မြန်တဲ့ဖုန်းတွေအတွက် Power bank တွေလိုအပ်တယ်ဆိုပေမယ့် အမြဲတမ်းကြီးသွားလေရာယူသွားလို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် Gionee စမတ်ဖုန်းထုတ်တဲ့သူတွေဟာ နည်းလမ်းတစ်ခုကိုစဉ်းစားပြီးတော့ နောက်ဆုံးပေါ်ဖုန်းတစ်လုံးကိုမိတ်ဆက်လိုက်ပါပြီ။ အဲဒီတွေဖုန်းကတော့ မျိုးဆက်သစ် M series ဖြစ်ပြီး super battery, Low power consumption,fast charge အားလုံးပေါင်းစပ် ထားတဲ့ကမ္ဘာ့ပထမဆုံးဘက်ထရီသက်တမ်းအကောင်းဆုံး စမတ်ဖုန်း M5 ပဲဖြစ်ပါတယ်။ ဘက်ထရီစွမ်းအား 6020mAh ဖြစ်ပြီး dual cells ကိုသုံးထားတာဖြစ်ပါတယ်၊ ဘက်ထရီဟာသက်တမ်းတာရှည်ခံပြီး dual ပြုလုပ်ထားတာကိုစိုးရိမ်သူများအတွက် လုံခြုံရေးပိုင်းမှာလည်းစိတ်ချရပါလိမ့်မယ်။ ကွန်ရက်ချိတ်ဆက်နိုင်စွမ်းကတော့ နောက်ဆုံးပေါ် ဖုန်းဖြစ်မှုနဲ့အတူ 4G LTE ကွန်ရက်မှာသုံးစွဲနိုင်ပါလိမ့်မယ်။ အချက်အလက်တွေ ဝေမျှသုံးစွဲနိုင်စေဖို့အတွက်တော့ bluetooth 4.0, wi-fi တို့ကိုသုံးစွဲနိုင်ပါလိမ့်မယ်။ အခြားချိတ်ဆက်မှုတွေအနေနဲ့ Micro -USB 2.0,USB host တို့ကိုသုံးနိုင်မှာပါ။ Gionee အနေနဲ့အသစ်ထွက်ရှိလာတဲ့ စမတ်ဖုန်းတွေအတွက် ဘက်ထရီလုပ်ဆောင်ချက်ကို အကောင်းဆုံးပြင်ဆင်မွမ်းမံလာပါတယ်၊ ဒါကတော့ဘက်ထရီကို ပြန်လည်အားဖြည့်သွင်းတဲ့အခါမှာမြန်ဆန်စွာ အားပြည့်သွားစေမယ့် fast chargeနည်းပညာနဲ့အတူ၊ ဘက်ထရီစွမ်းအားအလုံးစုံချွေတာနိုင်စွမ်းရှိမယ့် smart consumption management ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဖုန်းတစ်ခုလုံးရဲ့ ဘယ်အပိုင်းက ဘက်ထရီရာခိုင်နှုန်း အများအပြားသုံးစွဲနေတယ်ဆိုတာကိုပါသိနိုင်မှာပါ။ Extreme mode လုပ်ဆောင်ချက်ကိုသုံးနိုင်မှာဖြစ်ပြီး ဘက်ထရီသက်တမ်း 5% လောက်ပဲ ရှိချိန်မှာတောင်ဖုန်း လက်ခံပြောကြားနိုင်ပါလိမ့်မယ်။

iOS TIPS

# How to install Kuaiyong Store on your iPhone iPad & iPod touch

Htet Wai
(iOS Knowledge Bank.MM)

App Store မှ ဗိုက်ဆံဖြင့် ပေးဝယ်ရတဲ့ Apps တွေကို မိမိတို့ရဲ့ iOS Device ပေါ်မှာ ထည့်သွင်းအသုံးပြုချင်သူများအနေနဲ့ Store မှ Official ဝယ်သုံးစရာမလိုဘဲ Third-party Stores ကို Install လုပ်ကာ အဆိုပါ Store ထဲမှ ရယူနိုင်ပါတယ်။ iOS အတွက် Third-party Store App Store တွေများစွာရှိတဲ့အထဲကမှ အောက်မှာ အသုံးပြုရကောင်းမွန်သည့် Store ဖြစ်တဲ့ Kuaiyong third-party App Store ရဲ့ Install လုပ်နည်းနဲ့ အသုံးပြုနည်းကို ပုံနှင့်တကွဖော်ပြပေးလိုက်ပါတယ်။ Kuaiyong ဟာဆိုရင် China third-party Store တစ်ခုဖြစ်ပြီး အဆင်အပြေဆုံးနဲ့ အကောင်းဆုံး Store တစ်ခုဖြစ်ပါတယ်။

(1) ~ Kuaiyong Store ကို Install လုပ်မယ်ဆိုရင်တော့ သင့်ရဲ့ iOS Device ပေါ်မှာ အောက်တွင်ပေးထားသော Link ကို Safari မှဖွင့်ပါ။
http://m.kuaiyong.com/info/
ပြီးရင်တော့ ပုံတွင်ပြထားသည့်အတိုင်း အောက်ခြေနားရှိ အနီရောင်လေးကိုနှိပ်ပါ။




(2) Install ကို နှိပ်ပါ။




(3) ဒါဆိုရင်တော့ မကြာခင်မှာ သင့် Home Screen ၌ Kuaiyong App Store ကို မြင်ရတော့မှာပဲဖြစ်ပါတယ်။ အဆိုပါ App ထဲဝင်ရင် Untrusted App Developer pop-up message တက်လာပါလိမ့်မယ်။ Trust ကိုသာနှိပ်ပြီး ဝင်ပါ။




(4) အထဲရောက်ရင်တော့ App သုံးနည်းကို တရုတ်စာများနဲ့ ဖော်ပြပေးနေပါလိမ့်မယ်။ ဘယ်ဘက်သို့ ပွတ်ဆွဲပြီး အောက်တွင် ပြထားသောပုံအတိုင်း Skip ကိုနှိပ်ပါ။




(5)Skip နှိပ်ပြီးရင်တော့ နောက်ထပ် Pop-up message တစ်ခုထပ်တက်လာပါမယ်။ ညာဘက်ရှိ တရုတ်စာကို ရွေးပေးလိုက်ပါ။ ထို့နောက် နောက်တစ်ခုတက်လာရင်တော့ ဘယ်ဘက်ကို ရွေးပေးပါ။




(6) အထက်ပါ အဆင့်တွေ အကုန်ပြီးပြီဆိုရင်တော့ သင်နှစ်သက်ရာ App ကို မှန်ဘီလူးပုံ Search ကို နှိပ်ပြီး ရှာဖွေကာရယူနိုင်ပါပြီ။ ဆက်လက်ပြီး Kuaiyong Store အသုံးပြုနည်းကို တင်ပြပေးပါမယ်။
~ Search ကနေ သက်ကြိုက်တဲ့ App ကိုရှာပါ။



(7) ထို့နောက် ပုံတွင် ပြထားသည့်အတိုင်း Download ပုံကို နှိပ်ပါ။




(8) အောက်ကဘားတန်းရှိ Search မှန်ဘီလူးဘေးမှ Download ပုံကို နှိပ်ကာ Download လုပ်နေပြီဖြစ်ကြောင်းကို ပြပေးနေမှာဖြစ်ပါတယ်။




(9) Download လုပ်ပြီးပြီဆိုရင်တော့ Install နှိပ်ကာ App ကို Install လုပ်ပေးလိုက်ပါ။




ဒါဆိုရင်တော့ Kuaiyong third-party App Store ကို Install လုပ်နည်းနဲ့ အသုံးပြုနည်းသိရှိလောက်ပြီပဲဖြစ်ပါတယ်။


LG
Life's Good
ဈေးနှုန်းအသင့်အတင့်ဖြင့် စမတ်ဖုန်းကောင်းတစ်လုံးကို
LG ကပေးစွမ်းနိုင်ပါတယ်...
NO FUN NO PHONE
AKA
Free Gift
Selfie Lens
Screen Protector
359,000
5.0" HD (1280 x 720) 294ppi
1.2 GHz Quad Core
8MP/2.1MP with Laser Auto Focus
ROM 16GB/ RAM 1.5GB
Simple is the New Smart
LG G3
490,000
LG G3 Stylus
275,000
LG L Bello Dual
195,000
1 Year Warranty
TMW Mobile Service Center (1) : No.7/B, Mahar Si Sar Sa Na Yeik Thar Street, Bahan Township. Tel: 544 644, 556 997, 545 963, 555 996
Mobile Service Center (2) : No. 153, 4 Quarter, Latha Street, Latha Township. Tel: 09 4025 66260
Find us on Facebook
www.facebook.com/lglovesmyanmar

# HANDS ON
## OPPO NEO 5









လက်ရှိအချိန်မှာပြည်တွင်း ဈေးကွက်ထဲကို စမတ်ဖုန်းအများစုဝင်ရောက်လာခဲ့ပါပြီ။ အရည်အသွေးပြည့်မီတဲ့လုပ်ဆောင်ချက်တွေနဲ့ ရောင်းချနေတဲ့ ဖုန်းတွေဟာ ဈေးနှုန်းအားဖြင့်လည်းသက်သာတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒီလိုစမတ်ဖုန်းရောင်းချသူတွေထဲမှာ တရုတ်နိုင်ငံအခြေစိုက်ဖုန်းဖြစ်တဲ့ OPPO လည်း ပါဝင်လာပါတယ်။ ဈေးကွက်ပျံ့နှံ့မှုအားကောင်းလာနဲ့အမျှ ဖုန်းသုံးစွဲသူတွေအတွက် ဈေးသက်သာတဲ့ဖုန်းတွေတင်မကဘဲ၊ ဈေးနှုန်းနဲ့ တန်ဖိုးကိုက်ညီတဲ့ ဖုန်းတွေပါဈေးကွက်ထဲမှာရောင်းချနေပါတယ်။ အဲလို ဖုန်းတွေထဲမှာမှ OPPO Neo 5 ဟာသုံးလို့အကောင်းဆုံးပုံစံလေးနဲ့ဖြစ်နေတဲ့အပြင် ဈေးနှုန်းကလည်းသက်သာတာကို တွေ့ရမှာဖြစ်ပါတယ်။ ပြီးတော့လက်ရှိထွက်ထားတဲ့ပုံစံဟာ 2015 တားရှင်းဖြစ်တာကြောင့် အရင်ထွက်ထားတဲ့ပုံစံနဲ့ ကင်မရာပိုင်းကအစ ကွဲပြားနေတာကိုတွေ့ရမှာဖြစ်ပါတယ်။ Gesture လုပ်ဆောင်ချက်တွေကို အကောင်းဆုံးအသုံးချနိုင်တဲ့ OPPO Neo 5 ကိုလေ့လာကြည့်လိုက်တဲ့အခါမှာတော့ . . .

## Design

တည်ဆောက်မှုပုံစံဒီဇိုင်းပိုင်းမှာ ကြည့်လိုက်မယ်ဆိုရင်တော့ Neo 5 ဟာ သူ့အရင်ထွက်ရှိထားခဲ့တဲ့ R1 နဲ့တူညီသယောင်ထင်ရပေမယ့် ကွဲပြားသွားတဲ့အချက်ကတော့ အနည်းငယ်ကျဉ်းမြောင်းသွားပြီး Neo5 ဟာ 4.5 လက်မသာရှိမှာဖြစ်ပါတယ်။ Display ဖော်ပြနိုင်စွမ်းကလည်း 480 x 854 pixel ဖြစ်ပါတယ်။ PPI ပိုင်းကိုပြောရမယ်ဆိုရင် 218 ကိုသာသုံးထားတာကြောင့်အရမ်းကြီးရှင်းလင်းနေမှာမဟုတ်ပါဘူး။ အလေးချိန်ကတော့ 135g ရှိပြီး၊ အိတ်ကပ်ထဲမှာထည့်ထားနိုင်သလို၊ လက်ထဲမှာကိုင်တွယ်ထားရင် အလိုက်သင့်အနေအထားရှိနေမှာပါ။ အရောင်ပုံစံအရတော့ အဖြူဟာအရမ်းညစ်ပေတဲ့နေရာတွေမှာ ချမထားဖို့တော့ ဂရုစိုက်ရပါလိမ့်မယ်။ မျက်နှာပြင်ကိုတော့ Black Screen အပြည့်ရရှိနိုင်မှာမဟုတ်ပါဘူး။ 8.0 mm အထူရှိတာကြောင့် 7.1mm ရှိတဲ့ R1 ထက်စာရင် အနည်းငယ်မဆိုသလောက်လေး ထူတယ်လို့ထင်ရနိုင်ပါတယ်။ ဒါပေမယ့် ဘေးဘောင်လေးတွေဟာ 0.38inch သာရှိတာကြောင့် 4.5လက်မ မျက်နှာပြင်ကို အပြည့်အဝအသုံးချနိုင်ပါလိမ့်မယ်။ ကိုယ်ထည်ကိုတော့ ပလတ်စတစ်နဲ့တည်ဆောက်ထားပါတယ်။ စပီကာကိုတော့ ဖုန်းရဲ့ နောက်ကျောပိုင်းအောက်ဘက်မှာတပ်ဆင်ပေးထားပြီး၊ အောက်ဘက်မှာတော့ USB အားသွင်းကြိုးပေါက်ကို တွေ့ရမှာပါ။ Power ခလုတ်ကိုတော့ ဘယ်ဘက်ဘေးမှာတပ်ဆင်ထားပြီး၊ အသံအတိုးအကျယ်ခလုတ်ကိုတော့ အခြားဘက်မှာတွေ့ရမှာပါ။ ကိုယ်ထည်တည်ဆောက်မှုပိုင်းအတွက်တော့ တောက်ပတဲ့အသွင်နဲ့ ရောင်ပြန်မျက်နှာပြင်ကိုဖန်တီးထားပြီး ခိုင်ခံ့တဲ့အတွင်းသတ္တုနှစ်လွှာပုံစံမျိုးဖြစ်ပါတယ်။

## Software & Hardware

OS ပိုင်းအတွက်ကတော့ opensource ဖြစ်တဲ့android ကို ပြန်လည်ပြင်ဆင်ရေးသားထားတဲ့ Color OS 2.0 ကို သုံးစွဲနိုင်မှာပဲဖြစ်ပါတယ်။ ဒါကြောင့် OPPO က ထောက်ပံ့ထားတဲ့ လုပ်ဆောင်ချက်တွေသာမကဘဲ၊ android ရဲ့ ဝန်ဆောင်မှုတွေကိုလည်းသုံးစွဲနိုင်မှာဖြစ်ပါတယ်။ ပြီးတော့ system update ကိုလည်း လွယ်လင့်တကူပြုလုပ်လို့ ရနိုင်မှာဖြစ်ပြီး မှတ်သားစရာတွေအတွက်အသုံးပြုရတဲ့ Note ကိုသုံးစွဲတဲ့အခါမှာ ပုံတွေနဲ့တွဲရက်မှတ်တမ်းပြုလုပ်ထားနိုင်မှာဖြစ်ပြီး lock ပြုလုပ်လိုသူတွေအတွက် third party app တွေသုံးစရာမလိုအောင် lock function ကိုတစ်ပါတည်း ထည့်သွင်းပေးထားပါတယ်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေအတွက်ကတော့ app encrypt, data saving, guest mode, Permission monitor နဲ့အတူ block (6) မျိုးပါဝင်တာ ကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် စာသားမက်ဆေ့ချ်တွေကိုလည်း လိုအပ်သလိုထိန်းချုပ်ပြီး timer ပြုလုပ်ပေးဖို့လို့ရနိုင်ပါလိမ့်မယ်။ ညဘက်တွေမှာ အင်တာနက်အသုံးပြုပြီးတဲ့အခါမှာ မေ့လျော့ပြီးအိပ်တတ်သူတွေအတွက်လည်း အဆင်ပြေအောင်လို့ ဖုန်းကနေ (၂) စက္ကန့်ဆိုတာနဲ့ မိုဘိုင်းဒေတာကိုဖြတ်တောက်ပေးပါတယ်။ စစ်မှန်တဲ့လုပ်ဆောင်ချက်တွေကို မြန်ဆန်စွာစွမ်းဆောင်နိုင်စေဖို့အတွက် Quad-core 1.3 GHz Cortex-A7 ကို Mali-400MP2 GPU နဲ့ ထောက်ပံ့ပေးထားတာကြောင့် HD ဂိမ်းတွေကိုလျင်မြန်စွာဆော့ကစားနိုင်ပါလိမ့်မယ်။ အချက်အလက်သိုလှောင်သိမ်းဆည်းနိုင်စွမ်းအတွက်ကတော့ 8GB ဖြစ်ပြီး SD card ထပ်မံထည့်သွင်းပြီးတော့ 32GBအထိတိုးမြှင့်နိုင်မှာဖြစ်ပါတယ်။

## Feature

ဒီဖုန်းကို အဓိကနှစ်ခြိုက်သွားစေမယ့်အချက်ကတော့ ဈေးနှုန်းသက်သာတဲ့အပြင် 8MP ကင်မရာစနစ်နဲ့ gesture လုပ်ဆောင်ချက်အများအပြားသုံးစွဲနိုင်ဖို့ ထောက်ပံ့ပေးထားတာပဲဖြစ်ပါတယ်။ တပ်ဆင်ပေးထားတဲ့ ကင်မရာဟာ 8MP ဖြစ်ပြီး၊ အရှေ့ဘက်ကင်မရာငယ်ကိုတော့ 2MP သာ တပ်ဆင်ပေးထားတယ်။ ကင်မရာရိုက်တဲ့အချိန်မှာ tap shutter ကို အသုံးပြုပြီးရိုက်လိုက်မယ်ဆိုရင် လျင်မြန်တဲ့လှုပ်ရှားမှုတွေကို အနှေးလှုပ်ရှားမှုအဖြစ် ပြောင်းလဲမြင်တွေ့ရမှာဖြစ်ပါတယ်။ Audio Photo စနစ်ကို သုံးစွဲပြီးတော့လည်း ရုပ်ပုံတွေကိုအသံနဲ့ပေါင်းစပ်ပြီးသိမ်းဆည်းနိုင်ဦးမှာဖြစ်ပါတယ်။ ဓာတ်ပုံတွေကိုရိုက်ကူးတဲ့အချိန်မှာ location ကို ဖွင့်ပြီးရိုက်ကူးမယ်ဆိုရင် မိမိရိုက်ကူးလိုက်တဲ့ပုံဟာ ဘယ်အချိန်၊ ဘယ်နေရာမှာ ရိုက်ကူးလိုက်တယ်ဆိုတာကို ပြန်လည်သိရှိနိုင်မှာဖြစ်ပါတယ်။ Gif Mode မှာရိုက်ကူးမယ်ဆိုရင်တော့ ဓာတ်ပုံ(၂၀) ကို တစ်ခါတည်းရိုက်ကူးပေးပြီး လှုပ်ရှားနေတဲ့ပုံတွေအဖြစ် ပြန်လည် မြင်တွေ့ရမှာဖြစ်ပါတယ်။ လျှပ်တပြက်ပုံရိပ်တွေ ရိုက်ကူးလိုသူတွေအတွက် ကင်မရာစွမ်းဆောင်နိုင်စွမ်းက ကောင်းမွန်လွန်းပြီး ကင်မရာက 0.6 စက္ကန့်အတွင်းပွင့်ပါတယ်။ ပြီးတော့ ဖုန်းမှာဘယ်လိုလုပ်ဆောင်ချက်တွေပဲလုပ်နေနေ screen ပေါ်မှာလက်သုံးချောင်းကိုဆွဲစုလိုက်မယ်ဆိုရင် ကင်မရာလုပ်ဆောင်ချက်ဆီ ချက်ချင်းတန်းရောက်သွားမှာဖြစ်ပါတယ်။ အလင်းရောင်အားနည်းတဲ့ နေရာတွေမှာ ရိုက်ကူးမယ်ဆိုရင်လည်း အလင်းအမှောင်ကိုရိုက်ကူးမယ့် နေရာနဲ့ကိုက်ညီအောင်လိုသလိုချိန်ညှိပေးဦးမှာဖြစ်ပါတယ်။ Gesture စနစ်ကလည်း ပြည့်စုံပါတယ်ဆိုတာ ထက်တောင်ပိုပါသေးတယ်။ ColorOS ပါရှိတာကြောင့် Security Mode, Gloves Mode, Screen Off Gesture 13 မျိုးကို သုံးစွဲနိုင်မှာပဲဖြစ်ပါတယ်။ သူ့မှာနောက်ထပ်ပါဝင်တဲ့ လုပ်ဆောင်ချက်တစ်ခုရှိပါသေးတယ် အဲဒီလုပ်ဆောင်ချက်ကတော့ air gesture ဖြစ်ပြီး၊ ဖုန်းကိုလက်နဲ့ထိတွေ့စရာမလိုဘဲ ဖုန်းပေါ်မှာလက်ဝှေ့ယမ်းလိုက်ရုံနဲ့ Home screen ဖွင့်တာ၊ Photo, Mail ဖတ်ရှုတာတွေကို ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ သူ့မှာပါဝင်တဲ့ Gesture စနစ်တွေကြောင့် ဖုန်းရဲ့မျက်နှာပြင်ပေါ်မှာ 'V' သင်္ကေတပြုလုပ်လိုက်တာနဲ့ flash မီးကို ဖွင့်ပေးမှာဖြစ်ပြီး၊ မျက်နှာပြင်ပေါ်မှာ အဝိုင်းပုံစံလေး ပြုလုပ်လိုက်မယ်ဆိုရင်တော့ ကင်မရာလုပ်ဆောင်ချက်ကို သုံးစွဲနိုင်စေဖို့အတွက် အသင့်ဖြစ်နေမှာပါ။

သင့်အတွက်အရေးကြီးတဲ့သူတွေရဲ့ဖုန်းနံပါတ်တွေကို သင်္ကေတတစ်ခုအနေနဲ့သတ်မှတ်ထားတယ်ဆိုရင် ဖုန်းကိုဘာပဲလုပ်နေနေ ရုတ်တရက် ဖုန်းဆက်ချင်တယ်ဆိုရင် ဖုန်းရဲ့အပေါ်ဘက်ထောင့်ကို ဆွဲချပြီး၊ သုံးစွဲသူ သတ်မှတ်ထားတဲ့ သင်္ကေတကိုဆွဲလိုက်ရုံနဲ့ ခေါ်ဆိုချင်တဲ့ နံပါတ်ကိုအလွယ်တကူခေါ်ဆိုနိုင်မှာပဲဖြစ်ပါတယ်။ အဓိကအားသာချက်ကတော့ မြန်မာနိုင်ငံဈေးကွက်အတွက်ထုတ်လုပ်ထားတဲ့ ဖုန်းဖြစ်တာကြောင့် မြန်မာစာစနစ်ကိုတစ်ပါတည်း ထည့်သွင်းပေးထားတာဖြစ်ပါတယ်။ လက်(၃)ချောင်းကိုအသုံးပြုပြီး မျက်နှာပြင်ရဲ့အထက်ကနေအောက်ကို ဆွဲချလိုက်မယ်ဆိုရင်တော့ screenshot ပြုလုပ်ပေးမှာဖြစ်ပါတယ်။ Screen ကို ပွင့်လို တယ်ဆိုရင် ဖုန်း screen ပေါ်မှာလက်နဲ့ နှစ်ချက်ပုတ်ပေးလိုက်ရုံနဲ့ သုံးလို့ရမှာဖြစ်ပြီး၊ screen off ပြန်လုပ်ချင်တယ်ဆိုရင်တော့ home button ပေါ်မှာ နှစ်ချက်ပုတ်ပေးရမှာဖြစ်ပါတယ်။




## Verdict

ဖုန်းတစ်ခုလုံးကို ခြုံငုံသုံးသပ်ရမယ်ဆိုရင်တော့ အသွင်အပြင်ပိုင်းမှာ တစ်မူထူးခြားပြီးကိုင်ရတာ စမတ်ကျတဲ့ဖုန်းအဖြစ်သတ်မှတ်နိုင်မှာပါ။ ဘက်ထရီကိုလည်း တာရှည်ခံနိုင်စွမ်းအားရှိတဲ့ Li-Po 2000mAh ကိုတပ်ဆင်ပေးထားပြီး ဖြုတ်တပ်ပြုလုပ်လို့ရနိုင်မှာ မဟုတ်ပါဘူး။ နောက်ဘက်ကာဗာကိုတော့ ခွာထုတ်ပစ်ရမှာဖြစ်ပြီး Sim Card, SD Card တွေကိုထည့်သွင်းရမှာ ဖြစ်ပါတယ်။ ကင်မရာလုပ်ဆောင်ချက်ကတော့သာမန်အဆင့်သာရှိမှာဖြစ်ပါတယ်။ gesture လုပ်ဆောင်ချက်တွေကိုလည်း သုံးစွဲနိုင်မှာဖြစ်သလို ပေးရတဲ့ဈေးနဲ့သင့်တင့်တဲ့ စွမ်းဆောင်မှုကို ရရှိပါလိမ့်မယ်။ Sim ကတော့ နှစ်ကတ်သုံးအမျိုးအစားဖြစ်ပြီး၊ Micro Sim, Nano Sim ထည့်သွင်းရမှာဖြစ်ပါတယ်။ ကင်မရာကလည်း ကိုယ်ထည်မှာမြှုပ်နှံထားသလိုဖြစ်တာကြောင့် ထိခိုက်မိမှာကိုစိုးရိမ်စရာလိုအပ်တော့မှာ မဟုတ်ပါဘူး။ Cloud storage ကိုနှစ်သက်တယ်ဆိုရင်တော့ 5GB အခမဲ့ရတဲ့O Cloud ကို သုံးစွဲပြီး message, contact, photo တွေသိမ်းဆည်းနိုင်ပါလိမ့်မယ်။

# TECH NEWS UPDATE

## မြို့ပြနည်းပညာအတွက် ကုမ္ပဏီသစ်တစ်ခု Google ထူထောင်




Google အနေနဲ့ သူတို့ရဲ့ ကုမ္ပဏီဟာ လူသားတွေရဲ့ ဘဝအစိတ်အပိုင်းတိုင်းမှာ ပါဝင်နိုင်ဖို့ အားသွန်ခွန်စိုက် ဆောင်ရွက်နေပါတယ်။ အခုအခါ Google ရဲ့ CEO ဖြစ်သူ Larry Page အနေနဲ့ Google ဟာ Sidewalk Labs ဆိုတဲ့ သီးခြားကုမ္ပဏီသစ်တစ်ခုကို တည်ထောင်ပြီး နည်းပညာသစ်တွေကို တီထွင်ဖန်တီးပြီးတော့ လူတိုင်းအတွက် မြို့ပြနေထိုင်မှုကို ပိုမိုကောင်းမွန်အောင် ဖန်တီးသွားမယ်လို့ ကြေညာခဲ့ပါတယ်။

ဒီကုမ္ပဏီဟာဆိုရင် နေထိုင်မှု ကုန်ကျစရိတ်၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်အသုံးပြုမှု လျှော့ချရေးတွေအတွက် ဆောင်ရွက်သွားမှာပါ။ နယူးယောက်အခြေစိုက်၊ ကုမ္ပဏီအသစ်ဟာဆိုရင် နယူးယောက်မြို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မြို့တော်ဝန်နဲ့ Bloomberg CEO ဖြစ်တဲ့ Dan Doctoroff က ခေါင်းဆောင်သွားမှာပါ။ Page အနေနဲ့ ဒီကုမ္ပဏီအသစ်ဟာ မြို့ပြလူနေမှုကို ပိုမိုကောင်းမွန်လာအောင် ဘယ်လိုအစီအစဉ်တွေနဲ့ ဆောင်ရွက်မယ်ဆိုတာကို ထုတ်ဖော်ပြောဆိုမှုမရှိသေးပေမယ့်၊ Sidewalk Labs ဟာဆိုရင် မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာ တည်ဆောက်မှုတွေ၊ ဝယ်ယူမှုတွေ၊ နည်းပညာဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုတွေကို ပြုလုပ်သွားမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

Page ကတော့ ယာဉ်ကြောပိတ်ဆို့မှု အခြေအနေတွေ၊ တိုက်ခန်းတွေရဲ့ ဈေးနှုန်းတွေကို ပြပေးနိုင်တဲ့ app တွေ ရှိနေပေမယ့်၊ အဓိက စိန်ခေါ်မှုတွေဖြစ်တဲ့ သယ်ယူပို့ဆောင်ရေးကို ထိရောက်အောင်လုပ်ဖို့၊ နေထိုင်မှုကုန်ကျစရိတ်ကို လျှော့ချဖို့ စွမ်းအင်သုံးစွဲမှုလျှော့ချဖို့နဲ့ အစိုးရရဲ့လုပ်ဆောင်မှုတွေ ပိုမိုထိရောက်အောင် ကူညီဖို့ဆိုတဲ့ အပိုင်းတွေမှာတော့ နည်းပညာအနေနဲ့ ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိသေးဘူးလို့ဆိုပါတယ်။

Page ရဲ့ Google+ post မှာတော့ ဒီ Sidewalk Labs ဟာဆိုရင် Google ရဲ့ သုတေသနဌာနဖြစ်တဲ့ Google X Labs လိုပဲ Google X နဲ့ Calico တို့ဟာ Blue-sky project ဆိုတဲ့ လူသားမျိုးနွယ်တည်ရှိမှုကို ပိုပြီး ထိရောက်အောင် လုပ်နိုင်ဖို့ဆိုတဲ့ အိုင်ဒီယာကို အခြေခံထားတာပါပဲ။

## ပိုမိုရိုးရှင်းတဲ့ interface နဲ့ Google Hangouts 4 ထွက်ရှိမည်

Google ရဲ့ Hangouts messaging service ဟာဆိုရင် ကုမ္ပဏီ ရဲ့ လက်ရှိအာရုံအစိုက်ဆုံး app တွေထဲက တစ်ခုပါ။ video chat, Google Voice calling နဲ့ SMS ဝန်ဆောင်မှုတွေကို ပြီးခဲ့တဲ့နှစ်တွေ အတွင်းမှာ ဖိဖိစီးစီးဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါပေမယ့် Hangout ဟာ ရှုပ်ထွေးမှုတွေ အများကြီးပါဝင်နေဆဲပါ။ Android Police အနေနဲ့ version အသစ်ဖြစ်တဲ့ Hangouts 4 ရဲ့ screen တွေကို ထုတ်ပြခဲ့ရာမှာ ပိုပြီးရိုးရှင်းတဲ့ interface ကို မြင်ခဲ့ရပါတယ်။ ဘယ်ဘက်မှာတော့ Slide-out menu တွေပါဝင်ပြီး floating action button ကိုတော့ မကြာခင်က ဆက်သွယ်ထားသူတွေနဲ့ ချိတ်ဆက်ပေးပြီး video call တွေ ခေါ်နိုင်ဖို့ အသစ်ထည့်သွင်းပေးထားပါတယ်။ အသုံးပြုသူတွေအနေနဲ့ mobile ပေါ်မှာကိုပဲ သူတို့ရဲ့ status တွေကို တင်ထားနိုင်ပြီး ကိုယ်ပိုင် avator တွေကိုလည်း ရနိုင်မှာပါ။ text တွေကို မြန်မြန်ဆန်ဆန် ပို့နိုင်ပြီး photo, location နဲ့ emoji တွေ၊ sticker တွေကို ခလုတ်တစ်ချက်နဲ့ ပို့နိုင်မှာဖြစ်ပါတယ်။ Android Police ကတော့ ဒါဟာ အပြီးသတ် version မဟုတ်သေးတဲ့အတွက် အပြောင်းအလဲတွေရှိနိုင်တယ်လို့ ဆိုထားပါတယ်။

## Windows 8 အတွက် Desktop app ထုတ်ပေးမယ့် Skype

Microsoft အနေနဲ့ Skype for Windows ကို တစ်ခုတည်းသော application အနေနဲ့ ပေါင်းစည်းခဲ့ပါတယ်။ touch-friendly Skype app for Windows 8, Windows 7 နှင့် Windows 8 PC တွေအတွက် သီးခြား desktop app တွေကို ထုတ်လုပ်ခဲ့ပေမယ့်၊ အခုအခါမှာတော့ သမားရိုးကျ PC app ကိုအသားပေးပြီးတော့ touch-friendly version ကိုရပ်ဆိုင်းခဲ့ပါတယ်။ အခုအခါမှာ Windows 8 အတွက် သီးသန့်ထုတ်ဝေတဲ့ Skype version ကို ဇူလိုင် 7ရက်နေ့မှာစတင်ဖြန့်ချိသွားမှာပါ။ "ကျွန်တော်တို့အနေနဲ့ PC အသုံးပြုသူတွေရဲ့ modern application ကို desktop application နဲ့ အစားထိုး update လုပ်ပေးမှာဖြစ်ပြီး၊ Modern app ကိုတော့ အနားပေးသွားမှာပါ" လို့ Skype ရဲ့ Aga Guzik က ပြောပါတယ်။ "မကြာခင်ထွက်ရှိလာမယ့် Windows 10 ဟာဆိုရင် mouse နဲ့ keyboard တွေကို Skype app အတွက် ပိုပြီးအသုံးပြုနိုင်အောင်ပြုလုပ်သွားဖို့ရှိပြီး touch နဲ့ပါ အသုံးပြုနိုင်စေမယ်" လို့ သူကဆိုပါတယ်။ Windows 10 မှာဆိုရင် Microsoft အနေနဲ့ Skype ကို Messaging app အသစ်အနေနဲ့ အသုံးပြုသွားဖို့ရှိပြီး Apple ရဲ့ iMessage နဲ့ဆင်တူတဲ့ app ပုံစံမျိုးနဲ့ဖန်တီးသွားဖို့ရှိနေပါတယ်။

## ကြော်ငြာတွေကို တားဆီးပေးမယ့် iOS 9



Apple အနေနဲ့ ပြီးခဲ့တဲ့ တစ်ပတ်စောစောပိုင်းက iOS 9 ကို ပြသခဲ့ပြီး၊ ပိုကောင်းတဲ့ Siri, iPad အတွက် multitasking, News app အသစ်တွေပါဝင်လာပါတယ်။ အဓိကတိုးတက်မှုတွေထဲမှာ လူသိပ်မသိတဲ့ ပါဝင်လာမှုတွေကတော့ lowercase keyboard ပါ။ နောက်ထူးခြားချက်ကတော့ Safari မှာ ကြော်ငြာတွေကို block လုပ်နိုင်မယ့် စွမ်းဆောင်ရည်ပါပဲ။ Apple ရဲ့ အင်ဂျင်နီယာဖြစ်သူ Ricky Mondello ကတော့ ဒီအပြောင်းအလဲကို ထုတ်ဖော်ပြောခဲ့တာဖြစ်ပြီး၊ iOS အနေနဲ့ Safari မှာ cookie တွေ၊ ပုံတွေ၊ pop-up တွေနဲ့အခြား web content တွေကို block လုပ်နိုင်မယ့် extension တွေကို iOS developer တွေအနေနဲ့ ဖန်တီးနိုင်တော့မှာလည်း ဖြစ်ပါတယ်။ ဒီအပြောင်းအလဲဟာ website ပိုင်ရှင်တွေအဖို့ စိုးရိမ်စရာဖြစ်ပြီး၊ မိုဘိုင်းကြည့်ရှုသူတွေထံကနေ ကြော်ငြာဝင်ငွေတွေက အဓိကရနေတာပါ။ အမေရိကန်မှာ iPhone မှာ ပါလာတဲ့ Safari ကြောင့် ကြည့်ရှုသူအများစုကို Apple က ဝေစုရထားတာမို့ ဒါက ထူးခြားတဲ့ အပြောင်းအလဲဖြစ်လာပါလိမ့်မယ်။

## News Headline ...

### Oculus Rift မှာ Xbox One controller ကို အသုံးပြု

Oculus အနေနဲ့ သူတို့၏ Rift ရဲ့ final version ကို ထုတ်ပြခဲ့ရာမှာ Microsoft ကသာ ဒီပွဲမှာ ထင်ရှားသူဖြစ်ခဲ့ပါတယ်။ ကုမ္ပဏီအနေနဲ့ Oculus နှင့် လက်တွဲပြီး Xbox One ရဲ့ controller ကို Rift တစ်လုံးစီတိုင်းမှာ ထည့်သွင်းပေးသွားမယ်လို့ ဆုံးဖြတ်ခဲ့တာပါ။ Xbox One ဂိမ်းတွေကလည်း ဒီ VR headset နဲ့ တွဲဖက်ကစားနိုင်စေပါမယ်။ Microsoft အနေနဲ့ ကိုယ်ပိုင် HoloLens ဆိုတဲ့ augmented reality headset ကို ထုတ်လုပ်နေတယ်ဆိုပေမယ့်၊ အခုအခါမှာ Oculus နဲ့ လက်တွဲပြီး သူတို့ရဲ့ Xbox ကိုလည်း မြှင့်တင်သွားဖို့ရှိနေပါတယ်။ Oculus Rift နဲ့ ပူးပေါင်းတာ၊ HoloLens ကို ထုတ်လုပ်နေတာဟာ Microsoft အနေနဲ့ သူတို့ဝင်နိုင်မယ့် နေရာအားလုံးကို ဝင်ရောက်နေတယ်ဆိုတဲ့ မဟာဗျူဟာကို ပိုပြီးနိုင်မာသွားစေပါတယ်။ အခုလို Oculus နဲ့ လက်တွဲနိုင်ခြင်းက မဟာပြိုင်ဘက် Sony ကို နာတစ်ဖျားသာစေတယ်လို့လည်း ပြောနိုင်ပါတယ်။

### နေရောင်ခြည်စွမ်းအင်ကို Amazon က အသုံးပြုမည်

Amazon အနေနဲ့ Apple လိုပဲ နေရောင်ခြည်စွမ်းအင်ကို သုံးပြီး ကမ္ဘာကြီးရဲ့ ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ဖို့ စိတ်ကူးနေပါတယ်။ Amazon အနေနဲ့ မီဂါဝပ် 80 ရှိတဲ့ နေရောင်ခြည်စွမ်းအင်စက်ရုံတစ်ခုကို ဗာဂျီးနီးယားပြည်နယ်မှာ တည်ဆောက်သွားဖို့ ကြေညာခဲ့ပြီး၊ ဒီကနေ အမေရိကန်မှာ အိမ်ပေါင်း 1 သောင်းခွဲကို နှစ်စဉ်လျှပ်စစ်မီးပေးဖို့ လုံလောက်စေမယ်လို့ဆိုပါတယ်။ ဒါပေမယ့် ဒီစက်ရုံဟာ အိမ်တွေကို မီးပေးဖို့ဆိုတာထက် Amazon ရဲ့ ကိုယ်ပိုင် data center တွေကို မီးပေးသွားမှာပါ။ Amazon အနေနဲ့ ပြန်ပြည့်မြဲစွမ်းအင်တွေကိုသာ ရာနှုန်းပြည့်အသုံးပြုတဲ့ ကုမ္ပဏီအဖြစ်ရပ်တည်လိုနေတာလည်းဖြစ်ပါတယ်။ ဒီစက်ရုံဟာဆိုရင် အောက်တိုဘာ 2016 ကနေ စတင်လည်ပတ်မှာဖြစ်ပြီး၊ ထွက်ရှိလာတဲ့ ဓာတ်အားတွေကို Amazon က ဘယ်လောက်ယူမယ်၊ ပြည်သူတွေကို ဘယ်လောက်ခွဲပေးမယ်ဆိုတာတွေကိုတော့ အတိအကျမကြေညာရသေးပါဘူး။

### Sharp မှာ Android TV ပါဝင်တဲ့ 4K TV ထုတ်လုပ်

Sharp အနေနဲ့ သူတို့ရဲ့ Android TV ပါဝင်တဲ့ 4K TV ကို ဆိုင်တွေမှာ စတင်ရောင်းချနေပါပြီ။ လက်မ 60 နဲ့ လက်မ 80 တွေကို ဈေးကွက်ထဲစတင်ရောင်းချနေပြီလို့ Sharp ဘက်က ပြောပါတယ်။ Google ရဲ့ နောက်ဆုံးထုတ် smart TV ပလက်ဖောင်းကို အသုံးပြုထားပြီး Sony ကတော့ ပြီးခဲ့တဲ့နွေဦးထဲက Android TV တွေကို စရောင်းနေသလို Philips ကတော့ လာမယ့်လ အနည်းငယ်အတွင်း စတင်ရောင်းချသွားမယ်လို့ သိထားရပါတယ်။ Android TV တွေက ဒေါ်လာ 2000 ကျော်ကနေ 6300 လောက်အထိ ရှိပေမယ့် အခုလက်ရှိရှိနေတဲ့ Sharp ရဲ့ မိုဒယ်တွေကတော့ ဒေါ်လာ 5000 ပတ်ဝန်းကျင်နဲ့ ရောင်းချမှာပါ။ Sharp အနေနဲ့ UE30 line မှာဆိုရင် လက်မ 60, 70, 80 ကို ထုတ်လုပ်သွားမှာဖြစ်ပြီး ပိုအဆင့်မြင့်တဲ့ UH30 လိုင်းမှာတော့ 70 နဲ့ 80 လက်မတွေကို ထုတ်လုပ်သွားမှာဖြစ်ပါတယ်။

### Samsung မှ နည်းပညာမြင့် OLED display များထုတ်လုပ်

Samsung ကတော့ 55 လက်မ OLED display နှစ်ခုကို မိတ်ဆက်ရာမှာ တစ်မျိုးက ထွင်းဖောက်မြင်နိုင်တဲ့ transparent ဖြစ်ပြီး၊ နောက်တစ်မျိုးကတော့ အလင်းပြန်နိုင်တဲ့ mirror ပုံစံဖြစ်ပါတယ်။ အထူးသဖြင့် လက်လီဈေးကွက်နဲ့ ကြော်ငြာဈေးကွက်တွေအတွက် ရည်ရွယ်တာဖြစ်ပြီး၊ ဒီနည်းပညာဟာ အရင် LCD display မှာကတည်းက ရှိတယ်ဆိုပေမယ့် Samsung ကတော့ OLED အတွက် ဒီနည်းပညာကို ပထမဦးဆုံးတီထွင်အသုံးပြုပေးခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ mirrored OLED ကို Intel ရဲ့ 3D RealSense ကင်မရာတွေနဲ့ ပူးပေါင်းပြီး virtual အဝတ်လဲခန်းတစ်ခုဖန်တီးသွားဖို့ရှိပါတယ်။ မကြာခင်မှာတော့ ကြော်ငြာလုပ်ငန်းတွေမှာ ဒီ display တွေကို အသုံးပြုလာဖို့ ရှိတယ်လို့လည်း Samsung ဘက်က ယုံကြည်နေပါတယ်။



KENBO
SMARTPHONE

# Full-network Connectivity Era is Coming

You think you are a mobile specialist, a fashion mobile fan. But, if you don't know phones with full-network connectivity feature, you are not a real fan. Well, now it's time to thoroughly understand "Full-network". Let's get started.



## What is "Full-network"?

"Full-network" means the phone is compatible with 2G, 3G, 4G standards & multiple network types including GSM/CDMA/WCDMA/TD-SCD-MA /FDD-LTE/TDD-LTE. Users can use different networks from all over the world with one phone only.

To better understand "Full-network", you need to know about two related concepts. One is "Multiple Communication Modes", which means supporting different network types like GSM/CDMA/WCDMA/TD-SCDMA /FDD-LTE/TDD-LTE. Another is "Multiple Frequency Spectrum", which means it is compatible with different signal bands. It's said that KENBO is going to launch a new phone with full-network connectivity feature which supports 6 Communication Modes & 13 Frequency Spectrum.

Actually, even for one communication mode(take FDD 4G as an example), there are different frequency spectrum in different countries. For example, a businessman travels with a 4G phone supports FDD American standard, he may not use his phone with FDD mode in Europe. Because they are based on different frequency. So a real "Full-network" connectivity phone is supposed to support all Communication Modes & all Frequency Spectrum in one phone.



Here are the Key points:

## What's the advantage of "Full-network"?

Full-network phone indicates a new direction of global phone innovation. There's no need to change a phone when the users switch to new different SIM cards, which reduces the cost of buying a new phone.

In Myanmar, the signal stability of different frequency varies in different areas. A real Full-network connectivity phone covers all main network types from MPT, Ooredoo, Telenor & MEC. This brings great convenience to our mobile life. It enables you to travel all around Myanmar even all around the world with different SIM cards without changing your phone.

## What is disadvantage of "Full-network"?



If you have to find out a disadvantage of full-network connectivity phone, it would be the larger power consumption caused by multimode chips.

## Why is "Full-network" difficult to realize?

**Technology.** A phone with "full-network" connectivity must be based on multimode chip for supporting more bands. It's a great challenge to arrange antenna and circuit board that supports more than 10 frequency within limited spaces.

It's impossible to make integration of front-end module which supports multiple bands without powerful technology support team. Besides, 4G is coming. The rapid data increase indicates demands for multiple frequency, which make it more difficult to develop real "full-network".



**High cost.** For supporting multiple bands & multiple communication modes, mobile phone manufacturers need to pay more for different frequency. Besides, a full-network phone requests higher quality RF circuit & antenna. What's more, IPR cost, production test cost can not be ignored. According to a mobile industry insider, a phone with "full-network connectivity" feature may increase 30% cost compare with ordinary phones.

As a result, it's difficult to make "full-network" phone. But some brand mobile manufacturers did it.

## Which mobile brand makes real "full-network"?

### Samsung G7109

Besides full-network connectivity, GALAXY G 7109 adopts 1.2GHz quad-core processor with 1.5G RAM memory. The 5.25 inch display is wonderful with 1280*720 resolution.



### KENBO Hero K3

Hero K3 is a new excellent phone from KENBO besides O21. It supports 6 communication modes & up to 13 frequency. The phone is equipped with 64 bit American Qualcomm chips & 2G + 16G large memory. In addition, it has 13M + 5M dual cameras & 5.0 inch IPS retina screen. Hero K3 is coming, leading a new full-network connectivity business era.

For mobile user, a full-network phone enables you to achieve global roaming and change all the main SIM cards in one phone. It's a new inevitable mobile growing trend. Here comes new full-network era. Are you ready?



KKP
Golden Money Leopard
KKP Mobile
09-260217011,09-976887318
Car Parking




ASIATREND CONSULTANTS
ATC Mobile
ကမ္ဘာ့ထိပ်တန်း iPhone ကို သင်အသုံးပြုနေပြီလား ?
250,000Ks~
iPhone 5C
iPhone 6/6Plus
iPhone 5S
iPhone 4S
iPhone 5
ဖုန်းဝယ်ယူသူ Customer တိုင်းအတွက် လက်ဆောင်များ -
Sim Card
« Manual Book
« Eco-bag
« iPhone Cover
SPECIAL PRICE
iPhone 5C
430,000KS
သတ်မှတ်ကာလအတွင်းသာ
399,000KS
ဤစာစောင်ကိုယူလာပါက
special chance !
369,000KS
JAPAN Mobile Phone
150,000Ks~
Huawei GL07
Priori2
Geanee
Black Berry
GALAXY SC-03
GALAXY SC-01
SoftBank
NTT docomo
SAMSUNG
HUAWEI
ဤကြော်ငြာစာရွက်ကိုယူလာပြီး
ဖုန်းဝယ်ယူသူတိုင်းကို သတ်မှတ်ဈေးနှုန်း
ထက် 30,000ks Discount !!
ATC Mobile Hledan
No.69, Hledan Rd, Quarter (8), Kamaryut Township, Yangon, Myanmar. Ph : 95-9-25338 4743
ATC Mobile Yankin
No.202, U Chit Maung Rd, Sayarsan Northeast Quarter, Bahan Township, Yangon, Myanmar. Ph : 95-9-25338 4834 / 95-9-25338 4956
Webstie : http://atc-mobile.net


SINGTECH
SingtechMyanmar
www.singtech.asia
လိုင်းဆွဲအားကောင်းမွန်ပြီး တာရှည်ခံနည်း GSM ဖုန်းများအတွက် အသင့်တော်ဆုံး
Firestone F1
15,000 Ks
Dual Sim
1.8"
Camera
950 mAh
Onyx S241
22,000 Ks
Dual Sim
2.4"
Camera
1000 mAh
Onyx S240
23,000 Ks
Dual Sim
2.4"
1.3MP
1000 mAh
Onyx G3
25,000 Ks
Dual Sim
2.4"
Camera
1000 mAh
အာမခံ(၁)နှစ်
မြန်မာစာစနစ်ပါဝင်ပြီး
MEDIATEK
SINGAPORE BRAND
Hot Line :
Distribution
09-25 33 80008
09-25 33 80009
Showroom
09-252857474
09-420094951
Show Room & Service Centre Cyber City Co.,Ltd.
အမှတ်(၇)၊ ကျောက်ကုန်းလမ်း(၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ Tel: +95 1 564591
အမှတ်(၂၅)၊ ဦးချစ်မောင်လမ်းမကြီး ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Tel: +95 9 420094951
အမှတ်(T2-1)၊ သဇင်လမ်းသွယ်၊ ၃၁ x ၃၂ ကြား၊ ၇၇ x ၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
Tel: +95 9 91018621 - 5063916


Open အမှတ်တံဆိပ်ကုမ္ပဏီကို ထိုင်းနိုင်ငံတွင် ဖွင့်လှစ်ထားပါသည်။
Open
บริษัท โอเพ่นโมบาย จำกัด
❖ Mobile Shop
ကိုယ်စားလှယ်ယူလိုသူများ
❖ Mobile လုပ်ငန်းအတွေ့အကြုံ
ရှိသူများ ဆက်သွယ်နိုင်ပါသည်။
Ph - 09 252300006, 09 43066882, 09 260088810,
09 260088850
Http://www.facebook.com/opencompanyltd


ZXET
“အတုအပသတိပြုပါ”
NEW
CG 509
NEW
NEW
CDMA 450/800
GSM


yoyo
Model : 7" 86V
Version - 4.4.2 / Internet - 4 G
Internal - 2G / Sim Card - 1
Model : 7" Q88
Version - 4.4.2 / Internal - 8 G
WiFi / Game
“GH Mobile မှ Tablet, Phone အမျိုးမျိုးကို လက်ကားဖြန့်ချိရောင်းချပေးနေပါသည်။”
Size : 5"
Version - 5.0.2
Memory - 16G
Samsung Galaxy Note II
Version - 4.1.2 / Internet - 3 G
Memory - 16G / Sim - GSM/WCDMA
Samsung Galaxy S4
Version - 4.4.2 / Internet - 3 G
Memory - 16G / Sim - GSM/WCDMA
Samsung Galaxy S3
Version - 4.1.1 / Internet - 3 G
Memory - 16G / Sim - GSM/WCDMA
Model : 7" Y717
Version - 4.4.2 / Internal - 8G
Internet - 3G / Sim Card - 1/2
Model : 7" Y709
Version - 4.2.2 / Internal - 8G
Internet - 3G / Sim Card - 1/2
Model - 7" Y718
Internal - 8G / Internet-3G /
Version-4.2.2 / Dual Sim (G/W)
Model : 9" Y710
Version - 4.4.2 / Internal - 8G
WiFi / Game
Model : 7" Y719
Version - 4.4.2 / Internal - 8G
Internet - 3G / Sim Card - 1/2
Samsung Galaxy Note II, S4 နှင့် S3 ဝယ်ယူသူတိုင်းအား Hardware (1) Year, Software Right Time အာမခံပေးပါသည်။
GH Mobile မှ Handset နှင့် Yo Yo Tablet ဝယ်ယူသူ Customer များအား ပျက်စီးသွားသော Software များကို Right Time “အခမဲ့” ထည့်သွင်းပေးသွားပါမည်။
“ဖုန်းနှင့် ဖုန်းအပိုပစ္စည်းအမျိုးမျိုး၊ ဖုန်းပြုပြင်ရန်အတွက် လိုအပ်သော စက်ပစ္စည်းကိရိယာမျိုးစုံတို့ကိုရောင်းချပေးနေပါသည်။”
GH Mobile မှ ဖော်ပြပါ Tablet များအပြင် အခြား Model မြင့် Tablet များလည်း ဝယ်ယူရရှိနိုင်ပါသည်။
(C-၁၂) ပထမထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၅၂၈၆၃၃၃၊ ၀၉၃၁၄၂၅၃၃၃၊ ၀၁-၂၀၀၈၄၇ (Ext : 2066) / Service Phone : 09 425286333, 09 31425333


TELLING
LIFE'S
STORIES
FROM
MEMORY™
Trusting them to
SanDisk
Your NEXT Story Starts Today
IMAGING
SDHC™ & SDXC™ Cards •
CompactFlash® Cards
COMPUTING
USB 3.0
Flash Drives
USB 2.0
Flash Drives
MOBILE
microSDHC™ &
microSDXC™ Cards
www.sandisk.com
Premium Dealer :
Chan Myay 01 387542, 09 73108987
Chan Mon 01 243133, 09 421152955
01 225301, 09 41004811
Citicom 01-376566, 01-676564
CTM 01 224502, 01 2300477
Evo 01 373831, 09 73039071
ESSENTIAL 01 387310, 01 378024
e-city 01-224360,01-214969
Jaymart mobile 01532088, 015523650
LASER 067-23212, 067-23150
M2M Mobile 09-5032506
INNWA 01-391511
ICE 01-215353
Matrix 01 391801, 09 91001514
01 381993, 01 381997
R.I.T 01-378171
ROYAL TECH 09 73032800, 09 73032900
Royal - 2 01 398370, 09 5113580
SMILE MOBILE 09-73016030, 09-448007828
Super Link 01-205395, 09-450024246
Techno Land 09-254639225-230
Tele Mobile 09-425329557, 09-448002637
UNIVEX COMPUTER 042-24357
DCM World 01-377056, 09-73176240
TRUSTED BY SYNNEX
SYNNEX MYANMAR Co.ltd
Hot Line +95-9252451475
+95-9973859332
Best Product Best Service Best Cahnnel
No.214 , Bo Gyoke Aung San Road, Botahtaung Township, Yangon, Myanmar.
https:// www.facebook.com/pages/Synnex-Myanmar/34590039489056


BeeTalk
Stickers အသစ်များဖြင့်
ပျော်ရွှင်စွာ စကားပြောကြရအောင်
Hi Fri
ဆုတောင်းလေ
ချစ်စရာလေး
BEETALK



Flashback Promotion
Gionee 13Years Anniversary
GIONEE
Gionee (၁၃)နှစ်ပြည့်အထိမ်းအမှတ်တွင် Customer များအားကျေးဇူးတုန့်ပြန်သောအနေဖြင့်
ဇွန်လ (၁)ရက်နေ့မှ စတင်၍
အထူးဈေးနှုန်းများဖြင့်ရောင်းချပေးနေပါပြီ။
E7
16.0MP & 8.0MP Camera
Qualcomm Snapdragon S800
Quad-Core 2.2 GHz
5.5" FHD Display
Gorilla Glass 3rd
မြန်မာစနစ်ပါဝင်သည်။
E6
5.0" Retina FHD Display
1.5 GHz Quad Core Processer
2GB RAM, 32 GB internal Storage
13.0MP AF + 5.0MP.FHD
camera (blue glass filter)
Andriod 4.2 Jelly Beam
2020 MAh Battery
မြန်မာစနစ်ပါဝင်သည်။
E7
423000 Ks
335000 Ks
E6
335000 Ks
280000 Ks
E3
4.7 Inch IPS HD Display
1.2 GHz Quad Core Processor
1 GB RAM
Dual SIM Support
8MP Camera
2 MP Front Facing Camera
DTS 3D Surround Sound
3G / WiFi
16GB On-Board Storage
Android 4.2.1
1800 MAh Battery.
မြန်မာစနစ်ပါဝင်သည်။
P3
Quad core 1.3GHz
4GB+512MB memor
Support Android 4.2
5.0 AF camera +
0.3M front camera
1700mAh battery
မြန်မာစနစ်ပါဝင်သည်။
E3
220000 Ks
199000 Ks
P3
120000 Ks
90000 Ks
Official Gionee Myanmar
Hot Line: 09 31389999
www.facebook.com/OfficialGioneeMyanmar

KENBO
SMARTPHONE

# ဖုန်းဂယ်တာတောင် တန်းစီရမယ်?

အညွှန်း- ယခုရက်ပိုင်းအတွင်း KENBO မှ hot model ဖြစ်တဲ့ Fly O21၏ preorder ထုတ်ယူမှုအစီအစဉ်ကို ရန်ကုန်မြို့ရဲ့ နေရာ(၃)နေရာတွင် KENBO FANS နှင့်အတူ အသီးသီး ကျင်းပခဲ့ပါသည်။

## နေရာ(၁)-(၇.၆.၂၀၁၅) ရန်ကုန် Asia Mobile

အခမ်းအနားတည်နေရာတွင် kenbo fansများအပြင် အခမ်းအနားအတွင်းရောအပြင်ပါ လူများနှင့် ပြည့်နက်နေပါသည်။

အစီအစဉ်စတင်ချိန်တွင် ပထမဦးဆုံး အနေနှင့် အကshowများဖြင့် ဖျော်ဖြေပေးပါသည်။

ဆက်လက်ပြီး သုံးစွဲသူများ၏ preorder ထုတ်ယူမှု အစီအစဉ်ဖြစ်ပါသည်။Preorder မှာယူသူများသည် Fly O21၏ ပထမဆုံး သုံးစွဲသူများ ဖြစ်ကြပါသည်။

မိသားစုဂင် တစ်ဦးဦးနှင့် အတူရောက်ရှိလာသော Customer များအား မိမိနှင့် အတူ ရောက်ရှိလာသော မိသားစုဂင်များကို kenbo ထမင်းဘူးမေတ္တာလက်ဆောင် ပေးအပ်သွားပါသည်။

Fly O21၏ပထမဆုံး သုံးစွဲသူများဖြစ်မည့် kenbo fans များသည် မနေနိုင်ဘဲ preorder ပေါင်ချာများကို ထုတ်ပြပါသည်။








## နေရာ(၂)-(၈.၆.၂၀

Preorder မှာယူထားသူများသည် ဆို

kenbo မှ ဂန်ထမ်းများသည် kenbo

လိုအပ်ချက်မရှိ ဂန်ဆောင်မှုပေးပါ

သုံးစွဲသူများသည် လက်ထဲသို့ရောက်

Kenbo smartphone : တစ်

Kenbo Facebook ၏ ဈေးနှုန်းခန့်

KENBO ၏မေတ္တာလက်ဆောင်နှင့်

Preorder ကာလအတွင်းတွင် KEN

Preorder ကာလ ပြီးဆုံးသည်နှင့်

KenboSmartphone. Myanmar






## နေရာ(၃)-(၉.၆.၂၀၁၅)ရန်ကုန်
## thingangyun ,sanpya zay SX Mobile

ထိုနေ့တွင် မိုးရွာနေသော်လည်း fans များသည် SX Mobile သို့အရောက် သွားကြပါသည်။အခန်းအနားနေရာတွင် KENBO မှ ဂန်ထမ်းများနှင့် မော်ဒယ် များက အစီအစဉ်များစွာဖြင့် ဖျော်ဖြေတင်ဆက်ပေးပါသည်။

မိုးကာဂုတ်စုံနှင့် ရောက်ရှိလာသော ဦးလေးကြီးလည်း lucky drow အစီအစဉ်တွင် kenbo GW532 စက်တစ်လုံးကို ကံစမ်းမဲ့ပေါက်ခဲ့ပါသည်။



## ၁၅)ရန်ကုန် shwe taik mobile

င်ခန်းအတွင်းတွင် တန်းစီ၍ရပ်စောင့်နေကြပါသည်။

fans များအတွက် ဂန်ဆောင်မှုကို အပြည့်အဂဖြင့် ည်။

်သော O21အား အစမ်းသုံးကြည့်သည်။

စ်ပြည့် ကျေးဇူးတရားအစီအစဉ်သည်လည်း မကြာမီတွင် ပြီးဆုံးတော့မည်ဖြစ်ပါသည်။
န်းခြင်းအစီအစဉ်နှင့် ကျေးဇူးတရားမျှဂေခြင်းအစီအစဉ်တွင် ပါဂင်ကစားကျသောကြောင့် လူကြီးမင်းတို့အား ကျေးဇူးအထူးပင် တင်ရှိပါသည်။
ချိုသာသောဈေးနှုန်းဖြင့် FLY O21ကို ဂယ်ယူရရှိခဲ့သော လူကြီးမင်းတို့အားလည်း အထူးပင် ဂုဏ်ပြုပါသည်။
BO တစ်နှစ်ပြည့် Thanks ဈေးနှုန်း 129800ကျပ် ဖြင့် FLY O21 အလုံးပေါင်းများစွာကို preorder လက်ခံရရှိခဲ့ပါသည်။
ပြိုင်နက် FLY O21၏ ဈေးနှုန်းမှာလည်း အပြောင်းအလဲရှိမည်ဖြစ်သည်။

# NEWS
LOCAL UPDATE

## KENBO မှ ဖုန်းအရောင်းဆိုင် သုံးဆိုင်တွင် Promotion အစီအစဉ်များ ပြုလုပ်ခဲ့

KENBO မှ လှိုင်သာယာမြို့နယ်ရှိ Asia Mobile ၊ လသာမြို့နယ်ရှိ Shwe Taik Mobile နှင့် သဃ်န်းကျွန်းစံပြဈေးရှိ S.X Mobile တို့တွင် Promotion အစီအစဉ်များပြုလုပ်၍ Mobile Handset များရောင်းချပေးခဲ့ကြောင်းသိရသည်။ ၎င်း Promotion အစီအစဉ်ကို 7-8-9 ရက်တို့တွင် အလှည့်ကျကျင်းပ သွားခဲ့ခြင်းဖြစ်ကာ KENBO 021 Handset ကိုအဆိုပါနေ့များ၌ Pre Order ပြုလုပ်ထားသူများအားရောင်းချပေးသွားခဲ့သည်။ ပထမဆုံးနေ့၌ လှိုင်သာယာမြို့နယ်ရှိ Asia Mobile တွင် Model များဖြင့်အဆိုပါ Handset ကိုပြသသွားခဲ့သည်။ ထိုသုံးရက်စလုံးတွင် Pre Order နဲ့ ဝယ်ယူသူများနှင့်ပါလာသူများကိုလည်း မေတ္တာလက်ဆောင် အနေဖြင့် KENBO ထမင်းဘူးများ ပြန်လည်ပေးအပ်ခဲ့သည်။ KENBO သည် ၎င်းတို့၏ O21 Handset ကို First Pre Order ၌ ဈေးနှုန်း 129000 ကျပ်ဖြင့် ရောင်းချပေးသွားခဲ့ကြောင်းသိရသည်။ ဒါ့အပြင် အဆိုပါ သုံးရက်စလုံး၌ Promotion ပြုလုပ်သောဆိုင်များတွင် KENBO Hero K1(၁)လုံး၊ E36 (၁)လုံးနှင့် GW 532 Handset (၁)လုံးတို့ကို မဲ ဖောက်ပေးခဲ့ပြီး KENBO နှင့်ပတ်သက်၍ သိရှိလိုပါက လှည်းတန်း Showroom ဖုန်းနံပါတ် ၀၉-၂၅၄၃၇၈၈၂၅ နှင့်လသာ Showroom ဖုန်းနံပါတ် ၀၉-၄၂၀၂၀၉၅၆၈ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ရဲလင်းစိုး

## Ooredoo Myanmar နှင့်ပူးပေါင်းရောင်းချသည့် circle tech စမတ်ဖုန်း ဝယ်ယူသူများအတွက်ဟန်းဆက်တန်ဖိုးပြန်ဖြည့်ပေးမည်



Ooredoo Myanmar အတွက် သီးသန့်ထုတ်လုပ်ထားသည့် circle tech စမတ်ဖုန်းဝယ်ယူသူများအနေဖြင့် တွဲဖက်ပါဝင်သည့် Ooredoo Myanmar ဆင်းကတ်ကို အသုံးပြုရုံဖြင့် ဟန်းဆက်အတွက် ကျသင့်ငွေကို လစဉ်ပြန်လည်ဖြည့်သွင်းပေးသွားမည်ဖြစ်ကြောင်း Ooredoo မှ သတင်းထုတ်ပြန်ပါသည်။

Circle Tech RUBY S12 စမတ်ဖုန်းကို Ooredoo ဆင်းကတ်များအတွက်သာ အသုံးပြုရန်အတွက် Circle Tech ကုမ္ပဏီကအထူးသီးသန့်ထုတ် လုပ်ထားခြင်းဖြစ်ပါသည်။ ဈေးနှုန်းချိုသာသည့်အပြင် အသင့်ပါဝင်သည့် Ooredoo ဆင်းကတ်ကို မှတ်ပုံတင်ပြီးစတင်အသုံးပြုလိုက်သည်နှင့် Ooredoo Myanmar ၏ ၃၀၀၀၀ ကျပ် တန်ဖိုးရှိအပို ဆောင်းဝန်ဆောင်မှုများကို ရယူနိုင်မည်ဖြစ်သည်။ ၃၀၀၀၀ ကျပ် တန်ဖိုးရှိအပို ဆုကို Circle Tech RUBY S12 စမတ်ဖုန်းနှင့်အတူ အရန်သင့်ပါဝင်သည့် Ooredoo ဆင်းကတ်တွင်တစ်ပါတည်း ထည့်သွင်းပေးထားမည်ဖြစ်သည်။ ပထမဆုံး စမတ်ဖုန်းဝယ်ယူလိုက်သည်နှင့် အခမဲ့ အပိုလက်ဆောင် ၃၀၀၀ ကျပ်ကို ရက် ၃၀ အတွင်း ရရှိနိုင်မည်ဖြစ်ပြီး၊ အခမဲ့ အပိုလက်ဆောင် ၃၀၀၀ ကျပ် ရရှိထား သည့် ပထမဆုံး ရက် ၃၀ အတွင်းမှစပြီး နောက်ပိုင်းလများတွင်လည်း တစ်လလျှင်အနည်းဆုံး ၁၀၀၀ ကျပ် ဖုန်းငွေဖြည့်ပေးရုံဖြင့် အပိုလက်ဆောင် ၃၀၀၀ ကျပ် အားလစဉ် ၉ ကြိမ်တိုင်တိုင်ရရှိမည်ဖြစ်ပါသည်။ "ကျွန်မတို့ရဲ့ 3G ကွန်ရက်အထောက်အကူပြု ဒီစမတ်ဖုန်းမှာ မြန်မာဖောင့်ပါထည့်သွင်းထားပါတယ်။ ပြီးတော့ may may application နဲ့ my ooredoo application တွေလည်းပါပြီးသားဖြစ်ပါတယ်။ ဖုန်းတန်ဖိုးကို လစဉ်ငွေပြန်ဖြည့်ပေးသွားတာ ဆိုတော့ Ooredoo Myanmar ရဲ့ ဝန်ဆောင်မှုတွေကို သုံးစွဲတဲ့ မိဘပြည်သူတွေကို ကျေးဇူးတင်တဲ့အနေနဲ့ဖုန်းကိုမေတ္တာလက်ဆောင် အနေနဲ့ ပေးလိုက်တာပါပဲ။ လူကြိုက်များတဲ့ အဖြူရောင်၊ အနက်ရောင်၊ အနီရောင် အရောင်သုံးမျိုးရှိလို့ အားလုံးကြိုက်နှစ်သက်လိမ့်မယ်ထင်ပါတယ်"ဟု Ooredoo Myanmar ၏ လူမှုဆက်ဆံရေးနှင့် ပြန်ကြားရေးအကြီးတန်းမန်နေဂျာ မသီရိကြည်ညိုက ပြောသည်။ Circle Tech RUBY S12 စမတ်ဖုန်းများကို အနယ်နယ်အရပ်ရပ်ရှိ Ooredoo အရောင်းဆိုင်များ နှင့် မိုဘိုင်းဖုန်းအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး 3.5 လက်မမျက်နှာပြင်၊ Mini Sim အမျိုးအစားနှင့် dual-core 1.2 GHz အသုံးပြုထားပါသည်။ Android OS 4.4 Kit Kat ပါဝင်ပြီး ကင်မရာ ၂ Megapixelအသုံးပြုထားကြောင်း သိရသည်။

ရဲလင်းလင်းသန်း




# "Miss Myanmar World 2015" ပြိုင်ပွဲအတွက် Ooredoo ဖုန်းမှတစ်ဆင့် SMS Voting ပေးပို့နိုင်




ဇူလိုင်လ ၁၁ ရက်နေ့တွင်ကျင်းပမည့် "Miss Myanmar World 2015" နောက်ဆုံးအဆင့်ပြိုင်ပွဲကြီးတွင် Ooredoo Myanmar က SMS Voting စနစ်ဖြင့် မဲပေးနိုင်ရန်ပူးပေါင်းပါဝင်ထားကြောင်း သိရသည်။

"Miss Myanmar World 2015" ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ဆန်ကာတင် အလှမယ် ၂၀ ဦးအား Ooredoo Myanmar ဆင်းကတ်အသုံးပြုသူများမှ ပါဝင်မဲပေးနိုင်သည့် စနစ်တစ်ခုဖြစ်ပါသည်။"Miss Myanmar World 2015" ပြိုင်ပွဲအစီအစဉ်ကို Channel 7 တွင် မေလ ၃၀ ရက်နေ့မှ စတင်ထုတ်လွှင့်ပြသခဲ့သည်။ SMS Voting ဝန်ဆောင်မှုကို လက်ရှိအချိန်မှစ၍ ဇူလိုင်လ ၁၀ ရက်နေ့ ညသန်းခေါင်အထိ မဲပေး နိုင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်အလှမယ်တစ်ဦးအတွက် မဲအရေအတွက်များစွာ အကန့်အသတ်မရှိပေးပို့နိုင်သည်သာမကဘဲ တစ်ဦးထက်ပိုသော ပြိုင်ပွဲဝင်အလှမယ်များအတွက်လည်း အကန့်အသတ်မရှိမဲပေးနိုင်ပါသည်။ ယင်းအစီအစဉ်တွင် ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင်အလှမယ်များအား မဲပေးလိုပါက ပေးပို့ရမည့် စကားလုံး MMW နှင့် မိမိမဲပေးလိုသူအလှမယ်၏ သက်ဆိုင်ရာကုတ်နံပါတ် 01 (သို့) 02 စသဖြင့်တို့ကိုတွဲဖက် ပြီး ၆၀၀၁ (ခြောက်ထောင့်တစ်) သို့ မဲအရေအတွက် အကန့်အသတ်မရှိပေးပို့နိုင်ပါသည်။ ယင်းဝန်ဆောင်မှုကို Ooredoo Myanmar သုံးစွဲသူအားလုံး အသုံးပြုနိုင်ပြီး၊ ပြိုင်ပွဲဝင်အလှမယ်များ၏ ကုတ်နံပါတ်များကို Channel 7 တွင် ယင်းအစီအစဉ် ပြသနေစဉ် ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလက်ရှိ ကျွန်မတို့မြန်မာပြည်မှာ အားကစားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အမျိုးသမီးရေးရာကဏ္ဍ၊ ဆက်သွယ်ရေးသတင်း အချက်အလက်နှင့် နည်းပညာကဏ္ဍစသည်ဖြင့် ကဏ္ဍပေါင်းစုံဘက်စုံကနေဖွံ့ဖြိုးတိုးတက်လာတာတွေ့ရပါတယ်။ မြင်သူငေးလောက်တဲ့ အလှအပတွေပိုင်ဆိုင်ရုံတင်မကသေးဘဲ၊ ဉာဏ်အရည်အသွေး မြင့်မားပြီး တိုးင်းပြည်အတွက် သဓိးကောင်းရတနာ လုပ်ဖို့မြူလေးတွေနိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်ပြီး မြန်မာ့ဂုဏ်ဆောင်တာကို အားလုံး အင်မတန်ဂုဏ်ယူဝမ်းမြောက်ကြပါတယ်။ ဒါကြောင့် Ooredoo Myanmar အနေနဲ့ ဒီ "Miss Myanmar World 2015"အလှမယ်ရွေးပွဲမှာ မဲပေးသူများအစဉ်ပြေလွယ်ကူချောမွေ့အောင် ဒီလို SMS Voting ဝန်ဆောင်မှုကိုပေးခြင်းဖြစ်ပါတယ်"ဟု Ooredoo Myanmar ၏ လူမှုဆက်ဆံရေးနှင့် ပြန်ကြားရေးအကြီးတန်း မန်နေဂျာ မသီရိကြာညိုက ပြောသည်။

၆၀၀၁ (ခြောက်ထောင့်တစ်) သို့ပေးပို့သည့် မဲပေးသောမက်ဆေ့ချ် တစ်စောင်စီအတွက် မြန်မာငွေကျပ် ၁၀၀ကျပ်စီကျသင့်ပါမည်။ပေးပို့လိုက်သော SMS များအတွက် ကျသင့်ငွေကိုပင်မလက်ကျန် ငွေအကောင့်မှသာဖြတ်ယူမည်ဖြစ်ပြီး မဲပေးရန်အတွက်လုံလောက်သော လက်ကျန်ငွေရှိရန်လိုအပ်မည်ဖြစ်သည်။ Ooredoo Myanmar မှ အပိုရရှိထားသာ SMS များကိုမူ မဲပေးရာတွင်ထည့်သွင်းတွက်ချက်မည်မဟုတ်ကြောင်း သိရသည်။

ရဲလင်းလင်းသန်း

# NEWS

LOCAL UPDATE

## Wai Yan Electronics မှ iPad များကို ဇွန်လ ၁၂ ရက်နေ့တွင် စတင်ရောင်းချ



Wai Yan Electronic ဆိုင်များတွင် iPad Air 2 နှင့် iPad Mini 3 တို့ကို ဇွန်လ ၁၂ ရက်နေ့မှ စ၍ စတင်ရောင်းချပေးနေပြီဖြစ် ကြောင်း သိရသည်။ ထိုသို့စတင် ရောင်းချသည့်နေ့မှစ၍ လာရောက် ဝယ်ယူသော Customer များကို Present အနေဖြင့် Ooredoo Original Nano SIM Card ပြန် လည်ပေးအပ်သွားမှာဖြစ်သည့်အပြင် တစ်ပတ်အတွင်း iPad ၏ ဆက်စပ်ပစ္စည်းများလာရောက် ဝယ်ယူသော Customer များကိုလည်း 50% Discount လျှော့ ချ၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ထို့အပြင် ၃ ရက်အတွင်းပထမဦးဆုံးလာရောက် ဝယ်ယူသော Customer ၁၀ ဦးစီကို မေတ္တာလက်ဆောင်အနေဖြင့် Tempre Glass Screen Guard များ ပြန်လည်ပေးအပ်သွားမှာဖြစ်သည်။ ယခုအခါ WaiYan Electronic မှ ရောင်းချသော iPad များကို One Year official Warranty ရရှိနိုင်မှာဖြစ်သည့်အ ပြင် ဈေးနှုန်းများအနေဖြင့် iPad Air 2 16 GB အတွက် US$ 650, 64 GB အတွက် US$ 740, 128 GB အတွက် US$ 840 နှင့် Mini 3 16 GB အတွက် US$ 565, 64 GB အတွက် US$ 665, 128 GB အတွက် US$ 765 သတ်မှတ်ထားကာ Color အနေဖြင့် Silver, Gold, Space Gray ဟူ၍ အရောင် ၃ မျိုးလုံးကို ရရှိနိုင်မှာဖြစ်ကြောင်းသိရသည်။

ရဲလင်းစိုး

# PSB Academy မှ ဩစတြေးလျ University of Newcastle ၏ MBA တက်မည့် မြန်မာကျောင်းသား၊ ကျောင်းသူများအတွက် စင်ကာပူဒေါ်လာ ၄၀၀၀ ထောက်ပံ့မည်

စင်ကာပူနိုင်ငံ PSB Academy မှ ထူးချွန်မြန်မာကျောင်းသားကျောင်းသူများအတွက် PSB Academy Outstanding International Student (Myanmar) Award အဖြစ် စင်ကာပူဒေါ်လာ ၄၀၀၀ ကို University Of Newcastle, Australia မှ ပေးအပ်မည့် Master of Business Administration တက်ရောက်မည့် မြန်မာကျောင်းသား၊ ကျောင်းသူများကိုသာ ရွေးချယ်ပေးအပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။ "ဒီဩစတြေးလျ University of Newcastle ကပေးတဲ့MBA ကို မြန်မာကျောင်းသားကျောင်းသူ တွေအနေနဲ့စင်ကာပူ PSB Academy မှာပဲ တစ်နှစ်တက်ပြီး သင်ယူနိုင်ပါတယ်။ အခုပေးမယ့် ပညာသင်ထောက်ပံ့ကြေးကိုလည်း ဩဂုတ်လမှာဖွင့်မယ့် Intake မှာ တက်ရောက်မယ့်သူတွေကိုပဲ ပေးမှာဖြစ်ပါတယ်" ဟု CROWN Education မှ Counseling Manager မဝေမွန်လေးမြင့်ကပြောသည်။ PSB Academy အနေနှင့် မြန်မာကျောင်းသား၊ ကျောင်းသူများကို CEP နှင့် Diploma Programme တက်ရောက်စဉ် Minimum 95% attendance ရှိပြီး၊ GAP 3.5 အထက်ရှိသူများကိုလည်း Diploma သင်တန်းရလဒ်များထွက်ပြီး Bachelor Degree ဆက်လက် တက်ရောက်မည့် သူများအတွက်တစ်လအတွင်း စင်ကာပူဒေါ်လာ ၂၀၀၀ လျှော့ထားရယူနိုင်ခွင့် ပေးထားကြောင်းသိရသည်။

စင်ကာပူနိုင်ငံ PSB Academy တွင် Bachelor of Engineering, Bachelor of Biomedical, Bechelor of Computer Science, Bachelor of Business, Bachelor of Commerce များကိုလျှောက်ထားတက်ရောက်နိုင်မည်ဖြစ်သည်။

ထို့အတူ PSB Academy ၏ University of Newcastle (Australia) နှင့် University of Wollongong (Australia) တို့၏ Engineering, IT, Finance, Management, Marketing ဘာသာရပ်များသင်ယူလိုသည့်ကျောင်းသားကျောင်းသူများအနေဖြင့် တက္ကသိုလ်များမှ သတ်မှတ်ထားသည့် ဝင်ခွင့်သတ်မှတ်ချက်မပြည့်မီလျှင် ဖြစ်စေ၊ မြန်မာနိုင်ငံတွင်Foundation တက်ရောက်လိုလျှင်ဖြစ်စေ၊ CROWN Education တွင်ဖွင့်လှစ်ထားသော American College Program (Global Assessment Certificate) တွင် Foundation ၁၀ လသင်တန်း တက်ရောက်ပြီး PSB Academy တွင် University of Newcastle (Australia) နှင့် University of Wollongong (Australia) တို့၏ ဒုတိယနှစ်သို့ တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။အသေးစိတ်သိရှိလိုပါက CROWN Education ၊ အမှတ် ၂၇၀၊ မြေညီထပ်၊ မြေနီကုန်း၊ ပြည်လမ်း။ ဖုန်း ၀၁-၅၂၇၈၃၈၊ ၀၉-၇၃၀၄၀၆၈၈၊ ၀၉-၇၃၂၇၃၂၇၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရဲလင်းလင်းသန်း

# House.com. mm မှ စီးပွားရေးနှင့်လုပ်ငန်းဆိုင်ရာဘာသာရပ်များအတွက် ပညာသင်ဆုပေးမည်

အွန်လိုင်း အိမ်၊ ခြံ၊ မြေ website တစ်ခုဖြစ်သည့် House.com.mm မှ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဘာသာရပ်များအတွက် ပညာသင်ဆုကို ပေးအပ်သွားမည့်အပြင် အိမ်၊ ခြံ၊ မြေ အကျိုးဆောင် ထူးချွန်ဆုများကိုလည်းရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆုများအနက် ပညာသင်ဆုကို အသက် ၁၇ နှစ်နှင့်အထက်ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်ပြီး လုပ်ငန်းနယ်ပယ်ထဲမှ လက်တွေ့အသုံးချဘာသာရပ်များဖြစ်သည့် Business, Economics, Marketing,Entrepreneurship, Sales, Logistics နှင့်အခြားဆက်စပ်သည့်ဘာသာရပ်များကိုသင်ကြားလိုသူများအတွက်ရည်ရွယ်ခြင်းဖြစ်သည်။

House.com.mm ၏မန်နေး ဂျင်းဒါရိုက်တာဖြစ်သူ Jan Sommerfeld ကလည်း "ဒီအထောက်အပံ့က မြန်မာလူငယ်တွေရဲ့ အောင်မြင်မှုအတွက် အဓိကတွန်းအားဖြစ်စေဖို့ ရည်ရွယ်ပါတယ်။သူတို့တွေရဲ့စွန့်ဦးတီထွင်လို စိတ်တွေ ပိုမိုအားကောင်းလာအောင်လို့ဆော်ပေးရာလည်းရောက်သလို ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မှုအတွက် အတွေ့အကြုံတွေကို လက်ဆင့်ကမ်းပေးမယ့်အစီ အစဉ်တွေပါဝင်တာကြောင့် ရွေးချယ်ခံရသူအတွက် တကယ်အကျိုးရှိမှာပါ"ဟုဆိုသည်၊

ပညာသင်ဆုအတွက် လျှောက်ထားရမည့်ပုံစံကို http://www.house.com.mm/scholarship/ တွင်အသေးစိတ်ဖော်ပြပေးထားပြီး၊ ပညာသင်နှစ်တစ်နှစ်အတွက် တစ်ယောက်ကို သာရွေးချယ် ပေးအပ်သွားမှာဖြစ်သည်။ လျှောက်ထားရမယ့် အချိန်ကာလမှာ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်နေ့အထိဖြစ်ပြီး၊ ပညာသင်ဆုအဖြစ် မြန်မာငွေကျပ် ၅ သိန်းအပြင် အခြားအခွင့်အလမ်းများပါပါဝင်လာမည်ဖြစ်ကြောင်း သိရသည်၊ ထို့အပြင် အိမ်၊ ခြံ၊ မြေအကျိုးဆောင်ဆုများကိုလည်း ပထမဆုံးအကြိမ်အဖြစ်ပေးအပ်သွားမှာဖြစ်သလို ဆုအမျိုးအစားပေါင်း ၁၃ ဆုအထိပါဝင်သွားမည်ဖြစ်သည်။ အဆိုပါဆုများတွင် အကောင်းဆုံးအိမ်ခြံမြေ အကျိုးဆောင် လုပ်ငန်းဆု၊ အကောင်းဆုံးလူငယ်လုပ်ငန်းရှင် ဆု၊ အယုံကြည်ရဆုံးအကျိုးဆောင်လုပ်ငန်းဆု စသည်တို့ပါဝင်ပြီး အကျိုးဆောင် လုပ်ငန်းများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ပြရန် လိုအပ်ပြီး အနည်းဆုံးဝန်ထမ်း အင်အား ၃ ဦးရှိရန် လိုအပ်မည်ဖြစ်သည်။

အီးမေးလ်ဖြင့် လျှောက်ထားလိုပါက awards@house.com.mm တွင် လျှောက်ထားနိုင်မည်ဖြစ်ပြီး၊ website မှ လျှောက်ထားမည်ဆိုပါက www.house.com.mm/awards တွင်လျှောက်ထားရမည် ဖြစ်ကြောင်းသိရသည်။

Scholarship ရရှိသူများနှင့် အိမ်ခြံမြေအကျိုးဆောင်ဆု ရရှိသူများကို စက်တင်ဘာ ၁၈ ရက်နေ့တွင် ဆုချီးမြှင့်သွားရန် စီစဉ်ထားပါသည်။

ရဲလင်းလင်းသန်း



“ MPU Network မှာ အခုဆို ဘဏ်ကပြီးခဲ့တဲ့ အပတ်အထိ ၂၀ ဘဏ် ရှိခဲ့တယ်။ အခုဆို ရိုးမဘဏ်ကလည်း ဒီ MPU Network ကို ဝင်ပါမယ် ဆိုတဲ့ အကြောင်းကြားစာပို့ထားတော့ ၂၂ ဘဏ်လို့ပြောလို့ရပြီ ”

MPU (Myanmar Payment Union) မှ CEO ဖြစ်သူ

# ကိုဇော်လင်းထွဋ်နှင့်တွေ့ဆုံခြင်း

**မေး** **MPU ကလုပ်တဲ့ E-commerce စနစ်ကိုပြောင်းဖို့ အရင်ထုတ်ထားတဲ့ ကတ်ကိုင်ဆောင်သူတွေက ဘဏ်တွေကိုသွားလုပ်တော့ အဆင်မပြေဘူးလို့ ကြားရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဘယ်လိုအကြောင်းကြောင့်ဆိုတာ ပြောပြပေးပါဦး။**

**ဖြေ** အဲဒါကတော့ ဘဏ်တွေရဲ့ပေါ်လစီပဲဖြစ်မယ်။ MPU အနေနဲ့ကတော့ အကုန်လုံးကို အဆင်သင့်လုပ်ထားပြီ E-commerce ပလက်ဖောင်းကို စသုံးနေတဲ့ ဘဏ်တွေလည်းရှိနေပြီ။ သုံးတဲ့ merchant တို့ user တို့လည်းရှိနေပါပြီ။ တချို့ဘဏ်တွေက မရသေးတာတော့ ဘဏ်နဲ့ပဲဆိုင်မှာပါ။ တစ်အချက်က သူတို့ဘဏ်တွေရဲ့ System တွေ အဆင်သင့်မဖြစ်သေးတာဖြစ်နိုင်သလို၊ နောက်တစ်ချက်ကတော့ တချို့ဘဏ်တွေရဲ့ operation မှာ လုပ်နေတဲ့သူတွေကဒီ product အသစ်ကိုမသိတဲ့ အခါကြတော့ ဘဏ်ခွဲကိုသွားပြီး E-commerce စနစ်ကို လုပ်ချင်ပါတယ်ဆိုတော့ သေချာမသိဘဲ မရဘူးလို့ပြောတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ရုံးချုပ်တို့ ကတ်ဌာနတို့ကတော့ သိပြီးဘဏ်ခွဲတွေမှာ မသိသေးတာမျိုးပေါ့။ ဒါကြတော့ ဘဏ်တွေကသူတို့ရဲ့ အတွင်းပိုင်းသတင်းထုတ်ပြန်မှုနဲ့ product အသစ်ပေါ်မှာ training ပိုင်းသေချာမပေးနိုင်တာမျိုး ဖြစ်နိုင်မယ်ထင်တယ်။

**မေး** **MPU E-commerce စနစ်ကို စတင်တာဘယ်လောက်ကြာပြီလဲ။ ဘယ်ဘဏ်တွေမှာစသုံးနေပြီလဲ။**

**ဖြေ** ၂၀၁၅ ဖေဖော်ဝါရီမှာစပြီး launch လုပ်တယ်။ အခုချိန်မှာသုံးနေတာ လေးဘဏ်လောက်ရှိပြီ၊ ဒီဘဏ်လေးဘဏ်မှာရှိတဲ့အသုံးပြုသူတွေရဲ့ transaction တွေတော့ တက်ပါတယ်။ အခုဆိုမိုဘိုင်း top-up စနစ်ပါလုပ်လာတော့ အဲဒီဟာကိုပိုပြီးသုံးလာတာများပါတယ်။ အခုလောလောဆယ် Registration လုပ်ပြီးတဲ့ ဘဏ်တွေက AGD၊ ယူနိုက်တက်အမရဈ်မယ်။ နောက်မြဝတီဘဏ်နဲ့ CB ဘဏ်တွေရှိပါတယ်။

**မေး** **တခြားဘဏ်တွေက ဘာလို့ မစဖြစ်သေးတာလဲ။**

**ဖြေ** ဒါတော့ ဘဏ်နဲ့ပဲသက်ဆိုင်ပါတယ်။ ကျွန်တော်တို့ MPU ဘက်ကတော့ လိုအပ်တဲ့ Training တွေ စည်းမျဉ်းစည်းကမ်းတွေ အားလုံးလုပ်ပြီးသားပါ။ Card holder တို့ Merchant တို့နဲ့ သက်ဆိုင်တဲ့ Registration guide တွေကို ထုတ်ထားပေးတယ်။ နောက်ပြီးလိုအပ်တာမှန်သမျှကို ကူညီပေးမယ်လို့ စာတွေလည်းထုတ်ထားပြီးသားပါ။ လုပ်နေတဲ့ဘဏ်တွေလည်းရှိပါတယ်။ ကျွန်တော်တို့လည်းဘဏ်တွေကို MPU ဘက်ကနေ အကူအညီလိုရင် အချိန်မရွေး တောင်းနိုင်တယ်ဆိုတာ ပြောထားပါတယ်။

**မေး** **ဒီလုပ်ငန်းစဖို့ ဘဏ်တွေမှာသုံးတဲ့ software တွေ ဘာတွေ လိုအပ်ချက်ရှိသေးလား။**

**ဖြေ** လိုပါတယ်။ သူတို့ဘဏ်တွေကိုယ်တိုင်ကလည်း ဒီလိုမျိုး System တွေ အသင့်ရှိဖို့လိုပါတယ်။ အမှန်တကယ်ကတော့အခုလက်ရှိအဆင့်က ၁ ပဲရှိသေးတယ်။ ဒါကလွယ်ပါသေးတယ်။ ဘဏ်တွေမှာ သီးခြား Gateway မရှိရင်တောင် Merchant ကို ကျွန်တော်တို့ဆီမှာလာချိတ်ပေးလို့ရတယ်။ ကတ် Registration ကိုလည်း ကျွန်တော်တို့ရဲ့ Guideline အတိုင်းသွားရုံပဲ။ နောက်ပိုင်းအဆင့်တွေဖြစ်လာရင်တော့ ဘဏ်တွေမှာက ကိုယ်ပိုင် Gateway ရှိကိုရှိရတော့မယ်။ အဲဒီ Gateway တွေကမှတစ်ဆင့် Merchant က ကျွန်တော်တို့ဆီကိုလာရတဲ့ ပုံစံဖြစ်သွားမယ်။ တချို့ဘဏ်ကြီးတွေကတော့ အခုတည်းက Gateway တွေ ဘာတွေရှိပြီးသား။ တချို့ဘဏ်တွေကလည်း ကိုယ်ပိုင် Gateway မသုံးဘဲ ဒီအတိုင်းပဲဆက်သွားတာမျိုးလည်းရှိနိုင်လို့ နောက်ပိုင်းအဆင့်တွေတက်ပေမယ့် ဒီအရင်အဆင့်တွေကိုလည်း မဖျောက်ဘူး။ ကိုယ်ပိုင် Gateway နဲ့ ပဲသွားသွား။ MPU ရဲ့ Gateway ကပဲ ချိတ်ချိတ် အဆင်ပြေအောင် လုပ်ပေးသွားမယ်။

**မေး** **အခုလက်ရှိမှာ MPU အဖွဲ့ဝင်ဘဏ် ဘယ်နှစ်ဘဏ်ရှိနေပြီလဲ။**

**ဖြေ** MPU Network မှာ အခုဆို ဘဏ်ကပြီးခဲ့တဲ့ အပတ်အထိ ၂၀ ဘဏ်ရှိခဲ့တယ်။ အခုဆို ရိုးမဘဏ်ကလည်း ဒီ MPU network ကို ဝင်ပါမယ်ဆိုတဲ့ အကြောင်းကြားစာပို့ထားတော့ ၂၂ ဘဏ်လို့ပြောလို့ရပါပြီ။

**မေး** **ဒီ ၂၂ ဘဏ်လုံး E-commerce စနစ်ဖြစ်လာဖို့ ဘယ်လောက်လောက် အချိန်ယူရဦးမယ်လို့ မြင်မိလဲ။**

**ဖြေ** အဲဒါကတော့ ဒီအီလက်ထရောနစ် ငွေပေးချေမှုစနစ်ကို ဘဏ်အားလုံးတစ်ပြေးညီဖြစ်ဖို့ ဘဏ်တွေမှာသူတို့ရဲ့ Core Banking တွေလည်း စနစ်တကျရှိရမယ်။ ပြီးတော့သီးခြား Gateway တွေလည်း ရှိရမယ်ဆိုတော့ ဒါတွေကတော့ ဘဏ်တွေပေါ် မူတည်ပါလိမ့်မယ်။ တကယ် လုပ်ချင်တယ်။ လုပ်ဖို့လည်း ရည်ရွယ်ထားရင်တော့ ဒီနှစ်ထဲ ပြီးနိုင်ပါတယ်။ အခက်အခဲကတော့ အနည်းငယ်ရှိနိုင်တော့ ၂၂ ဘဏ်လုံးရဖို့ အချိန်ကို အတိအကျတော့ ပြောလို့မရဘူး။ ဒါကဘဏ်တွေရဲ့ အားစိုက်ထုတ်မှုပေါ်လည်းမူတည်တယ်။

**မေး** **အခုလက်ရှိမှာ MPU E-commerce စနစ်ကနေသုံးနိုင်တဲ့ website ဘယ်နှစ်ခုရှိနေပြီလဲ။**

**ဖြေ** Merchant အနေနဲ့ ချိတ်ထားတာက Myanmar national လေကြောင်းလိုင်းတစ်ခုရှိမယ်။ နောက်ဖုန်းဘေလ် top-up ကတ်ရောင်းတာ နှစ်ခုရှိမယ်။ easybill နဲ့ topup.com ။ ပြီးတော့ အီလက်ထရောနစ်ပစ္စည်းရောင်းတာတစ်ခုရှိတယ်။ နောက်တခြားလုပ်ငန်းသေးတွေလည်းရှိနေပါသေးတယ်။ ဒီ E-commerce စနစ်အတွက် ထပ်ပြီး လာလျှောက်ထားတဲ့ လုပ်ငန်းလည်း ၁၇ ခုလောက်ရှိတယ်။ ဒီ merchant တွေမှာလည်း web portal ရှိဖို့ လိုတယ်။ သူတို့ရဲ့ web portal ကို MPU မှာ လာချိတ်မှရမှာ။

**မေး** **MPU အနေနဲ့ထပ်ပြီး တိုးချဲ့မယ့် အစီအစဉ်တွေရောရှိပါသေးလား။**

**ဖြေ** အခုဆို ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ချိတ်ဆက်ဖို့လုပ်နေတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကနေ ဦးဆောင်ညှိနှိုင်းနေတယ်၊ အခွန်ကို နေပြည်တော်အထိသွားပြီး အခွန်ဆောင်ရတာမျိုးမဟုတ်ဘဲ အွန်လိုင်းကနေဆောင်လို့ရအောင် လုပ်ဆောင်နေတယ်၊ အဲဒါအတွက်ကတော့ ပြည်တွင်းအခွန်ကနေ webportal တစ်ခုလုပ်ပြီး ကျွန်တော်တို့ MPU နဲ့ ချိတ်ဆက်မှာပါ။

**မေး** **ဒီ MPU E-commerce စပြီးတော့ နဂိုကရိုးရိုး MPU ကတ်သုံးနေတဲ့သူတွေကနေ ဒီစနစ်ကိုလာပြောင်းတာမျိုးရှိလား။ အသုံးပြုသူက တစ်ရက်ကို ဘယ်လောက်ရှိလဲ။**

**ဖြေ** အရင်ကတော့ စချင်းလည်းဖြစ်တော့ တစ်ရက်ကို Transaction တစ်ကြောင်းလောက်ပဲရှိတာမျိုး။ အများဆုံးသုံးရင် တစ်ရက်ကို ဆယ်ကြောင်းလောက်တော့ရှိတယ်။ အခုနောက်ပိုင်းမှာ ဖုန်းဘေလ်တွေလည်းပါလာတော့ တစ်ခါတလေ Transaction ဆယ်ကြောင်းလောက်၊ တစ်ခါတလေ Transaction ၃၀ လောက်အထိ တိုးလာတာတွေ့ရတယ်။ တစ်ခါတလေဆို Transaction ၅၀ လောက်ထိကို ဖြစ်လာပါတယ်။ user အတိအကျတော့ သေချာမပြောနိုင်သေးဘူး။ နောက်ပိုင်းထုတ်တဲ့ ကတ်တွေကတော့ ဒီစနစ်သုံးမယ်ဆိုရင် တစ်ခါတည်းပါပြီးသား အရင်ကတ်ဟောင်းတွေကသာ ဒီစနစ်ကိုထပ်ချိတ်ရမှာ။

ဖုလင်း လင်း သန်း တွေ့ဆုံမေးမြန်း သည်

**မေး** **နောက်ထပ် Registration လုပ်ထားတဲ့ Merchant တွေက ပြည်တွင်းကများလား။ ပြည်ပကများလား။**

**ဖြေ** ပြည်တွင်းကပဲများပါတယ်။ အဓိကကတော့ အီလက်ထရောနစ် မိုဘိုင်းပစ္စည်းရောင်းတဲ့ဟာတွေ၊ နောက်ခရီးသွားလုပ်ငန်းတွေ၊ ဘတ်စ်ကားလက်မှတ်တွေ ရောင်းတာတွေပါတယ်။

**မေး** **2C2P နဲ့က ဘယ်လိုပုံစံချိတ်ဆက်လုပ်ဆောင်တာပါလဲ။**

**ဖြေ** 2C2P က ကျွန်တော်တို့ရဲ့ E-commerce Service provider ပါ။ ကျွန်တော်တို့ရဲ့ Gateway နဲ့ ပလက်ဖောင်းကို သူတို့နည်းပညာနဲ့ ဝန်ဆောင်မှုပေးထားတာပေါ့။

**မေး** **Union Pay International တို့ JCB တို့နဲ့ကြတော့ရော ကတ်ပိုင်းဆိုင်ရာမှာ ဘယ်လိုမျိုးပူးပေါင်းထားပါသလဲ။**

**ဖြေ** သူတို့နဲ့က business partner ပါ။ သူတို့ကတ်တွေကို ပြည်တွင်းယူလာရင် ကျွန်တော်တို့ network ကိုဖြတ်မယ်။ ကျွန်တော်တို့ကတ်တွေ နိုင်ငံခြားကိုယူသုံးရင် သူတို့ network ထဲကို ဖြတ်သုံးဖို့ကြတော့ Co-brand ကတ်တွေထုတ်တာပါ။ ကတ်လုပ်ငန်းမှာက ထုတ်ပေးတာဆိုတဲ့ Acquiring ရှိတယ်။ လက်ခံသုံးစွဲတယ်ဆိုတဲ့ Issuing ဆိုတာရှိတယ်။ အလွယ်ဆုံးကတော့ သူတို့ထုတ်တဲ့ ကတ်တွေကို MPU network မှာသုံးတာ၊ နောက်တစ်ခုကတော့ MPU ရော၊ Union Pay တံဆိပ်ရောပါတဲ့ ကတ်တွေထုတ်တာ။ အကယ်၍ နိုင်ငံခြားသွားရင် Union Pay ရဲ့ Network မှာ ဒီကတ်ကိုသုံးတာပေါ့။ JCB ကတ်ဆိုရင် JCB network မှာသုံးရမှာ။

**မေး** **လက်ရှိမှာ E-commerce နဲ့ပတ်သက်တဲ့ ဥပဒေတွေ မထွက်သေးတော့ ဒီလုပ်ငန်းတွေ စတင်တာမှာ အခက်အခဲရှိလား။**

**ဖြေ** ဥပဒေတွေထွက်ဖို့ကိုလည်း Regulator တွေက လုပ်ဆောင်နေပါတယ်။ မထွက်သေးခင်မှာ အခက်အခဲမရှိဘူးလို့တော့ မပြောချင်ပါဘူး။ ရှိပါတယ်။ ဒါပေမယ့် ဒီအခက်အခဲကို ကျော်လွှားနိုင်ဖို့ အသုံးပြုမယ့် ဘဏ်တွေအကုန်လုံးကို အစည်းအဝေးလုပ်ပြီး ဘုံသဘောတူညီမှုတစ်ခုယူပြီးလုပ်တယ်။ ဒါပေမယ့် ဥပဒေ၊ နည်းဥပဒေတွေရှိလာရင်တော့ ပိုပြီးအားကောင်းလာမှာပါ။

**မေး** **အခုဆို ဘဏ်တွေမှာကတ်စနစ်နဲ့ ပတ်သက်ပြီး အသုံးပြုသူတွေကမေးရင် သေချာမဖြေပေးနိုင်တာတို့၊ ဘဏ်ဝန်ထမ်းတွေ ကိုယ်တိုင်က ကတ်အသုံးပြုပုံနဲ့ ပတ်သက်ပြီး သေချာမသိတာမျိုးတွေ ရှိနေတယ်လို့ ပြောကြတာနဲ့ ပတ်သက်ပြီး ဘယ်လိုမြင်လဲ။**

**ဖြေ** အဲဒါကတော့ အသိပညာ ပြန့်ပွားမှုပေးဖို့လိုတယ်။ တစ်ခုက ဘဏ်အတွင်းမှာပဲ လုပ်ရတဲ့ဟာ။ ကိုယ့်ဝန်ထမ်းတွေကို ကိုယ်အသိပညာပေးဖို့ လိုအပ်တယ်။ အဲဒီအပိုင်းက ဘဏ်တွေဘက်မှာ အားနည်းတာလည်း တွေ့ရတယ်။ ရုံးချုပ်ကြီးကတော့ သိတယ်။ လူကြီးတွေကလည်း သိတယ်။ ဝန်ထမ်းတွေ၊ ဘဏ်ခွဲတွေက မသိတာမျိုးပေါ့။ အဲဒါကတော့ ဘဏ်တွေရော၊ MPU မှာပါ တာဝန်ရှိတယ်။ မလုပ်ခင်မှာ ကြော်ငြာပေးဖို့ အားနည်းသလို၊ နောက်ပိုင်း After sales services ပိုင်းမှာပါ အားနည်းနေတယ်။ ဒါလည်း အကြောင်းအမျိုးမျိုးတွေရှိတယ်။

စာမျက်နှာ ၃၄ သို့



" တန်ဖိုးသင့်ညစာရဲ့ ဦးတည်လူတန်းစားကို သတ်မှတ်ထားပြီးသားပါ။ အဓိကကတော့ တစ်နေကုန်ပင်ပန်းနွမ်းနယ်စွာ အလုပ်လုပ်ကိုင်နေရသော ဆင်းရဲနွမ်းပါးမိသားစုတွေအတွက် ရည်စူးတာပါ "

တန်ဖိုးသင့်ညစာ အစီအစဉ်ကို စတင်ခဲ့သူ

# ဒေါက်တာနန္ဒဝင်းနှင့်တွေ့ဆုံခြင်း

ရဲလင်းလင်းသန်း တွေ့ဆုံမေးမြန်းသည်

**မေး: ဆရာရဲ့ ကိုယ်ရေးအကျဉ်းကို ပြောပြပေးပါရှင်။**

ဖြေ ကျွန်တော်ရဲ့နာမည်ကတော့ ဒေါက်တာနန္ဒဝင်းပါ။ ၁၉-၁-၁၉၇၄ မှာ မွေးခဲ့ပြီး၊ မိဘတွေကတော့ ဒေါက်တာသန်းဦးနဲ့ ဒေါ်ခင်အေးသန့်တို့ဖြစ်ပါတယ်။ မွေးဖွားရာဇာတိက ရန်ကုန်မြို့ဖြစ်ပြီး၊ ဆေးပညာဘွဲ့ M.B.,B.S. ကို (ဆေးတက္ကသိုလ် ၁ ရန်ကုန် ၁၉၉၉) ခုနှစ်မှာ ရခဲ့ပါတယ်။ ၂၀၀၁-၂၀၀၃ ခုနှစ်က ချင်းပြည်နယ်၊ ဖလမ်းမြို့မှာ လက်ထောက်ဆရာဝန်အနေနဲ့လုပ်ခဲ့ပြီး၊ ၂၀၀၃-၂၀၀၆ မှာတော့ ရောဝတီတိုင်း၊ မအူပင်မြို့နယ်မှာ လက်ထောက်ဆရာဝန်၊ ၂၀၀၆-၂၀၁၁ တိုက်နယ်ဆရာဝန်အနေနဲ့ကွင်းကောက် အဂ်ပူ ဧရာဝတီတိုင်းမှာလုပ်ခဲ့တယ်။ ၂၀၁၁-၂၀၁၂ မှာတော့ ပဲခူးတိုင်း၊ မိုးညိုမြို့မှာ မြို့နယ်ဆရာဝန်အဖြစ်လုပ်ပြီး၊ ၂၀၁၂ ခုနှစ်ကနေ ယနေ့အထိ မြို့နယ်ဆရာဝန်အဖြစ်နဲ့ ဧရာဝတီတိုင်း အဂ်ပူမြို့နယ်မှာ လုပ်ကိုင်နေပါတယ်။ နန္ဒဝင်း (ဆေး-၁)ဆိုတဲ့ ကလောင်အမည်နဲ့ ရေးသားထုတ်ဝေခဲ့သော စာအုပ်တွေလည်းရှိပြီး၊ ဆောင်းပါးပေါင်းချုပ် ၄ အုပ်နဲ့ ကလေးပုံပြင် ၁ အုပ်ထုတ်ဝေထားပါတယ်။

**မေး: တန်ဖိုးသင့် ညစာစတင်ဖြစ်ခဲ့ပုံကိုလည်း ပြောပြပေးပါဦး။**

ဖြေ ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ၁၅ နှစ်ကျော်ကာလမှာ အများစုသော လူနာတွေက သွေးတိုးလူနာတွေများတယ်။ သွေးတိုးလူနာတွေကို သွေးတက်စေတဲ့ အစာမစားဖို့ တိုက်တွန်းပြောဆိုတဲ့အခါမှာ တောသူတောင်သားဆင်းရဲသားများအဖို့ ငါးပိမစားရင် စားစရာမရှိဘူးလို့ ပြန်ပြောကြတယ်။ အမှန်တကယ်လေ့လာကြည့်တဲ့အခါမှာလည်း ငါးပိချက်တစ်အိုးကိုသာ ဟင်းအဖြစ်စားသုံးနေရသော မိသားစုများကိုတွေ့ရတာမို့လို့ ပြည်သူတွေကို ဈေးနှုန်း ချိုသာပြီး အန္တရာယ်လည်းကင်း၊ အာဟာရစုံညွှန်းလည်း ပြည့်ဝမယ့် အစားအစာတွေစားသောက်နိုင်စေရေး ရည်စူးကာ တန်ဖိုးသင့် ညစာကိုရောင်းချပေးခဲ့ခြင်းဖြစ်ပါတယ်။

**မေး: တန်ဖိုးသင့် ညစာစတင်ခဲ့တဲ့ အချိန်နဲ့ ဒီဟင်းလျာတွေအတွက် သတ်မှတ်ထားတဲ့ ဈေးနှုန်းတွေကရော။**

ဖြေ တန်ဖိုးသင့်ညစာ အစီအစဉ်ကို ၂၀၁၅ မေ ၁၉ ရက်က စတင်ခဲ့ပါတယ်။ ထမင်းနဲ့ ကြက်သားဟင်းအတွက် ငွေငါးရာ၊ ထမင်းနှင့် ဝက်သားဟင်းအတွက် ငွေသုံးရာ၊ ထမင်းနှင့် သီးစုံပဲဟင်းအတွက် ငွေ ၂၀၀ ကျပ်စသည်ဖြင့် အရင်းမျှလောက်သာရှိသော ဟင်းလျာဈေးနှုန်းများဖြင့် ဆီသန့် အချိုမှုန့်ကင်းစွာဖြင့် စတင်နိုင်ခဲ့ပါတယ်။

**မေး: ဒီတန်ဖိုးသင့်ညစာအစီအစဉ်ကို စတင်ဖို့လုပ်တုန်းက ပါဝင်ကူညီခဲ့သူတွေရှိသေးလား။**

ဖြေ တန်ဖိုးသင့်ညစာကို စတင်ရောင်းချစဉ်ကတည်းက ကူညီခဲ့သူတွေရှိပါတယ်။ ဟင်းတွေကို ချက်ပြုတ်တဲ့နေရာမှာ ကျန်းမာရေးဌာနမှ ဝန်ထမ်းမိသားစုတွေက ကူညီချက်ပြုတ်ရောင်းချပေးခဲ့ကြပါတယ်။

**မေး: တန်ဖိုးသင့်ညစာကို ဘယ်လိုလူတွေအတွက် ဦးတည်ရောင်းချခဲ့တာပါလဲ။**

ဖြေ တန်ဖိုးသင့်ညစာရဲ့ ဦးတည်လူတန်းစားကို သတ်မှတ်ထားပြီးသားပါ။ အဓိကကတော့ တစ်နေကုန်ပင်ပန်းနွမ်းနယ်စွာ အလုပ်လုပ်ကိုင်နေရသော ဆင်းရဲနွမ်းပါးမိသားစုတွေအတွက် ရည်စူးတာပါ။ ပထမဦးဆုံး မိသားစုအိမ်ခြေ ၁၀၀ အတွက် ရည်စူးပြီး ချက်ပြုတ်ခဲ့ပါတယ်။

**မေး: တန်ဖိုးသင့်ညစာကို စတင်ရောင်းချချိန်မှာ အခက်အခဲ ကြုံရတာမျိုးရှိသေးလား။**

ဖြေ ဒီတန်ဖိုးသင့်ညစာနဲ့ပတ်သက်ပြီး အစကတည်းက ကြိုတင်စဉ်းစားပြင်ဆင်နိုင်ခဲ့လို့ အခက်အခဲကြီးကြီးမားမားမတွေ့ခဲ့ရပါဘူး။ အကုန်လုံးက ကူညီကြပြီး၊ ဝယ်ယူသူတွေကလည်း လိုက်လိုက်လှဲလှဲ ကြိုဆိုကြတာတွေ့ရပါတယ်။

**မေး: ဒီတန်ဖိုးသင့်ညစာကို လူမှုကွန်ရက်မှာ စပြီးလူသိလာတာက ကိုယ်တိုင်တင်ခဲ့တာလား။ တခြားသူတစ်ဦးတစ်ယောက်က Facebook မှာ တင်လိုက်တာကနေ လူသိလာတာပါလား။**

ဖြေ ကျွန်တော်ကိုယ်တိုင်ပဲ ဒီတန်ဖိုးသင့်ညစာစတင်နေတဲ့အကြောင်းကို ကျွန်တော့်ရဲ့ လူမှုကွန်ရက်စာမျက်နှာမှာ စတင်လိုက်တာကနေ အများသိရှိသွားတာဖြစ်ပါတယ်။ အဲဒီမှာပဲ ဟိုလူက share ဒီလူက share နဲ့ တစ်ခဏအတွင်း လူသိများလာပါတယ်။ ဒီတန်ဖိုးသင့်ညစာကို ဝိုင်းဝန်းပံ့ပိုးသူများကြောင့် အစက ဆိုက်ကားတစ်စီးနဲ့ရောင်းချနေတာကနေ ဆိုက်ကားလေးစီး၊ ကားငယ်တစ်စီးနှင့် မိသားစု ၇၀၀ ကျော်ကို လွှမ်းခြုံနိုင်တဲ့အထိ အောင်မြင်ခဲ့ပါတယ်။

**မေး: တန်ဖိုးသင့်ညစာနဲ့ပတ်သက်လို့ Facebook စာမျက်နှာတွေ ဘာတွေရှိလား။**

ဖြေ တန်ဖိုးသင့်ညစာဆိုပြီး Facebook page တစ်ခုတည်းပဲရှိပါတယ်၊ ကျွန်တော်သုံးတဲ့ ဒေါက်တာနန္ဒဝင်းဆိုတဲ့ အကောင့်လည်းရှိတယ်။ အဲဒီမှာလည်း တန်ဖိုးသင့်ညစာနဲ့ ပတ်သက်လို့ တင်ပါတယ်။

**မေး: ဒီတန်ဖိုးသင့်ညစာကို လူသိများလာပြီးနောက်မှာ ဒီလိုမျိုးပုံစံတူ လိုက်လုပ်လိုသူတွေ ရှိလာပါသလား။**

ဖြေ တန်ဖိုးသင့်ညစာကို လူသိများလာပြီးတဲ့နောက်မှာ နိုင်ငံအနှံ့ လိုက်ပါလုပ်ဆောင်သူတွေ ဆက်သွယ်လာသူတွေ အများအပြားပေါ်ထွက်လာတာတွေ့ရတယ်၊ ကျွန်တော်လုပ်တဲ့ပုံစံအတိုင်း လက်တွေ့လိုက်ပါ လုပ်ဆောင်သူတွေ တကယ်ကိုရှိလာပါတယ်။

**မေး: တန်ဖိုးသင့်ညစာကို စလုပ်စဉ်က ဘယ်လိုရည်ရွယ်ခဲ့တာပါလဲ။**

ဖြေ တန်ဖိုးသင့်ညစာကို လုပ်ဆောင်ဖြစ်တဲ့ရည်ရွယ်ချက်က ပြည်သူအများ သက်သောင့်သက်သာစွာနဲ့ အာဟာရပြည့်ဝသော အစားအစာများကို ဂုဏ်သိက္ခာရှိရှိ စားသုံးနိုင်စေရေးဖြစ်ပါတယ်။

**မေး: ဆရာရဲ့ တန်ဖိုးသင့်ညစာ အစီအစဉ်ကို ရန်ကုန်မြို့ပေါ်က ကျောင်းအုပ်ဆရာမကြီးတစ်ဦးက လိုက်လုပ်တယ်လို့ ကြားပါတယ်။ သူက ဘယ်လိုပုံစံနဲ့ လုပ်တာပါလဲ။**

ဖြေ ရန်ကုန်မြို့ စမ်းချောင်း အထက ၁ ကျောင်းက ကျောင်းအုပ်ဆရာမကြီးက တန်ဖိုးသင့်နေ့လယ်စာဆိုပြီး လိုက်ပါလုပ်ဆောင်လာတာရှိပါတယ်။ ကလေးသူငယ်ကျောင်းသားတွေကို အာဟာရစုံညွှန်းနည်းပါးတဲ့ junk food များ စားသုံးနေခြင်းထက် အာဟာရပြည့်ဝလတ်ဆတ်သော ဟင်းလျာများကို သက်သာစွာ စားသုံးနိုင်ရန်နှင့် ကျန်းမာရေးပြည့်စုံစေရန် ရည်ရွယ်ကာ လုပ်ဆောင်တယ်လို့ သိရပါတယ်။

**မေး: ကျောင်းတွေမှာ Junk food တွေနဲ့ ပတ်သက်ပြီး ကာကွယ်သင့်တယ်ဆိုတဲ့ ဆောင်းပါးရေးသားတာကိုလည်း တွေ့လိုက်ရပါတယ်။ ဘယ်လိုရည်ရွယ်ချက်နဲ့ ရေးဖြစ်သွားတာပါလဲ။**

ဖြေ ဆောင်းပါးရေးသားတယ်ဆိုတာထက် အတွေးတွေကို တင်ပြတယ်လို့ ဆိုချင်ပါတယ်။ ကျောင်းမုန့်ဈေးတန်းအများအပြား မှာ တွေ့နေရတဲ့ junk food လို့ခေါ်တဲ့ ကယ်လိုရီအများအပြားပါပြီး အခြားအာဟာရစုံညွှန်းပါဝင်မှု နည်းပါးတဲ့ အစားအစာတွေဟာ ကလေးတွေကို အဝလွန်စေခြင်း၊ အသက်ကြီးလာတဲ့အခါ သွေးတိုး၊ နှလုံး၊ ဆီးချို ရောဂါများဖြစ်စေခြင်း၊ စိတ်ကျရောဂါဖြစ်စေခြင်းတို့နှင့် ဆက်နွယ်နေကြောင်း သုတေသန စာတမ်းများအရ သိရှိမှတ်သားရပါတယ်။ ဒါကြောင့် ယင်းမုန့်များအစား သန့်ရှင်းလတ်ဆတ်တဲ့ တန်ဖိုးသင့် နေ့လယ်စာကို ရောင်းချစေချင်တာပါ။ စာဖတ်သူတွေဆီမှာ အတွေးတွေပြန့်ပွားသွားပြီး ကျွန်တော်တွေးမိတာထက် ပိုမိုကောင်းမွန်တဲ့လုပ်ဆောင်ချက်တွေ ပေါ်ထွက်လာစေရေး ရည်ရွယ်ပြီးတော့ ဒီစာတွေကို ရေးခဲ့ရခြင်းဖြစ်ပါတယ်။

**မေး: ပြည်သူ့ဂုဏ်ရည်ဆုလည်း ဒီနှစ်အတွက် ရတယ်လို့ သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးပြောပြပေးပါဦး။**

ဖြေ ပြည်သူ့ဂုဏ်ရည်အထူးဆု ၂၀၁၅ ကိုရရှိခဲ့ပါတယ်။ မျှော်လင့်မထားခဲ့ဘဲ ရတဲ့အတွက် ပြည်သူကပေးသော ပြည်သူ့ဆုကို ရတာဝမ်းသာပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေထဲက ပထမဦးဆုံးရရှိခဲ့တဲ့သူဖြစ်တဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ မိမိတို့လုပ်ပိုင်ခွင့်ဘောင်ထဲကနေ ပြည်သူကို တတ်စွမ်းသရွေ့ စောင့်ရှောက်ပေးနေတဲ့ နိုင်ငံ့ဝန်ထမ်းအားလုံးရဲ့ ကိုယ်စားဒီဆုကို ရရှိတယ်လို့ ခံယူထားပါတယ်။ နောက်နောင်လည်း မိမိရဲ့ လုပ်ပိုင်ခွင့်ဟာ ပြည်သူကိုစောင့်ရှောက်ဖို့ မိမိရဲ့ ရာထူးဟာ ပြည်သူကို အကျိုးပြုစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီထက်မကလည်း လုပ်ပိုင်ခွင့်၊ လုပ်နိုင်စွမ်း နောက်ကနေ ကူညီပံ့ပိုးမယ့် အကူအညီတွေကို အသုံးပြုပြီး ပြည်သူလူထုအကျိုးရှိမယ့် လုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်လိုပါသေးတယ်။

**မေး: တန်ဖိုးသင့်ညစာအတွက် ကူညီပံ့ပိုးကြသူတွေရှိပါသလား။**

ဖြေ တန်ဖိုးသင့်ညစာလုပ်ငန်းအောင်မြင်ရန် ဝိုင်းဝန်းပံ့ပိုးကူညီပေးတဲ့ မိသားစုဝင်များ၊ တပည့်မိသားစုများ၊ လှူဒါန်းပေးကြတဲ့ မိတ်ဆွေသူငယ်ချင်း၊ ဆရာသမားအားလုံးကြောင့်သာ တန်ဖိုးသင့်ညစာ လုပ်ငန်းအောင်မြင်ခဲ့တာဖြစ်ပါတယ်။ ခုဆိုရင် တန်ဖိုးသင့်ညစာဟာ sponsor နှစ်ခုရထားပါတယ်။ လွင်မဆာလာနှင့် london pure နေကြာဆီတို့ပါ။ ဒီထက်မကလည်း နောက်ကိုထပ်ပြီးတိုးချဲ့သွားချင်ပါသေးတယ်။ လက်ရှိလည်းတတ်နိုင်သလောက် ဒီတန်ဖိုးသင့်ညစာကို ဆက်ပြီးလုပ်ဆောင်လျက်ရှိပါတယ်။

စာမျက်နှာ ၃၄ သို့